#róbôt

SYNERGY



# နိုင်းနိုင်းစနေ

## လင်းလက်တဲ့ ချစ်မီးအိမ်

ငါ့ကို ဘယ်အချိန်ထိချစ်မှာ လဲ

"... မတိုလွန်းဘူးလား ... နှစ်တစ်ရာနဲ့ ငါ နင့်ကိုချစ်လို့ မဝနိုင်ပါဘူး..."

ညနေခင်းလေးတစ်ခု လှပတဲ့ ဆည်းဆာနေရောင်က လောက တစ်ခွင်ကို ဖြန့်ကြက်ထားတယ်။ ရှည်လျားတဲ့လမ်းမထက်က စက်ဘီးလေး တစ်စီးပေါ်မှာ ကောင်လေးက ကောင်မလေးကို တင်နင်းလာတယ်။

"ငါ့ကို ဘယ်အချိန်ထိ ချစ်မှာ လဲ"

ကောင်လေးခါးကို ပွေ့ဖက်ထားတဲ့ ကောင်မလေးက ကောင် လေးကျောကိုမှီပြီး ခပ်တိုးတိုးလေး မေးတယ်။ ကောင်လေးရဲ့ အဖြေက ကောင်မလေး စိတ်ကျေနပ်လောက်တဲ့ အမှတ်ပြည့်အဖြေ ဖြစ်မယ် မဟုတ်မှန်း ကောင်မလေး သိနေတယ်။

"ချစ်စရာစကားလေးတွေနဲ့ ဖြေဖို့ အခွင့်အရေးပေးမယ် ..."

ကောင်မလေးက ချွဲနွဲ့ပြီးပြောတော့ ကောင်လေးက စိတ်ပါလက်ပါ စဉ်းစားလိုက်တယ်။

မီးနီနေတုန်း ကောင်လေးက ကောင်မလေးကို လက်"တစ်" ချောင်းထောင်ပြပြီး အဖြေပေးလိုက်တယ်။ ကောင်မလေးက ဝမ်းသာ အားရ "တစ်သက်လုံး"လို့ ပြောတယ်။

ကောင်လေး ရယ်လိုက်တယ်။ ကောင်မလေးရဲ့ အပြော မှန်သွားလို့ မဟုတ်ပါဘူး။ ကောင်မလေးဆီက အပျော်တွေ ကူးစက်သွားလို့ ဖြစ်တယ်။ မီးစိမ်းတော့ ကောင်လေးက စက်ဘီးကိုဆက်နင်းပြီး ကောင်မလေးကို တိုးတိုးလေးပြောတယ်။

"နင့်ကို ငါ ဒီလိုအဖြေမျိုး ပေးမှာ မဟုတ်ဘူး။ ဒီလိုအဖြေမျိုးက လူတိုင်းဖြေတတ်တဲ့ အတွက် မစစ်မှန်သလိုပဲ။ ပြန်စဉ်းစားကြည့်ပါဦး"

ကောင်လေးစကားကို ကောင်မလေးက ခေါင်းညိတ်ထောက်ခံ ရင်း "ဒီလိုဆိုရင်

တစ်ရက်လား"

"ဟား . . . ဟား . . . ငါတို့ချစ်တာတောင် နှစ်လကျော်နေပြီ။ တစ်ရက်၊ တစ်ပတ်၊ တစ်လဆိုတဲ့အဖြေမျိုးက မဖြစ်နိုင်ဘူးလေ"

ကောင်လေးအပြောမှာ ကောင်မလေး ရောယောင်ရယ်ရင်း "တစ်ခုက္ခတော့ မဟုတ်ရပါဘူးနော်"လို့ အသံကျယ်ကြီးနဲ့ မေးတယ်။

ကောင်မလေးအပြောကြောင့် စက်ဘီးလဲမတတ် ကောင်လေး အော်ရယ်မိတယ်။ ကောင်မလေးရဲ့ ဒီလိုရွှတ်နောက်နောက်အပြောနဲ့ ကြည်လင်တဲ့ရယ်သံတွေကို ကောင်လေး သိပ်ချစ်တယ်။ ကောင်မလေး ရဲ့ လက်ကို ကောင်လေး တင်းတင်းဆုပ်ကိုင်ထားလိုက်တယ်။ "ဒီလိုဆိုရင် တစ်နှစ်လား" ကောင်လေး ခေါင်းခါပြလိုက်တယ်။

"ဒီလိုဆိုရင် နှစ်တစ်ရာကွာ။ ငါ့ကို နှစ်တစ်ရာချစ်ရင် ရပြီ"

ကောင်မလေးက စိတ်မရှည်ဘဲ ပြောနေပေမယ့် မျက်နှာပေါ်မှာ အပျော် ရိပ်တွေ သမ်းနေတယ်။

"နှစ်တစ်ရာ... မတိုလွန်းဘူးလားကွာ။ နှစ်တစ်ရာနဲ့ ငါ နင့်ကို ချစ်လို့မဝနိုင်ဘူး"ကောင်လေးရဲ့ စကားလက်နက်က ကောင်မလေးရဲ့ နှလုံးသားထဲ ရှုးရှူးနစ်နစ် ထိုးစိုက်သွားတယ်။ ကောင်မလေးရဲ့ တိုးညှင်းညှင်းရယ်သံက ကောင်လေးကို မီးနီဖြတ်မောင်းရဲတဲ့ အင်အားတွေ ပေးနေတယ်။

"အဖြေကို သိချင်ပြီလား" ကောင်လေး ဖြေချင်နေပြီ။

"ငါ့ကို ဘယ်အချိန်ထိ ချစ်မှာ လဲ" ကောင်မလေးလည်း အဖြေကို ကြားချင်နေပြီ။

ကောင်လေးက လက်တစ်ချောင်းထောင်ပြရင်း "နင် ငါ့ကို မချစ် တော့တဲ့တစ်နေ့ အထိ ငါချစ်နေမယ်"

ကောင်လေးစကားကြောင့် ကောင်မလေး ငေးငိုင်သွားတယ်။

နင် ငါ့ကို မချစ်တော့တဲ့တစ်နေ့အထိ ငါ ချစ်နေမယ်။

အဲဒီ့ တစ်နေ့က ဘယ်လောက်ကြာနိုင်မလဲ။ တိုနိုင်သလို၊ ရှည်နိုင်တယ်။ ထာဝရ၊ တခဏလည်း ဖြစ်နိုင်ပေမယ့် တိကျတဲ့ အဖြေ ဖြစ်ပါတယ်။

# (၂)

အိမ်ထောင်ရေး တိုးကိန်းသီအိုရီ

"လူနှစ်ယောက်ပေါင်းသင်းတဲ့ သီအိုရီက တိုးကိန်းသီအိုရီဖြစ်တယ်..."

သင်တန်းကျောင်းတစ်ကျောင်းရဲ့ နောက်ဆုံးသင်တန်းချိန်က "အိမ်ထောင်ရေး၏ လုပ်ဆောင်မှု နှင့် တီထွင်မှု " အကြောင်းဖြစ်တယ်။ ဟောပြောမယ့်ဆရာက အတန်းထဲဝင်လာပြီး အသင့်ယူလာတဲ့ ကားချပ် တစ်ချပ်ကို ကျောက်သင်ပုန်းပေါ် ချိတ်ဆွဲလိုက်တယ်။ ကားချပ်ပေါ်မှာ က "အောင်မြင်တဲ့ အိမ်ထောင်ရေးအချက် နှစ်ချက်" ဆိုပြီး . . . . .

(၁) လူကောင်းတစ်ယောက်ကို ရှာပါ။

(၂) ကိုယ်ကိုယ်တိုင် လူကောင်းဖြစ်အောင်လုပ်ပါ . . . လို့ ရေးထားတယ်။

ဆရာက "အောင်မြင်တဲ့ အိမ်ထောင်ရေးက ဒီလောက်ကို လွယ်ကူပါတယ်။ တခြားအောင်မြင်တဲ့လျှို့ဝှက်ချက်တွေကိုလည်း သက်ကြီး ရွယ်အိုတွေဆီက အမြဲကြားဖူးကြပါလိမ့်မယ်ထင်ပါတယ်လို့ စကားစလိုက် တာနဲ့ သင်တန်းသားတွေဆီက တွတ်ထိုးသံတချို့ ထွက်လာတယ်။ သင်တန်းသားအများ စုက အိမ်ထောင်ရှိသူတွေဖြစ်ပါတယ်။

တအောင့်ကြာတော့ အသက် (၃၀)အရွယ် အမျိုးသမီးတစ်ဦး ထရပ်ပြီး "တကယ်လို့ ဒီအချက်နှစ်ချက်စလုံးကို မလုပ်နိုင်ခဲ့ဘူးဆိုရင်ရော" လို့ ဆရာ့ကို မေးတယ်။

ဆရာက "မလုပ်နိုင်ခဲ့ရင် အချက် (၄)ချက် ဖြစ်သွားလိမ့်မယ်"လို့ ပြောပြီး နောက် ကားချပ်တစ်ခုကို ချိတ်ဆွဲလိုက်တယ်။

(၁) သည်းခံပါ။ ကူညီပါ။ ကူညီတာ အလိုမကျရင် သည်းခံပါ။

(၂) သည်းခံတာကို အကျင့်ဖြစ်အောင် လုပ်ပါ။

(၃) ရိုးသားတဲ့စရိုက်လေးပါအောင် ကျင့်ပါ။

(၄) ရိုးသားတဲ့စရိုက်ကို တစ်သက်လုံးကျင့် သွားပါ။

အချက်(၄)ချက်ကို ဆရာရွတ်မပြီးခင် သင်တန်းသားတွေ လှုပ်လှုပ်ရွရွဖြစ်လာကြတယ်။ ဒါမဖြစ်နိုင်ဘူး။ ဒီလိုလုပ်နိုင်မှာ မဟုတ်ဘူး ဆိုတဲ့ တီးတိုးသံတချို့ လွင့်လာတယ်။ အားလုံးငြိမ်သက်သွားချိန်ရောက်မှ ဆရာက "တည်ငြိမ်တဲ့ အိမ်ထောင်ရေးတစ်ခု ရှိချင်တယ်။ ဒီ (၄)ချက် ကိုလည်း မလုပ်နိုင်ဘူးဆိုရင် အောက်ကအချက်(၁၆)ချက်ကို လုပ်နိုင် ရမယ်"လို့ ပြောလိုက်တယ်။

ဆရာက နောက်ကားချပ်တစ်ချပ်ကို ချိတ်ဆွဲလိုက်ပြန်တယ်။

(၁) မတူတဲ့ အချိန်မှာ စိတ်တို၊ ဒေါသထွက်ကြပါ။

(၂) မလိုအပ်ရင် စကားပြောတဲ့အချိန်မှာ အော်မပြောပါနဲ့။

(၃) ရန်ဖြစ်၊ အငြင်းပွားတဲ့အခါ တစ်ဖက်လူကို အနိုင်ပေးလိုက်ပါ။

(၄) ဒီနေ့ငြင်းခဲ့တာကို မနက်ဖြန်အထိ သယ်မ သွားပါနဲ့။

(၅) ငြင်းခုံရန်ဖြစ်ပြီး အမေ့အိမ်ပြန်တာပဲဖြစ်ဖြစ်၊ အပြင်ထွက်သွားတာပဲ ဖြစ်ဖြစ် အချိန် (၈)နာရီထက် မကျော်ပါစေနဲ့။

(၆) ဝေဖန်တဲ့ စကားမှာ မေတ္တာပါပါစေ။

(၇) ကိုယ့်အမှား ကို တောင်းပန်တတ်ဖို့ အမြဲအသင့်ပြင်ထားပါ။

(၈) ကိုယ့်အကြောင်း သွားပုပ်လေလွင့် သတင်းကြားတဲ့အခါ ဟာသလို သဘောထားပြီး ရယ်ပစ်ပါ။

(၉) တစ်လကို တစ်ညလောက် သူ့အတွက် လွတ်လပ်တဲ့ အချိန်ပေးပါ။

(၁၀) ဒေါသစိတ်နဲ့ အိပ်ရာမဝင်ပါနဲ့။

(၁၁) သူ အိမ်ပြန်ချိန်မှာ ကိုယ် အိမ်မှာ ရှိနိုင်ဖို့ ကြိုးစားပါ။

(၁၂) တစ်ဖက်လူက မနောင့်ယှက်စေချင်ရင် မနှောင့်ယှက်မိအောင် ကြိုးစားပါ။

(၁၃) ဖုန်းမြည်တဲ့အချိန် တစ်ဖက်လူ အရင်ကိုင်ပါစေ။

(၁၄) အိတ်ကပ်ထဲ ငွေဘယ်လောက်ရှိတယ်ဆိုတာကို အမြဲ စာရင်းပေးပါ။

(၁၅) ငွေမရှိတဲ့ နေ့ရက်ကို ဖျက်ဆီးနိုင်အောင် ကြိုးစားပါ။

(၁၆) ကိုယ့်မိဘကိုပေးတဲ့ ငွေက တစ်ဖက်မိဘကိုပေးတဲ့ ငွေထက် နည်း ပါစေ။

(၁၆)ချက်ကို ဆရာရွတ်ပြီးသွားတော့ သင်တန်းသားတချို့က ရယ်ကြတယ်။ တချို့က သက်ပြင်းချကြတယ်။ ဆရာက ဆက်ပြီး "တကယ် လို့ ဒီ(၁၆)ချက်ကို မလုပ်နိုင်သေးဘူးဆိုရင် အောက်ကအချက် (၂၅၆)ချက်ကို လုပ်ရလိမ့်မယ်။ လူနစ်ယောက် ပေါင်းသင်းတဲ့ သီအိုရီက တိုးကိန်းသီအိုရီ ဖြစ်တယ်။ ရှေ့ကအခြေခံအချက်တွေပေါ်မှာ နှစ်ထပ် တိုးသွား တာဖြစ်တယ်"

အဲဒီ့နောက် ဆရာက အချက် (၂၅၆)ချက်ကို ရေးလိုက်တယ်။

"အဲဒီ့ အခြေအနေကို ရောက်သွားတဲ့ အိမ်ထောင်ရေးက အန္တရာယ်နဲ့ အရမ်းနီးနေပြီ" လို့ပြောပြီး သင်ခန်းစာကို အဆုံးသတ် လိုက်ချိန်မှာ တစ်ခန်းလုံး လက်ခုပ်သံတွေဟိန်းသွားတယ်။ ဟောပြောပွဲ ပြီးကြောင်း ကြေညာပြီးပေမယ့် တချို့သင်တန်းသားတွေက မလှုပ်မယှက် ထိုင်နေကြတယ်။ သူတို့မျက်နှာပေါ်မှာ မျက်ရည်တွေ စီးဆင်းနေတယ်လေ။

မူရင်း http://www.ntuee78.org/essay

# (၃)

စိတ်ကူးချစ်သူ

"ကျွန်မရဲ့ အချစ်ကို သူ တန်ဖိုးထားသလို ကျွန်မရဲ့ အားနည်းချက်တွေကို သူ ချစ်သတဲ့..."

ကျွန်မမှာ အရပ် (၁၈၀)စင်တီမီတာမြင့်တဲ့ ချစ်သူတစ်ယောက် ရှိတယ်။ ရုပ်ရည်က ကျွန်မကြိုက်တဲ့ ဂျပန်မင်းသား ကီမူရာတကုယနဲ့ တစ်ပုံစံတည်း။ ဂိုင်းဘောင်းဘီကြိုက်သူ၊ ကော်ဖီကြိုက်သူ၊ ဘယ်လို ကြည့်ကြည့် မိုက်နေတာပဲ။ ကျွန်မတို့က ကိုယ့်ဘာသာလွတ်လွတ်လပ်လပ် နေကြပြီး တစ်ပတ်မှာ တစ်ခါ၊ နှစ်ခါပဲတွေ့ကြတယ်။ ကျွန်မတို့နှစ်ဦးစလုံး ရည်မှန်းချက်ကိုယ်စီနဲ့ အလုပ်ကြိုးစားကြတယ်။ "As Good as It Gets"

ရုပ်ရှင်ထဲက မင်းသားဂျက်နီကိုလ်စင်က မင်းသမီးဟယ်လင်ဟန့်ကို ချီးကျူးသလိုပေါ့။ "မင်းကြောင့် ငါ လူကောင်းတစ်ယောက် ပိုဖြစ်ချင် လာတယ်" ဆိုတဲ့ အတိုင်း ကျွန်မတို့ တစ်ဦးအပေါ်တစ်ဦး နားလည်ကြတယ်။ လူကောင်းတွေ ပိုဖြစ်ချင်ကြတယ်။

ဖုန်းထဲက ကျွန်မရဲ့ "ဟယ်လို" ဆိုတဲ့ အသံကို ကြားရုံနဲ့ ကျွန်မ ဘာဖြစ်နေမှန်း သူသိတယ်။ နားလည်ပေးမှု က ဘာလဲဆိုတာကို ကျွန်မ သဘောပေါက်လာတယ်။

တွေ့ဆုံတိုင်း ကျွန်မရဲ့ ခေါင်းကို ပွတ်သပ်ပြီး "ဟန်နီ ဒီတစ်ပတ် လိမ်မာရဲ့လား"ဆိုတဲ့ သူ့အမေးကြောင့် အချစ်ခံရတာ က ဘာလဲဆိုတာကို ကျွန်မ သဘောပေါက်စပြုလာတယ်။

ဟတ်ချိုးချတိုင်း ပါးစပ်မပိတ်တတ်တဲ့ ကျွန်မကို "ကိုယ်တို့ လင်မယားလိုပဲ" လို့ရယ်မောပြောတတ်တဲ့ သူ့ကြောင့်လွတ်လပ်မှု က ဘာလဲ ဆိုတာကို ကျွန်မ စသဘောပေါက်လာတယ်။

"ကိုယ်လုပ်လိုက်မယ်"ဆိုတဲ့ သူ့ရဲ့ ဦးဆောင်ချင်မှု ကြောင့်

ဘယ်လိုဆုံးဖြတ်ချက်ချရင် ကောင်းမလဲဆိုတဲ့ ဦးနှောက်စားတဲ့ကိစ္စတွေကို ကျွန်မ တွေးတောစရာ မလိုတော့ဘူး။

"ဆောရီးနော်" ဆိုပြီး သူ့အပြစ်တွေ အတွက် မွေ့ဖွ ကလာတတ်တဲ့ သူ့ကြောင့်ကျွန်မ ဆိုးချင်တိုင်း ဆိုးလို့ရခဲ့တယ်။

ညအိပ်ရာမဝင်ခင် ဖုန်းဆက်ပြီး နှစ်နှစ်ခြိုက်ခြိုက်အိပ်ဖို့ နှုတ်ဆက် တတ်တဲ့ သူ့ကြောင့် ညအမှောင်ရောက်လာမှာ ကို ကျွန်မ မကြောက် တော့ဘူး။

"မကြောက်နဲ့။ ဟန်နီ့အနားမှာ ကိုယ် အမြဲရှိတယ်"ဆိုတဲ့ သူ့ရဲ့ အားပေးစကားကြောင့် ဘဝကိုရင်ဆိုင်ဖို့ ကျွန်မ ယုံကြည်မှု တွေ ပိုလာတယ်။

ပြီးတော့ ကျွန်မနဲ့ အတူ ရှော့ပင်းထွက်တိုင်း မောတယ်ပန်းတယ် လို့ ဘယ်တော့မှမညည်းညူဘူး။ အင်္ကျီတွေယူပြီး ဘယ်တစ်ထည် လှသလဲလို့ မေးလိုက်တိုင်း ကျွန်မကို သေချာကြည့်ပြီး "ဟန်နီ ဘာဝတ်ဝတ် လှတယ်" တဲ့လေ။

ဆူညံနေတဲ့ ကော်ဖီဆိုင်မှာ ကျွန်မနဲ့အတူထိုင်ပြီး အိုင်းစတိုင်း အကြောင်း ပြောတတ်သလို စည်းကမ်းကြီးတဲ့ ကျွန်မမေမေကို သူ့စိတ်ထဲက ကြောက်နေပေမယ့် မေမေနဲ့အတူ စကားတွေ ပြော တတ်တယ်။

ကျွန်မဘေးမှာ သူ မရှိတဲ့အချိန် ကျွန်မကိုယ် ကျွန်မ ရပ်တည် နိုင်တယ်ဆိုတာ သူ သိတယ်။ (၂၄)နာရီရဲ့ စက္ကန့်တိုင်းမှာ သူ့ကို ကျွန်မ လွမ်းနေတယ်ဆိုတာ သူသိတယ်။ ကျွန်မရဲ့ အချစ်ကို သူ တန်ဖိုးထား သလို ကျွန်မရဲ့ အားနည်းချက်တွေကို သူချစ်သတဲ့။ သူ့ရဲ့ အကြင်နာ၊ အယုယတွေက ကျွန်မ အတွက်ပဲလေ။

ဩော်... ပြောဖို့မေ့နေလိုက်တာ။ ကျွန်မ ချစ်သူနာမည်က "စိတ်ကူး"တဲ့။

ဒီစာကိုဖတ်နေရင်း စာထဲကကောင်မလေးကို အားကျမိတယ်။ စာကို ပြုံးရင်းဖတ်မိသလို ဖတ်နေရင်းလည်း ကြည်နူးမိတယ်။ ဒါပေမယ့် အောက်ဆုံးစာကြောင်းကိုလည်းဖတ်မိရော "အင်း... ဒီလိုပဲ ဖြစ်ရမယ်" ဒါမှမဟုတ် "ဟင် . . .

အဲဒီ့လိုကြီးလား”လို့ ခံစားမိပြီး ဖတ်လေ သမျှ သဲရေကျမိမလား။

ဒီစာကို မိန်းကလေးဘက်ကမဟုတ်ဘဲ ယောကျ်ားလေးဘက် ကနေ ခံစားရေးဖွဲ့ပြီး အဆုံးသတ်စကားလုံးချင်း တူညီခဲ့ရင် “အင်း . . . ဒီလိုပဲဖြစ်ရမယ်” လို့ တွေးမိကြမလား။

လူတိုင်းရဲ့ စိတ်ကူးထဲကချစ်သူက ခြောက်ပစ်ကင်းတွေပါ။ ကိုယ့်အပေါ် နားလည်စာနာပေးသူ၊ သနားကြင်နာတတ်သူ၊ မလိမ်မညာ ကိုယ်ချင်းစာတတ်တဲ့ချစ်သူကို အပြင်မှာ လည်း လူတိုင်း ပိုင်ဆိုင်ချင် ကြတာပဲ။ ဒီလိုချစ်သူကိုရဖို့ ကိုယ့်ဘက်ကစပြီး နားလည်ပေးတတ်ဖို့၊ စာနာပေးတတ်ဖို့ လိုအပ်ပါတယ်။ ချစ်သူတွေကြားမှာ တချို့ကိစ္စက နှစ်ဦးနှစ်ဖက် နားလည်ခွင့်လွှတ်မှ ပြီးပြည့်စုံသွားတတ်တယ်။ ဒါမှ စိတ်ကူးထဲကချစ်သူနဲ့ အပြင်ကချစ်သူ တစ်ထပ်တည်းတူနိုင်မှာ ဖြစ်တယ်။

“မင်းကြောင့် ငါ လူကောင်းတစ်ယောက် ပိုဖြစ်ချင်လာတယ်”တဲ့။

“မင်းကြောင့် ငါ သူ့ကို လိမ်လိုက်တယ်” ဆိုတာမျိုး ဘယ်သူမှ မကြုံပါစေနဲ့လို့ . . .

# (၄)

ချစ်သူကို ဘယ်အချိန်မှာ ဖုန်းဆက်တတ်သလဲ

ချစ်သူကို ဘယ်အချိန်မှာ ဖုန်းဆက်တတ်သလဲ .....

(၁) အိပ်ရာနိုးနိုးချင်း

(၂) လမ်းမပေါ်မှာ

(၃) အလုပ်ချိန်မှာ

(၄) အိပ်ရာမဝင်ခင်

(၅) ဆက်ချင်တဲ့ အချိန်ဆက်တယ်။

ဖတ်ဖူးတာလေးပါ။ ပျော်ပျော်ပါးပါး စမ်းကြည့်ကြတာပေါ့။ ကိုယ် ဘယ်လို လူမျိုးလဲ။

(၁) အိပ်ရာနိုးနိုးချင်း ဆက်တတ်သူ

အချစ်နဲ့ ပတ်သက်လာရင် သင်ဟာ အရင်လှုပ်ရှားတတ်သူ ဖြစ်တယ်။ သင်ဟာအခွင့်အရေးကောင်းနဲ့ကြုံရင် လက်မလွှတ်တတ်သူ ဖြစ်တယ်။ "အချစ်စစ်သူရဲကောင်း" အမျိုးအစားဖြစ်တယ်။ အချစ် အတွက် ပျော်ပျော်ကြီး စွန့်လွှတ်အနစ်နာခံရဲသူ ဖြစ်တယ်။ ချစ်သူဆီက ဘာမှမမျှော်ကိုးဘဲ ပေးဆပ်သူ၊ ချစ်သူကျေနပ်အောင် ကြင်နာသူ၊ ချစ်သူ ဆီက ဘာတုံ့ပြန်မှု မရလည်း အပြစ်မတင်တတ်သူဖြစ်တယ်။ အချစ်မှာ သင်ဟာ ပျော်ပျော်နေတတ်ပေမယ့် အကြံတစ်ခုတော့ ပေးချင်တယ်။ ချစ်သူအပေါ်ထားတဲ့ သင့်ရဲ့ ကြင်နာယုယမှု တွေဟာ ချစ်သူအတွက် အကျင့်ဖြစ်မသွားစေပါနဲ့။ ချစ်သူဆိုတာ နှစ်ဦးနှစ်ဖက်အပေးအယူမျှဖို့ လိုတယ်။ သင့်အတွက် အလိုက်ဖက်ဆုံးလူဟာလည်း သင့်ကို ချစ်ခင် ကြင်နာတဲ့သူ၊ သင့်ကို တန်ဖိုးထားသူပဲ ဖြစ်သင့်ပါတယ်။

(၂) လမ်းပေါ်မှာ ဆက်တတ်သူ

အချစ်ကြောင့် အရသာမပျက်တတ်သူ၊ ဘဝမှာ ပျော်ပျော် နေတတ်သူဖြစ်ပြီး အချစ်မရှားသူဖြစ်တယ်။ ဘဝရဲ့ ထောင့်တစ်နေရာရာ ကနေ ကိုယ့်အတွက် ပျော်ရွှင်မှု ကို ရှာတတ်သူဖြစ်ပြီး နစ်ဦးနစ်ဖက်ရဲ့ အပြောအဆိုကို အလွန်ဂရုစိုက်တတ်သူဖြစ်တယ်။ ချစ်သူဘာကိုအလိုရှိ သလဲဆိုတာ သင်သိသင့်ဖို့အတွက် အကြံတစ်ခုပေးချင်ပါတယ်။ သင်ဟာ စန်းပွင့်သူဖြစ်ပေမယ့် တစ်ယောက်တည်းကိုပဲ သတ်သတ်မှတ်မှတ်ချစ်တဲ့ အချစ်ကမှ သင်နဲ့ အသင့်တော်ဆုံးဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သင့်ရဲ့ စိတ် တစ်ခုတည်းကို လူအများ ကို ခွဲဝေပေးဖို့ မဖြစ်နိုင်လို့ပါပဲ။

(၃) အလုပ်ချိန်မှာ ဆက်တတ်သူ

သင်ဟာ အချစ်လူရိုးကြီးပါ။ ရိုမန်တစ်မဆန်သလို နားဝင်ချိုတဲ့ စကားကိုလည်းပြောခဲသူဖြစ်တယ်။ အချစ်ဆိုတာ ဘဝရဲ့ တစ်စိတ် တစ်ဒေသလို့ ထင်သူဖြစ်တယ်။ သင်ဟာ အချစ်ကို ချစ်သော်လည်း အချစ်ကြောင့် ခေါင်းမစားသူဖြစ်တယ်။ သင့်အတွက်အကြံက အချစ်ကို သင် စတင်တော့မယ်ဆိုရင် သူငယ်ချင်းအဆင့်ကနေ တဖြည်းဖြည်း စတင်တာဟာ အကောင်းဆုံးဖြစ်တယ်။ ဒါပေမဲ့ သူငယ်ချင်းအဆင့်ပဲ ရှိသေးတယ်။ သူငယ်ချင်းအဖြစ်နဲ့တော့ မရပ်စဲမိဖို့ လိုလိမ့်မယ်။

(၄) အိပ်ရာမဝင်ခင် ဆက်တတ်သူ

သင်ဟာ အချစ်ရဲ့ ကျေးကျွန်ဖြစ်တယ်။ အချစ်ကို ကိုးကွယ်သူ ဖြစ်တယ်။ ချစ်သူက သင့်အပေါ် နည်းနည်းကောင်းပြ၊ ကြင်နာပြတာနဲ့ သင်ဟာ သူ့အပေါ် ဆယ်ဆပြန် ကောင်းလိုက်တတ်တယ်။ ချစ်သူ အလိုရှိတာကို ပါးစပ်ဟလိုက်တာနဲ့ သင်က ဘာမဆို အားလုံးအိုကေ စေရမယ်ဆိုတဲ့ အမျိုးအစားဖြစ်တယ်။ သင့်ကို အကြံတစ်ခုပေးချင်ပါတယ်။

တစ်ခါတလေမှာ အချစ်ဆိုတာ တရားမမျှတတဲ့ ကစားနည်းပါ။ ပေးဆပ်မှု နဲ့ ရယူမှု ကဘယ်တော့မှ တစ်ထပ်တည်းမကျဘူး။ ဒါကြောင့် အချစ်ခွဲထဲ အရမ်းနစ်ဝင်မ သွားပါနဲ့။ နောက် သင့်မှာ အချစ်အတွက် တိုင်ပင်ဖော်လေး လိုပါတယ်။ ဥပမာ-သူငယ်ချင်း သို့

မဟုတ် အိမ်သူအိမ်သား။ သူတို့က သင့်အတွက် အကြံဉာဏ်ကောင်းတွေ ပေးနိုင်ပါလိမ့်မယ်။

(၅) ဆက်ချင်တဲ့ အချိန် ဆက်တတ်သူ

ချစ်သူကိုယ်ပေါ်ကနေ ကိုယ်လိုချင်တဲ့ အရာကို ရှာဖွေတတ်သူ ဖြစ်တယ်။ ချစ်သူလို တစ်မျိုး၊ သူငယ်ချင်းလိုတစ်မျိုး ကူညီစောင့်ရှောက် တတ်သူလည်း ဖြစ်တယ်။ တခြားသူနဲ့ ခင်မင်သွားလည်း ချစ်သူအပေါ် အချစ်မပြောင်းတတ်သူဖြစ်တယ်။ အကြံတစ်ခုပေးချင်တာက ချစ် သက်တမ်းကြာလေလေ ချစ်သူရဲ့ အပြစ်အနာအဆာကို တွေ့မြင်နိုင်ဖို့ ခဲယဉ်းလေလေ ဖြစ်တတ်တာကြောင့် ချစ်သူအပေါ် မကျေနပ်တာ၊ အလိုမကျတာတွေကို စိတ်ထဲမှာ သိမ်းမထားဘဲ ချက်ချင်း ထုတ်ဖော် ပြောသင့်တယ်။ အလိုမကျတာတွေကို ရင်ထဲမှာ ပဲ သိမ်းဆည်းထားရင် နောက်ဆုံးမှာ အင်အားပြင်းတဲ့ မီးတောင်အဖြစ် ပေါက်ကွဲနိုင်ပါတယ်။

## (၅)

အချစ် . . . . . ဘဝ

တစ်နေ့မှာ "ပလေတို"က ဆရာဖြစ်သူ "ဆိုကရေးတီး"ကို . . .

"အချစ်ဆိုတာ ဘာလဲ" လို့ မေးသတဲ့။ ဆိုကရေးတီးက ပလေတိုကို ဂျုံခင်းထဲ နောက်ပြန်မလှည့်စတမ်းတစ်ခေါက်သွားစေပြီး သွားရာလမ်းတလျှောက်မှာ အကောင်းဆုံး၊ အကြီးဆုံးဂျုံနှံတစ်ခုကို ခူးစေ တယ်။

ဆရာခိုင်းတာ သိပ်လွယ်တယ်ထင်တဲ့ ပလေတိုက ကိုယ့် ကိုယ်ကိုယ် ယုံကြည်မှု အပြည့်နဲ့ ဂျုံခင်းထဲဝင်တယ်။ နေ့တစ်ဝက် ကုန်တဲ့အထိ သူဟာ ဂျုံခင်းထဲမှာ ပဲရှိနေပြီး နောက်ဆုံးမှာ လက်ဗလာနဲ့ ခေါင်း ငိုက်စိုက်ပြန်လာရတယ်။ ဆိုကရေးတီး ရှေ့ရောက်တော့ . . .

"အကောင်းဆုံးလို့တွေ့တဲ့ဂျုံနှံကို ကျွန်တော် တွေ့ပါတယ်။ ဒါပေမဲ့ တစ်နှံပဲခူးရမယ်ဆိုတော့ အကောင်းဆုံးမှ ဟုတ်ပါ့မလားလို့ထင်ပြီး မခူးခဲ့ဘဲ ဒီ့ထက်ကောင်းတဲ့အနှံ ရှိဦးမယ်ဆိုတဲ့အတွေးနဲ့ ယာခင်း အဆုံးထိ ကျွန်တော်ရောက်ပြီးမှ လက်ထဲ ဘာမှမပါမှန်း သတိထား မိတော့တယ်" လို့ ပြောတော့ ဆိုကရေးတီးက . . .

"ဒါ . . . . အချစ်"လို့ ပြောပြတယ်။

တစ်နေ့မှာ ပလေတိုက ဆရာဆိုကရေးတီးကို "လက်ထပ်ခြင်း ဆိုတာ ဘာလဲ" လို့ မေးပြန်သတဲ့။ ဆိုကရေးတီးက ပလေတိုကို ထင်းရှူးတောထဲ နောက်ပြန်မလှည့်စတမ်း တစ်ခေါက်သွားစေပြီး သွားရာ လမ်းတလျှောက်မှာ ခရစ်စမတ်အတွက် အသုံးပြုဖို့ အကောင်းဆုံး ထင်းရှူးပင်တစ်ပင်ကို ယူစေတယ်။

ထင်းရှူးပင်နဲ့ ပလေတို ပြန်လာတဲ့အခါ...

"ဒါက အကောင်းဆုံးထင်းရှူးပင်လား" လို့ ဆိုကရေးတီးက မေးတော့

"တစ်ပင်ပဲယူရမယ်ဆိုလို့ အကောင်းဆုံးကို တွေ့လိုတွေ့ငြား လိုက်ရှာရင်း

မဆိုးဘူးလို့ထင်တဲ့အပင်ကိုတွေ့တော့ ကျွန်တော့်မှာ အချိန်ရော၊ အင်အားပါ ကုန်ခမ်းနေတာကို သတိပြုလိုက်မိတယ်။ ဒါကြောင့် အကောင်းဆုံးလားဘာလားဆိုတာ ဂရုမစိုက်တော့ဘဲ ယူပြန်လာခဲ့တာပါ" လို့ပြန်တော့ . . .

ဆိုကရေးတီးက . . .

"အဲဒါ လက်ထပ်ခြင်း"လို့ ပြောပြခဲ့တယ်။

တစ်နေ့မှာ ပလေတိုက ဆရာဆိုကရေးတီးကို . . .

"တိတ်တိတ်ပုန်းဆိုတာ ဘာလဲ" လို့ မေးပြန်သတဲ့။ ဒီတစ်ခါ ဆိုကရေးတီးက ပလေတိုကို တောထဲတစ်ခေါက် လမ်းလျှောက် စေပြန်တယ်။ ဒီတစ်ကြိမ်မှာ ခေါက်တုန့်ခေါက်ပြန် လျှောက်လို့ရပြီး သွားရာလမ်းတလျှောက်က အလှဆုံးပန်းတစ်ပွင့်ကို ယူခိုင်းစေတယ်။

ဒီတစ်ခါလည်း ပလေတိုက ယုံကြည်မှု အပြည့်နဲ့ ထွက်လာပြန် တယ်။ နှစ်နာရီနီးပါးကြာတော့ စိတ်မသက်မသာနဲ့ အရောင်စုံပြီး အနည်းငယ်ညှိုးနွမ်းနေတဲ့ ပန်းတစ်ပွင့်ကို ယူဆောင်လာတယ်။

"ဒါက အလှဆုံးပန်းလား" လို့ ဆိုကရေးတီးက မေးတော့ . . .

"နှစ်နာရီနီးပါး ကျွန်တော်လိုက်ရှာတော့ အလှဆုံးလို့ထင်ရတဲ့ ဒီပန်းကို ကျွန်တော်တွေ့ပြီး ခူးလာတယ်။ အပြန်လမ်းမှာ ပန်းက တဖြည်းဖြည်း ညှိုးနွမ်းသွားတယ်"လို့ ပြောတော့ ဆိုကရေးတီးက . . .

"အဲဒါ တိတ်တိတ်ပုန်း" လို့ ဆိုတယ်။

တစ်နေ့မှာ တော့ ပလေတိုက ဆိုကရေးတီးကို . . .

"ဘဝဆိုတာ ဘာလဲ" လို့ မေးပြန်သတဲ့။ ဆိုကရေးတီးက အထက်ကအတိုင်း ပလေတိုကို တောထဲတစ်ခေါက် လမ်းလျှောက်စေ တယ်။ ဒီတစ်ကြိမ်မှာ ခေါက်တုန့်ခေါက်ပြန် လျှောက်လို့ရပြီး သွားရာ လမ်းတလျှောက်က အလှဆုံးပန်းတစ်ပွင့်ကို ယူခိုင်းတယ်။

သင်ခန်းစာရထားဖူးတော့ ပလေတိုက သတိရှိရှိနဲ့ ထွက်လာ ပြန်တယ်။ သုံးရက်သုံးည လွန်မြောက်တဲ့ အထိ ပလေတိုပြန်မလာလို့ ဆိုကရေးတီးက လိုက်ရှာတော့ တောအုပ်တစ် နေရာမှာ ပလေတို တဲထိုးပြီးနေနေတာကို တွေ့လိုက်တယ်။

"အလှဆုံးပန်းကို ရှာတွေ့ ပြီလား" လို့ မေးတော့ ပလေတိုက ပန်းတစ်ပွင့်ကို ထိုးပြပြီး . . .

"ဒီတစ်ပွင့်ကို အလှဆုံးလို့ဆိုနိုင်မလားလို့" မေးတယ်။

"ဒါဆို ဘာလို့ ခူးမပြန်လာတာလဲ"

"ကျွန်တော်ခူးလိုက်ရင် ပန်းက နွမ်းသွားတော့မယ် ကျွန်တော် မခူးရင်လည်း သူ နွမ်းသွားမယ်ဆိုတာ သိပါတယ်။ ဒါကြောင့် လှလှပပဖူးပွင့်နေတာကိုကြည့်ပြီး သူညှိုးနွမ်းသွားမှ နောက်တစ်ပွင့်ကို ကျွန်တော် ထပ်ရှာတော့မယ်။ ဒါ ကျွန်တော်တွေ့ခဲ့တဲ့ ပန်းထဲက အလှဆုံး ဒုတိယပန်းတစ်ပွင့်ပါပဲ"

"အင်း... ဘဝရဲ့ အဓိပ္ပာယ်ကို မင်း နားလည်ပြီပဲ" လို့ ဆိုကရေးတီး က ပလေတိုကို ပြောပါတယ်။

(၆)

အချစ် သုည ဒသမသာစ်မီလီမီတာ

"၀.၁ မီလီမီတာရှိတဲ့ စာရွက်တစ်ရွက်ကို (၄၂)ခါလောက် အထပ်ထပ်ခေါက်လိုက် ခေါက်လို့ရတဲ့အမြင့်က လကမ္ဘာကိုတောင် ရောက်နိုင်တယ်"

ဒီစာကြောင်းရဲ့ ဆိုလိုချက်က နားမရှင်းဖြစ်နေသလား။ အောက် ကစာကို ဆက်ဖတ်လိုက်ပါ။

ဒီနေ့ဟာ နေ့ထူးနေ့မြတ်ဖြစ်တယ်။ ကောင်းချီးပေးဖို့ လူတွေ အများ ကြီး ရောက်နေကြတယ်။ နေ့ရက်များ စွာ ဖြတ်ကျော်ပြီးမှ ငါ့လက်ထပ်ခွင့်ကို နင် ခေါင်းညိတ်ခဲ့တယ်။ ငါနဲ့ တစ်သက်တာလက်တွဲ ဖို့ နင် ခွင့်ပြုခဲ့တယ်။

ငါတို့ ချစ်သူဖြစ်ခဲ့တာ အခုဆိုရင် (၄)နှစ်၊ (၇)လ၊ (၁၀) ရက်ရှိခဲ့ပြီ။ ရက်ပေါင်း (၁၆၀၀)ကျော်ကာလမှာ ဖြစ်ပျက်ခဲ့တဲ့ အတိတ်တွေကို နင် မှတ်မိဦးမလား။

နင့်ကို ငါ ချစ်ရေးဆိုတုန်းက နင်ပြောခဲ့တဲ့ စကားကို မှတ်မိ သေးလား။

"တကယ်လို့ ငါ့ကို နင်ချစ်တဲ့ အချစ်လောက် ငါမချစ်ခဲ့ရင် နင် ကျေနပ်မှာ လား"

"ကိစ္စမရှိဘူး။ ငါ့ကို နင် ချစ်လာအောင် ငါလုပ်နိုင်တယ်"

ဘယ်ကရောက်လာမှန်းမသိတဲ့ သတ္တိနဲ့ နင့်စကားကို ငါ ပြန်ချေပခဲ့တယ်။ နင်နဲ့ ချစ်သူဖြစ်စက ငါတို့ချစ်ခြင်းကို လူတွေက အကောင်းမမြင်ကြဘူး။ ငါဟာ နင့်အတွက် အပျင်းပြေလို့ ပြောကြသလို ငါဟာ နင့်ခံစားချက်အတွက် အရုပ်တစ်ရုပ်လို့လည်း ပြောကြတယ်။ သွေးထိုးကြတဲ့ ပတ်ဝန်းကျင် ကြောင့် ဒီအချစ်ကို ငါ လက်လွှတ်လိုက်မယ် လို့ ခဏခဏတွေးမိတယ်။ ဒါပေမယ့် အင်အားတစ်ခုခုက ငါ့ကို တောင့်ခံထားသလို ခံစားမိလို့ ဆုံးဖြတ်ချက်အမှား :တစ်ခုကို ငါ ဖွတ်တရွတ် မချမိဘူး။

အဲဒီ့လိုဆုံးဖြတ်ချက်မျိုး မချခဲ့လို့ဘဲ ဒီနေ့ဒီအချိန်မှာ နင်နဲ့ ထာဝရလက်တွဲခွင့်ရတာ ပေါ့။

ချစ်သူတွေဖြစ်စက ငါတို့ဟာ အဖြစ်သည်းတဲ့ချစ်သူနဲ့မတူဘဲ သူငယ်ချင်းနဲ့ ပိုတူကြတယ်။ ငါတို့ကြားမှာ ချစ်တင်းနှီးနှောတဲ့ အပြုအမူတွေ မရှိဘူး။ နင့်ရဲ့ စဉ်းစားဉာဏ်က ထိတွေ့ခံစားမှု ထက် ပိုတယ်။

နင့်လက်ကိုတွဲ ဖို့ကြိုးစားတဲ့ ငါ့လက်ကို နင် ကျွမ်းကျင်စွာ ရှောင်တယ်။ ရှောင်တဲ့ အကြောင်းရင်းကို ငါသိပါတယ်။ နင့်အချစ်က ငါချစ်သလောက် မရှိလို့၊ ငါ့ကိုနင် ဘယ်လောက်ချစ်မှန်းလည်း နင့်ကိုယ်နင် မသိလို့ မဟုတ်လား။

တကယ်လို့ အချစ်မှာ မပုပ်မသိုးအောင် သိုလှောင်ထားတဲ့ ကန့်သတ်ရက်တွေ ရှိမယ်ဆိုရင် နင်နဲ့ငါ ချစ်သူတွေဖြစ်နေတဲ့ကာလက သေချာထုပ်ပိုးမထားတဲ့ စည်သွပ်ဗူးလိုပဲ ပုပ်သိုးလွယ်မှာ သေချာတယ်။

ချစ်သူသက်တမ်းတလျှောက် မကျေနပ်ချက်နဲ့ အလိုမကျမှု တွေက ရှိတတ်စမြဲပဲ ။ ဒါပေမဲ့ နင့်ကို ငါ ဖွင့်မပြောရခဲ့ဘူး။ ငါချစ် သလောက် နင်မချစ်လို့ ငါ ဖွင့်ပြောရမှာ ကြောက်တယ်။ နင် ငါ့ကို ထားသွားမှာ ကို ငါ တွေးကြောက်တယ်။ ငါ့ရဲ့ မကျေနပ်ချက် တွေကို ငါ့ အရင်းနှီးဆုံး သူငယ်ချင်းနဲ့ပဲ ငါ ထွက်ပေါက်ရှာခဲ့တယ်။

နင့်ဘက်က အေးစက်စက်အပြုအမူတွေကြောင့် ငါ တဖြည်းဖြည်း စိတ်ကုန်လာမိတယ်။ နင် ငါ့ကိုပေးတဲ့အချစ်ထက် ငါ ပိုလိုချင်တယ်။ ပိုတိကျတဲ့ ဆုံးဖြတ်ချက်တွေ လိုချင်တယ်။ ငါ့ရဲ့ မကျေမနပ်ရင်ဖွင့်တာကို နားထောင်ပြီး သူငယ်ချင်းတွေက ပြောတယ်။

"၀.၁ မီလီမီတာရှိတဲ့ စာရွက်တစ်ရွက်ကို (၄၂)ခါလောက် အထပ်ထပ်ခေါက်လိုက်၊ ခေါက်လို့ရတဲ့အမြင့်က လကမ္ဘာကိုတောင် ရောက်နိုင်တယ်"တဲ့။ စစချင်းမှာ အဲဒီ့ စကားရဲ့ အဓိပ္ပာယ်ကို ငါ နားမလည်ဘူး။

နင်နဲ့ ချစ်သူဖြစ်ပြီး (၆)လနဲ့ (၁၃)ရက်အကြာမှာ "ဠတ်နိုက်"လို့ ရေးထားတဲ့ နင့်ရဲ့ ပထမဆုံးမက်ဆေ့ချ်ကို ငါရတယ်။ နင်နဲ့ ချစ်သူဖြစ်ပြီး (၁၀)လအကြာမှာ ငါ့ဆီကိုပထမဆုံးဆက်တဲ့ နင့်ဖုန်းကို နားထောင်ရတယ်။ နင်နဲ့ချစ်သူဖြစ်ပြီး (၁)နှစ်နဲ့

(၂)လအကြာမှာ နင် ငါ့ကို ပထမဆုံး စနိုးတယ်။ (၂)နှစ်အကြာ ညတစ်ညမှာ ငါ မတော်မဆ ကားတိုက်မှု ဖြစ်ပြီး ခြေထောက်မှာ ဒဏ်ရာရတယ်ဆိုတဲ့ သတင်းကြားတာနဲ့ သန်းခေါင်ယံည (၁)နာရီမှာ ငါ့အိမ်ကို နင် ကမူးကရှူး ရောက်လာတယ်။ ဒဏ်ရာမများ မှန်းသိပေမယ့် ငါ့ကို (၂)ရက်ကြာ နင် ပြုစုတယ်။

သူငယ်ချင်းပြောတဲ့စကားကို ငါ တဖြည်းဖြည်း သဘောပေါက် လာမိတယ်။ ချစ်ခြင်းက တဖြည်းဖြည်းစုပုံပြီး တိုးလာတတ်မှန်း ငါ နားလည်လာတယ်။

နင် ငါ့ကို တိကျတဲ့ဆုံးဖြတ်ချက် မပေးခဲ့ပေမယ့် နင်နဲ့ချစ်ဖို့ အခွင့်အရေးတော့ပေးခဲ့တယ်။ သွေးထိုးစကားတွေကြားပေမယ့် နင် ရပ်နေရာက မရွေ့ခဲ့ဘူး။ ငါ့ရဲ့ တောင်းဆိုမှု ကို နင် ရှောင်မပြေးခဲ့ဘူး။ ငါ့အပေါ်ထားတဲ့ နင့်ရဲ့ ချစ်ခြင်းတွေကို နင် တဖြည်းဖြည်းစုပုံနေမှန်း၊ အတိုးချနေမှန်း၊ ငါ့ဘေးမှာ နင် အမြဲရှိနေမှန်း ငါသိလာရတယ်။

ငါ့သူငယ်ချင်းက ငါတို့မင်္ဂလာပွဲရဲ့ အသိသက်သေ၊ ငါတို့ရဲ့ အချစ်သက်သေဖြစ်တယ်။ အချစ်လမ်းတလျှောက် ငါတို့ ဖြတ်သန်း လာတာကိုကြည့်ပြီး အခုချိန်မှာ မှ သူ အားကျနှစ်လိုစွာ ရယ်နိုင် တော့တယ်လေ။

နင့်လက်ထဲဘဝရဲ့ ပထမဆုံးသောစိန်လက်စွပ်ကို စွပ်ပေးချိန်မှာ ပထမဆုံးအကြိမ် ပြောတာမဟုတ်တဲ့ စကားကို နင့်အတွက် ငါ ပြောဖြစ်ပြန်တယ်။

“နင့်ကို ငါချစ်တယ်”

ခေါင်းငုံ့ပြီး နင့်ကို ဖွဖွလေးနမ်းလိုက်တယ်။

“မြင်မြင်ချင်းအချစ်”က လှပသတဲ့။ ဒါပေမယ့် တဖြည်းဖြည်း အတိုးချပြီး ချစ်ရတဲ့အချစ်က လူကို ပိုယစ်မူးစေတယ်။ အခုအချိန်မှာ နင်ချစ်တဲ့အချစ်ဟာ ငါ့အချစ်လောက်မရှိပေမယ့် နင်နဲ့ငါ့ကြား အကွာ အဝေး က နည်းသထက်နည်းလာပြီး နောက်ဆုံး သုညပဲကျန်မယ်ဆိုတာ ငါ ယုံကြည်တယ်လေ။

အချစ်မှာ တရားတာ၊ မတရားတာ မရှိဘူး။ အမှန်တကယ် ပေးဆပ်လိုက်ရလို့

ထိုက်တန်လား၊ မထိုက်တန်ဘူးလားနဲ့ နှောင်တရ၊ မရဆိုတာပဲ ရှိတယ်။

တကယ်ချစ်တဲ့ အချစ်ဆိုတာ နှုတ်ဖျားက ချိုမြိန်တဲ့ စကားတွေ မဟုတ်ဘူး။ ကိုယ်ချစ်တဲ့ ချစ်သူ စိတ်ပျော်ရွှင်အောင် ဘယ်လို ဖွမ်းဆောင်ရမလဲဆိုတာပါ။

"ကိုယ်ကြိုက်နှစ်သက်သူရဲ့ နှစ်သက်မှု ကိုပြန်ရတာ မင်္ဂလာ တစ်ပါးတဲ့။ အဲဒီ မင်္ဂလာကို "အချစ်"လို့ အမည်ပေးတယ်"

(၇)

လူတိုင်း အချစ်ခံထိုက်သည်

"ထိခိုက်နာကျင်စေမယ့် စကားတွေနဲ့ ကိုယ့်နလုံးသားကို အပြည့်မဖြည့်လိုက်ပါနဲ့..."

အချစ်စစ်က အဖိုးမဖြတ်နိုင်ဘူး။ အချစ်စစ်နဲ့ချစ်ဖို့ရာ အကြောင်း တရားမလိုဘူး။ ယုံကြည်မှု ကို လက်ကိုင်ထားရင် လူတိုင်းက အချစ် ခံထိုက်သူတွေဖြစ်တယ်။

"ကျွန်မငယ်ငယ်ကလေ နေပူကြီးထဲမှာ ရေခဲချောင်းအပြည့် တင်ထားတဲ့စက်ဘီးနဲ့ ကစားကွင်းမှာ ရေခဲချောင်းလိုက်ရောင်းရတယ်။ ရေခဲချောင်းတွေ ရောင်းလို့မကုန်ရင် . . . ."

စီးကရက်ကိုင်ထားတဲ့လက်ဖမိုးနဲ့ နဖူးပေါ်ကျနေတဲ့ ဆံစတွေကို သပ်တင်ရင်း သူ စကားဆက်ပြန်တယ်။

"ရောင်းလို့မကုန်ရင် ရေခဲပုံးကိုဖက်ပြီး လမ်းဘေးမှာ ကျွန်မ ငိုနေတတ်တယ်။ ရောင်းမကုန်ရင် အဖေက ကြိမ်လုံးနဲ့ ကျွန်မကို ရိုက်တယ်။ ကျွန်မတစ်ကိုယ်လုံး ဒဏ်ရာတွေချည်းပဲ"

"ကျွန်မ ငိုပြီဆိုရင် ပုတုက ကျွန်မကို လာလာကူတတ် တယ်။ သူက ကျွန်မတို့အိမ်နားကပဲ။ သူလည်း ရေခဲချောင်းရောင်းတယ်။ ကျွန်မငိုတာကို မကြည့်ရက်လို့ဆိုပြီး ရေခဲ ချောင်းတွေကို ပိုက်ဆံနဲ့ လာလာလဲတယ်။ ဒါမှ အိမ်ပြန်ရောက်ရင် ကျွန်မ အရိုက်မခံရမှာ "

"ငယ်ငယ်က ကျွန်မတို့ သိပ်ဆင်းရဲတယ်"

အနာကပ်ပလာစတာကပ်ထားတဲ့ ခြေထောက်ကဒဏ်ရာကို သူ ပွတ်သပ်နေတယ်။

"နှစ်ယောက်အိပ်ခုတင်ပေါ်မှာ ကလေး (၄)ယောက်၊ လူကြီး နှစ်ယောက်နဲ့

# (၇)

လူတိုင်း အချစ်ခံထိုက်သည်

"ထိခိုက်နာကျင်စေမယ့် စကားတွေနဲ့ ကိုယ့်နှလုံးသားကို အပြည့်မဖြည့်လိုက်ပါနဲ့..."

အချစ်စစ်က အဖိုးမဖြတ်နိုင်ဘူး။ အချစ်စစ်နဲ့ချစ်ဖို့ရာ အကြောင်း တရား မလိုဘူး။ ယုံကြည်မှု ကို လက်ကိုင်ထားရင် လူတိုင်းက အချစ် ခံထိုက်သူတွေဖြစ်တယ်။

"ကျွန်မငယ်ငယ်ကလေ နေပူကြီးထဲမှာ ရေခဲချောင်းအပြည့် တင်ထားတဲ့စက်ဘီးနဲ့ ကစားကွင်းမှာ ရေခဲချောင်းလိုက်ရောင်းရတယ်။ ရေခဲချောင်းတွေ ရောင်းလို့မကုန်ရင် ...."

စီးကရက်ကိုင်ထားတဲ့လက်ဖမိုးနဲ့ နဖူးပေါ်ကျနေတဲ့ ဆံစတွေကို သပ်တင်ရင်း သူ စကားဆက်ပြန်တယ်။

"ရောင်းလို့မကုန်ရင် ရေခဲပုံးကိုဖက်ပြီး လမ်းဘေးမှာ ကျွန်မ ငိုနေတတ်တယ်။ ရောင်းမကုန်ရင် အဖေက ကြိမ်လုံးနဲ့ ကျွန်မကို ရိုက်တယ်။ ကျွန်မတစ်ကိုယ်လုံး ဒဏ်ရာတွေချည်းပဲ"

"ကျွန်မ ငိုပြီဆိုရင် ပုတက ကျွန်မကို လာလာကူတတ် တယ်။ သူက ကျွန်မတို့အိမ်နားကပဲ။ သူလည်း ရေခဲချောင်းရောင်းတယ်။ ကျွန်မငိုတာကို မကြည့်ရက်လို့ဆိုပြီး ရေခဲ ချောင်းတွေကို ပိုက်ဆံနဲ့ လာလာလဲတယ်။ ဒါမှ အိမ်ပြန်ရောက်ရင် ကျွန်မ အရိုက်မခံရမှာ "

"ငယ်ငယ်က ကျွန်မတို့ သိပ်ဆင်းရဲတယ်"

အနာကပ်ပလာစတာကပ်ထားတဲ့ ခြေထောက်ကဒဏ်ရာကို သူ ပွတ်သပ်နေတယ်။

"နှစ်ယောက်အိပ်ခုတင်ပေါ်မှာ ကလေး (၄)ယောက်၊ လူကြီး နှစ်ယောက်နဲ့

ကျွန်မတို့ ကျပ်ကျပ်ညပ်ညပ် အိပ်ကြရတယ်။ ကျွန်မက အကြီး၊ တခြားမောင်နှမတွေထက် ကျွန်မက လူကောင်ထွားတယ်။ မိုးရွာတဲ့ညဆိုရင် ကျွန်မ ကံမကောင်းဘူး။ ကျွန်မခြေရင်း ခေါင်မိုးက မိုးယိုတော့ ရေပုံးနဲ့ခံထားရတယ်။ တစ်ညလုံး ကျွန်မ ခြေမဆန့်ဘဲ အိပ်ရတယ်"

"ဒါပေမဲ့ ကလေးဆိုတော့နော်။ အိပ်ကောင်းကောင်းနဲ့ မေ့ပြီး ရေပုံးကိုခြေထောက်နဲ့ ကန်မိတတ်တာပေါ့။ ရေပုံးမှောက်လို့ ခုတင်တစ်ခု လုံးရွှဲသွားရင် အဖေက ကျွန်မကို ချက်ချင်း ခုတင်အောက်ဆွဲချပြီး ရိုက်တော့တာပဲ"

သူ့မျက်လုံးမှာ မျက်ရည်တွေစိုသီနေတယ်။

"ကျွန်မလေ နာလိုက်တာ သေမတတ်ဘဲ"

"ကျွန်မအပျော်ဆုံးနဲ့ အအောင်မြင်ဆုံးအချိန်က ကျွန်မ မိန်းမရှင် စလုပ်တဲ့ အချိန်ပဲ"

ကျွန်မကို မျက်စလေးပစ်ပြပြီး သူ စကားဆက်ပြန်တယ်။

"အခုလို ရွှတ်တွနေတဲ့ကျွန်မရဲ့ အသားအရည်ကို မကြည့်နဲ့နော်။ ကျွန်မငယ်ငယ်က ချောတယ်သိလား။ ယောက်ျားလေးတွေကို ကျွန်မ ဘာလိုချင်သလဲ စကားဟလိုက်တာနဲ့ လိုချင်တာ ချက်ချင်းရတယ်။ ရတဲ့ပိုက်ဆံတွေကို ကျွန်မ အိမ်ပြန်အပ်တယ်။ ဒါပေမဲ့ အဖေနဲ့အမေက ကျွန်မကို မျက်စောင်းနဲ့ပဲ ကြည့်ကြတယ်။ လိမ်မာတဲ့ကျွန်မကို အဖေနဲ့ အမေက မချစ်ကြဘူး။ သူတို့ ဘာဖြစ်လို့ ကျွန်မကို မချစ်ကြမှန်း ကျွန်မ လည်း မသိဘူး"

ဆေးလိပ်တစ်ဖွာကို ခပ်ပြင်းပြင်း သူရှိုက်ရင်း . . .

"တလောက ခရစ်ယာန်ဘုန်းကြီးနှစ်ပါး အိမ်ကိုရောက်လာ တယ်။ သူတို့က ပြောတယ်။ ဘုရားသခင် ကျွန်မကို ချစ်တယ်တဲ့။ ကျွန်မဟာ ဘုရားသခင်ရဲ့ သမီးတော်တဲ့။ ဒီစကားကြားတော့ ကျွန်မမှာ ရယ်ချင်လိုက်တာ ဟား . . . ဟား . . . ဟား . . . "ပြောရင်း သူ ရယ်တယ်။ အရယ်မျက်လုံးထဲမှာ မျက်ရည်ဥတွေတွဲခိုလို့ . . . "ဘယ်သူမှ ကျွန်မကို မချစ်ဘူး။

အချစ်စစ်နဲ့ဘယ်သူမှ ကျွန်မကို မချစ်ခဲ့ကြဘူး"

သူ့ကိုသတိရတိုင်း မြင့်မားတဲ့သူ့ပုံရိပ်၊ ဒဏ်ရာအနာတွေ ယုက်သန်းနေတဲ့ သူ့အကြည့်နဲ့ အထီးကျန်မှု တွေခံစားနေရတဲ့ သူ့သဏ္ဍာန် ကို ကျွန်မ အရင်ဆုံး ပြေးမြင်မိတတ်တယ်။ တကူးတက လုပအောင် ခြယ်သထုပ်ပိုးထားတဲ့ သူ့အပြင်ပန်းသဏ္ဍာန်ကအတွင်းစိတ်မှာ ခံစား နေရတဲ့ သူ့ခံစားချက်ကို မဖုံးဖိနိုင်ဘူး။ ဒဏ်ရာအထပ်ထပ်နဲ့ ဖြတ်ကျော်ခဲ့ရတဲ့ အတိတ်က နာကျင်မှု တွေကို မသိဝှက်နိုင်ဘူး။

လူတိုင်းရဲ့ ခန္ဓာထဲမှာ ချစ်ခြင်းမေတ္တာကို လိုအပ်နေတဲ့ မွေးရာပါ နေရာလပ်တစ်ခုရှိကြတယ်။ တကယ်လို့ လူတစ်ယောက်ကို ငယ်ငယ်လေး ကတည်းက လိုအပ်တဲ့ချစ်ခြင်းတွေကို ဂရုတစိုက် ဖြန်းလောင်းပေးခဲ့ရင် အဲဒီ့ နေရာလပ်ဟာ လုံလောက်တဲ့ရေတွေရခဲ့တဲ့ ရေစုပ်စက်တစ်လုံးလို တွင်းထဲကရေတွေကို ပိုထုတ်ယူနိုင်မှာ ဖြစ်တယ်။ (လက်နဲ့ရေတင်ရတဲ့ ရေစုပ်စက်တွေကို တွင်းထဲကရေတွေ မစုပ်ယူခင် အရင် ရေလောင်းပေး ရပါတယ်။ ဒါမှ တွင်းထဲကရေတွေကို အလွယ်တကူစုပ်ယူနိုင်မှာ ဖြစ် ပါတယ်။)

ဒါပေမဲ့ တချို့လူတွေက (ကျွန်မမျက်စိရှေ့က သူ့လိုပဲ) လိုအပ်တဲ့ ချစ်ခြင်းတွေအပြည့်အဝ မရကြဘူး။ ရေစုပ်စက်အောက်ဆုံးမှာ အစုပ် ခံမယ့်ရေတွေကို ပေါက်နေတဲ့ခွက်ထဲ ထည့်လိုက်သလိုပဲ။ တစ်စက်မှ မကျန် အကုန်ယိုဖိတ်ကုန်တယ်။

ညှိုးနွမ်းနေတဲ့ သူ့ခန္ဓာဝိညာဉ်က ချစ်ခြင်းတွေကို မထုတ်နိုင် တော့ဘူး။ အချစ်ခံရဖို့အတွက် တချို့က တစ်ဖက်လူရဲ့ အလိုကို လိုက်လျော ရတယ်လို့ထင်မှတ်ထားကြတယ်။ တချို့က ပင်ပင်ပန်းပန်း ရှာပေးရတယ် လို့ ထင်မှတ်ထားကြတယ်။ တချို့က ခန္ဓာကိုယ်ကို ပေးအပ်ရတယ်လို့ ထင်မှတ်ထားကြတယ်။ တချို့က တစ်ဖက်လူရဲ့ မျှော်လင့်ချက်ကို အကုန်ဖြည့်ပေးရတယ်လို့ ထင်မှတ်ထားကြတယ်။ တချို့က အရာရာကို အနစ်နာခံ စွန့်လွှတ်ရတယ်လို့ ထင်မှတ်ထားကြတယ်။

ကမ္ဘာကြီးက ဘယ်သူ့ကိုမှ ဗဟိုပြုပြီး လည်ပတ်နေတာ မဟုတ်ပါဘူး။

ယုံကြည်မှု ကို လက်ကိုင်ထားရင် လူတိုင်းက အချစ်ခံ ထိုက်သူတွေဖြစ်တယ်။ လူတွေရဲ့ အချစ်ကို ခံချင်ရင် လူတွေကို ချစ် တတ်အောင် အရင်သင်ယူရတယ်။ လူတွေကို ချစ်ခြင်းတွေ အရင်ပေးမှ သူတို့ကတစ်ဆင့် တခြားလူတွေကို ဆင့်ပွားနိုင်မှာ ဖြစ်တယ်။

ဒီလောကမှာ "ကိုယ်" (myself) ဆိုတာ တစ်ဦးတည်းပဲရှိတယ်။ ကိုယ်နဲ့တူတဲ့လူ နောက်ထပ် လုံးဝမရှိနိုင်ဘူး။ "ကိုယ့်"မှာ ကိုယ်ချင်းစာ ကြင်နာတတ်တဲ့ မျက်လုံးတစ်စုံရှိတယ်။ ချစ်ခြင်း၊ သနားခြင်းတွေနဲ့ ခုန်လှုပ်နေတဲ့ နှလုံးသားတစ်စုံရှိတယ်။ "ကိုယ်"ဟာ ရှိသေလေးစားခံထိုက်သူဖြစ်တယ်။ အချစ်ခံထိုက်သူဖြစ်တယ်။ ဒါတွေဟာ ကိုယ့်ကိုယ်ကို ယုံကြည်ခြင်းရဲ့ ရလဒ်တွေဖြစ်တယ်။ ယုံကြည်မှု က လူတွေရဲ့ အကဲ့ရဲ့ ၊ အနှိမ်ခံတာကို လျစ်လျူရှုထားပေးတယ်။

ကိုယ့်ဘေးကလူတွေ ကိုယ့်ကို ချစ်ခြင်းတွေပေးစွမ်းမရှိတဲ့အခါ၊ ကိုယ့်ကို ပွေ့ဖက်ဖို့ အားအင်တွေမရှိတဲ့အခါ သူတို့ကို ကိုယ်ချင်းစာ နားလည်ခွင့်လွှတ်ပေးလိုက်ပါ။ သူတို့မှာ လူတွေကိုချစ်ဖို့၊ သူတို့ကိုယ် သူတို့ချစ်ဖို့ အချစ်တွေ ပါမလာခဲ့လို့ပါပဲ။

ရိုးသားမှု ၊ ရှိသေလေးစားမှု ၊ ချစ်ခြင်းမေတ္တာတွေကို ကိုယ်က ပေးဆပ်နေလျက်နဲ့ လူတွေရဲ့ လှောင်ပြောင်မှု ၊ ကဲ့ရဲ့ ဆဲဆိုမှု ၊ အပြစ်ပုံချမှု တွေ သင် ခံစားနေရသေးတယ်ဆိုရင် သင် မကောင်းလို့ မဟုတ်ပါဘူး။ သင့်ရဲ့ ပေးဆပ်မှု တွေကို အဲဒီ လူတွေ လက်ခံနိုင်တဲ့ အဆင့် မရှိသေးလို့ပါ။

တကယ်လို့ သင့်ခန္ဓာသင့်ဝိညာဉ်တွေ ညှိုးနွမ်းရင် နား နှစ်ဖက်ကို ပိတ်ထားလိုက်ပါ။ တခြားလူရဲ့ ထိခိုက်နာကျင်စေမယ့် စကားတွေနဲ့ ကိုယ့်နှလုံးသားကို အပြည့်မဖြည့်လိုက်ပါနဲ့။ နေရာလပ်တစ်ခု ချန်ထားပြီး ယုံကြည်မှု တွေ ဖြည့်ပေးပါ။

ရင်ထဲက လာတဲ့ ချစ်ခြင်းမေတ္တာအစစ်အမှန်က အဖိုးမဖြတ် နိုင်ပါဘူး။ စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာအတွက် အကြောင်းတရား မလိုပါဘူး။ ယုံကြည်မှု ကို လက်ကိုင်ထားရင် လူတိုင်းဟာ အချစ်ခံထိုက် သူတွေ ဖြစ်တယ်။

မူရင်းရေးသားသူ Mo Zhai

# (၈)

အချစ်တန်ဖိုး

"နောင်ဘဝသာရှိခဲ့ရင် ဒီထက် ပိုချစ်ပြမယ်" လို့ ကတိတွေပေးနေမယ့်အစား ဘာဖြစ်လို့ ဒီဘဝမှာ ကောင်းကောင်းတန်ဖိုးထားပြီး မချစ်ကြတာလဲ...

"မောင် . . . ဒီနေ့ပြန်လာဖို့ တကယ်အချိန်မမီတော့ဘူးလားဟင်"
တံခါးဝအထိလိုက်ပို့တဲ့ ဇနီးက မျှော်လင့်ချက်မျက်လုံးနဲ့ သူ့ကိုမေးတယ်။ "ဒီညသည်က အရေးကြီးတယ်။ မောင်တို့ ဟိုမှာ ပဲ တည်းဖြစ်လိမ့်မယ်။ မောင့်ကို မစောင့်နဲ့တော့နော်။ မနက်ဖြန်မှပဲ မောင်တို့ ထပ်ကျင်းပကြတာပေါ့"

"ဟုတ်ကဲ့ပါ မောင်။ ကားကို သတိထားမောင်းဦးနော်"

သူမကို သူ တစ်ချက်နမ်းလိုက်တယ်။ သူ့အလုပ်အိတ်ကို ကားပေါ် သူမ တင်ပေးလိုက်တယ်။ ဒီနေ့က သူနဲ့သူမရဲ့ မင်္ဂလာ နှစ်ပတ်လည်နေ့ ဖြစ်တယ်။ သူမကို သူစတွေ့တုန်းက သူမရဲ့ ဖျတ်လတ်မှု၊ အလုပ်အကိုင်ကြိုးစားမှု၊ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နိုင်မှု၊ စိတ်သဘောထား နူးညံ့သိမ်မွေ့မှု တွေက သူ့ကို ဖမ်းစားထားတယ်။ ဒီနေ့အထိ သူမကိုလက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တဲ့ သူ့ဆုံးဖြတ်ချက်တွေ မှန်တယ်ဆိုတာ သက်သေပြနေပါတယ်။

သူမဟာ သူ့ရဲ့ ဇနီးကောင်းတစ်ဦးအဖြစ် တာဝန်ကျေပါတယ်။ သူ့အတွက် စိတ်ဓာတ်ခွန်အားတွေ အားပေးကူညီတယ်။ မကြာခဏ သူခရီးထွက်နေရလို့ အိမ်တာဝန်ကို တစ်ဦးတည်း ထိန်းသိမ်းရတယ်။ သားနှစ်ယောက်ကလည်း လိမ်မာရေးခြားရှိလှတယ်။ သားလေးတွေ မွေးတုန်းက သူမအနားမှာ သူ မရှိနိုင်ခဲ့ဘူး။ ဒါကြောင့် ဒီဘဝမှာ သူတို့အတွက် အရေးကြီးတဲ့ နေ့ရက်ဆိုလို့ မင်္ဂလာနှစ်ပတ်လည်နေ့နဲ့ သူမ ဆုံးတဲ့နေ့ပဲရှိမယ်၊ အဲဒီ နှစ်ရက်ကို သူ မပျက်မကွက်တက်ရမယ်လို့ သူ့ကို မကြာခဏ စနောက်တတ်တယ်။

ဇနီးသည်ရဲ့ အစအနောက်ကို သူ ဂရုမစိုက်မိဘူး။ ခါတိုင်းလိုပဲ

သူ့စိတ်ကူးအိပ်မက်တွေအတွက် အလုပ်တွေနဲ့ ရှုပ်နေတယ်။ သူ့ စိတ်ကူးအိပ်မက်၊ သူ့ရည်မှန်းချက်နဲ့ သူ့သတ္တိကို သူမ အစကတည်းက နားလည်ပါတယ်။ ဒီလောကမှာ သူမဟာ သူ့ကို နားလည်မှု အပေးဆုံး လို့လည်း သူသိထားတယ်။ သူ့ကြိုးစားမှု တွေက သူမအတွက် မိသားစု အတွက်ဆိုတာ သဘောပေါက်ခဲ့ရင် ဒီညနှစ်ပတ်လည်နေ့မှာ ပျက်ကွက်ခဲ့ တာကို ခွင့်လွှတ်လိမ့်မယ်လို့ သူ ယုံကြည်မိတယ်။

ကုမ္ပဏီသွားတဲ့ လမ်းတစ်နေရာမှာ ပန်းအရောင်းဆိုင်တစ်ဆိုင် ကို သူ တွေ့လိုက်တယ်။ ကားရပ်ပြီး သူမကြိုက်တဲ့ နှင်းဆီနီကို (၇)ဒါဇင် မှာ လိုက်တယ်။ နှင်းဆီတစ်ပွင့်ကတစ်လကို ကိုယ်စားပြုတယ်။ (၇)နှစ်စာ အတွက် နှင်းဆီပန်းတွေမှာ ပြီး နေအိမ်လိပ်စာကဒ်ထုတ်ပေးလိုက်တယ်။ သူ့ကိုယ်စား သူမအတွက် ပန်းဆိုင်က သွားရောက်ပို့ပေးဖို့ပါ။ ပန်းမှာ ပြီး သူ လှည့်အထွက် တံခါးဝမှာ ပန်းအိုးတစ်လုံးကိုင်ထားတဲ့အဘိုးအိုတစ်ဦးနဲ့ တိုက်မိတယ်။

"ဟာ . . . အဘိုး။ တောင်းပန်ပါတယ်၊ ဘယ်နားနာ သွားပါသလဲ"

ဟျာဟျာသလဲတောင်းပန်တဲ့ သူ့ကို အဘိုးအိုက ဂရုမစိုက်ဘဲ လက်ထဲက လွတ်ကျခါနီး ဖြစ်သွားတဲ့ ပန်းအိုးကိုပဲ အလှုပ်အမြန် စစ်ဆေး နေတယ်။

"တော်သေးတယ် တော်သေးတယ်။ ဘုရားသခင်ကယ်ပေလို့ ဒီစံပယ်ပန်းအိုးလေး ကွဲမသွားတာ" အဘိုးအို တိုးတိုးလေးရေရွတ် နေတယ်။

"အဘိုး အဆင်ပြေလား။ ဆေးရုံလိုက်ပို့စရာ လိုပါသလား" သူ ထပ်မေးလိုက်ပြန်တယ်။

အဲဒီ့ အချိန်ကျမှ အဘိုးအိုက . . .

"မလိုဘူး ငါ့သား၊ မလိုဘူး။ အဘိုးအရိုးတွေ မာနေသေးတယ်။ ဘာမှမဖြစ်လောက်ဘူး။ ဒီပန်းက အဘိုးမိတ်ဆွေ စိုက်ထားတာ။ အဘိုးမိန်းမက စံပယ်ပန်းကြိုက် တတ်မှန်းသိလို့ လက်ဆောင်ပေးထားတာ။ သူ့ကို အဘိုး မြန်မြန်ယူသွားပြရမယ်။ ဒီနေ့က အဘိုးတို့ရဲ့ (၄၅)နှစ်ပြည့် နှစ်ပတ်လည်နေ့လေ။ သူ

သိပ်ပျော်မှာ ပဲ”

ပြောပြောဆိုဆိုထွက်သွားတဲ့ အဘိုးအိုရဲ့ နောက်ကျောကို သူ ငေးနေမိတယ်။ အသက်အရွယ် အိုမင်းနေပေမယ့် သူ့ဇနီးအပေါ်ထားတဲ့ ခံစားချက်၊ သံယောဇဉ်မေတ္တာတွေက ပြည့်နက်နေဆဲပါလား။

ကုမ္ပဏီဝင်ပြီး ညနေမှာ ညှိသည်နဲ့ချိန်းထားတဲ့နေရာကို သူ ထွက်လာတယ်။ ကားအသွားအလာရှင်းပြီး လမ်းတွေမပိတ်ပေမယ့် လမ်းဘေးသီချင်းတစ်နေရာက မြင်ကွင်းတစ်ခုက သူ့ကားကို ရပ်တန့် သွားစေတယ်။ ပန်းအရောင်းဆိုင်ရှေ့မှာ သူတိုက်မိခဲ့တဲ့ အဘိုးအိုက အုတ်ဂူတစ်လုံးရှေ့ ထိုင်ပြီး မြက်တွေရှင်းနေတာကို တွေ့လိုက်မိတယ်။ စံပယ်ပန်းအိုးကို အုတ်ဂူပေါ်တင်ထားတာ တွေ့လိုက်တယ်။

သူ ဘာမှစဉ်းစားမနေတော့ဘဲ ကားကို ပြန်ကွေ့လိုက်တယ်။ ပန်းဆိုင်ရှေ့ ကားရပ်ပြီး ဆိုင်ထဲ သူ အပြေးဝင်သွားတယ်။

“ကျွန်တော်မှာ ထားတဲ့ပန်း ပို့လိုက်ပြီလားခင်ဗျာ”

“မပို့ရသေးပါဘူး”

“ဒါဆို ကျွန်တော်ကိုယ်တိုင်ပဲ ယူ သွားပါ့မယ်”

ကိုယ့်အနားရှိနေချိန်မှာ တန်ဖိုးထားရကောင်းမှန်းမသိဘဲ ဆုံးရှုံး သွားမှ လူတွေကနမြောတတ်ကြတယ်။ ဒီလိုနမြောခြင်းတွေ ကိုယ့်ဆီမှာ မဖြစ်ပွားဖို့ ဘယ်လောက်ပဲ ပင်ပန်းနေပါစေ၊ အလုပ်များ နေပါစေ၊ ကိုယ်ချစ်တဲ့သူအတွက် အချိန်တစ်ချိန် ချန်ထားပေးဖို့ မမေ့သင့်ပါဘူး။ ဘဝဆိုတာ နောက်တစ်ကြိမ် ထပ်လာလို့မရနိုင်ပါဘူး။ နောင်ဘဝ နောင်ဘဝသာရှိခဲ့ရင် ဒီ့ထက်ပိုချစ်ပြမယ်လို့ ကတိတွေပေးနေမယ့်အစား ဘာဖြစ်လို့ ဒီဘဝမှာ ကောင်းကောင်းတန်ဖိုးထားပြီး မချစ်ကြသလဲ။ ရွေးချယ်မှု တွေ များ နေလို့လား။ ရွေးချယ်မှု တွေ များ နေလို့ပဲ၊ ဘယ်သူ၊ ဘယ်အရာကို တန်ဖိုးထားချစ်ရမယ်မှန်း မသိဘဲ တွေဝေနေလို့လား။

ဖတ်မိတဲ့စာလေးတစ်ပိုဒ်က ဒီလိုဆိုပါတယ်။ တစ်ခါက ဇနီး မောင်နှံနှစ်ဦးမှာ ဇနီးက ယောက်ျားကို မေးတယ်။

"ဒီတစ်သက်မှာ ကိုယ်ကြိုက်တဲ့ကားတစ်စီးပဲ ဝယ်မယ်။ နောက်ထပ်အသစ်လည်း လဲလို့မရဘူးဆိုရင် ကားကို ဘယ်လိုထိန်းသိမ်းမလဲ"

"အကောင်းဆုံးစက်ဆီကို သုံးမယ်။ အချိန်ပြည့် ဂရုစိုက်မယ်။ အမြဲတမ်းဆေးကြောမယ်" ယောက်ျားဖြစ်သူက အကောင်းဆုံးဖြစ်နိုင်မယ့် အရာတွေကို တသီကြီးပြောတယ်။

"ဒီလိုဆိုရင် တစ်သက်မှာ မိန်းမတစ်ယောက်ပဲ ယူရမယ်။ လဲလို့မရဘူးဆိုရင်ကော"

ဇနီးရဲ့ အမေးကြောင့် ယောက်ျားဖြစ်သူ မျက်နှာတစ်ခုလုံး နီရဲ သွားတယ်။ နောက်ဇနီးလက်ကိုဆုပ်ကိုင်ပြီး . . .

"ငါ အဖြေသိပြီ"လို့ ပြန်ဖြေတယ်။ ဇနီးကိုကြည့်တဲ့သူ့အကြည့်မှာ အကြင်နာအငွေ့တွေ ပိုပြည့်လျှံ သွားပါတယ်။

# (၉)

အချစ်စစ်ရဲ့ ရုပ်ပုံလွှာ

ရှေ့ဆက်ရမယ့်လမ်းက အရှည်ကြီး တင်းတင်းဆုပ်ထားတဲ့လက်ကို ဖြုတ်မချခဲ့နဲ့

တစ်နေ့က မဆုံတာကြာပြီဖြစ်တဲ့ ကျောင်း နေဖက်သူငယ်ချင်း တစ်ယောက်နဲ့ ညစာစားဖြစ်တယ်။ သူက အိမ်ထောင်သက် (၃) နှစ်ရှိပြီဖြစ်တဲ့ သူ့အမျိုးသားကိုပါ ခေါ်လာတယ်။

ပထမဆုံးအကြိမ် ဆုံဖြစ်တဲ့ သူ့အမျိုးသားကို ကျွန်မ အကဲခတ် လိုက်မိတယ်။ အရပ်မမြင့်၊ ရုပ်မချောတဲ့အပြင် ဝတ်စားပုံကလည်း ခေတ် မမီဘူး။ စကားလက်ဆုံကျရင်း သူ့အမျိုးသားဟာ ဘဏ်တစ်ခုရဲ့ သာမန် ဝန်ထမ်းတစ်ဦးဆိုတာ သိရပြန်တယ်။

မှတ်မိပါသေးတယ်။ ကျောင်းတုန်းက ကျွန်မတို့ မေဂျာဟာ အချော အလှ ပေါတဲ့ မေဂျာအဖြစ် နာမည်ကြီးတယ်။ ဒုတိယနှစ်ကစပြီး အတန်း တစ်ချို့နားတိုင်း အတန်းထက်ဝက်ကျော် မိန်းကလေးတွေက မိတ်ကပ် တွေထုတ်၊ မှန်တွေထုတ်ပြီး နှုတ်ခမ်းနီ၊ ပါးနီဖို့တတ်ကြတယ်။ အဲဒီ တုန်းက ခေတ်စားတဲ့ အဝတ်အစား၊ ဘောင်းဘီ၊ ဖိနပ်တွေကို ကျွန်မတို့မေဂျာက လွတ်သွားတယ်ဆိုတာ မရှိခဲ့ဖူးဘူး။ ကျွန်မရဲ့ ဒီသူငယ်ချင်းက အရပ်(၁၆၆)စင်တီမီတာရှိတဲ့ အပြင် ကိုယ်လုံးကိုယ်ပေါက် ကလည်း သူ့နေရာနဲ့သူ ပြည့်စုံလှပနေသူဖြစ်တယ်။ နာတံစင်းစင်းနဲ့ မျက်နှာပေါက်ကလည်း ပြောစရာမရှိဘူး။ လမ်းလျှောက်ရင်လည်း နာမည်ကျော်မော်ဒယ် စတိုင်လ်အပြည့်နဲ့မို့ ကျောင်းဝင်းထဲ သူဝင်လာပြီ ဆိုရင် ဘသားချောတွေက တဝုန်းဝုန်းပဲ။ အဆောင်ရှေ့မှာ ဆိုရင်လည်း အပေါက်စောင့်နစ်ဦးထက် ပိုထားရတယ်။

ဒါပေမဲ့ သူက ဖြစ်သလိုနေတတ်တဲ့ မိန်းကလေးမဟုတ်မှန်း ကျွန်မတို့ သိတယ်။ အစားစားရင်လည်း ထမင်းနဲ့ ကော်ဖီကလွဲရင် တခြား သူ ဘာမှမစားဘူး။ ကိုယ့်စရိတ်ကိုယ်ရှင်းဆိုတာမျိုးပဲ သူ ကျင့်သုံးတယ်။ တတိယနှစ်နောက်ပိုင်းမှာ မပြတ်ဝင်လာတတ်တဲ့ သူ့ဖုန်းတွေ၊ ပုံစံမတူတဲ့ ကား၊ ယာဉ်မောင်းတွေ၊ သူပြောင်းစီးတတ်တာ

မြင်နေကျ ကျွန်မတို့အတွက် ရိုးနေပါပြီ။

မတူတဲ့ ယောက်ျားလေးတွေနဲ့ သူတွဲ ပေမယ့် လုံးဝရည်းစား မထားဘူး။ ရွေးစရာလူတွေ များ လို့ အခက်တွေ့နေတာလား၊ အချစ်စစ်ကို မတွေ့ခဲ့လို့လားလို့ တစ်နေ့မှာ ကျွန်မ မအောင့်နိုင်ဘဲ သူ့ကို မေးမိတယ်။

"ခံစားမှု ဆိုတာ ကြာရှည်တဲ့အရာလို့ ထင်လား" သူ့အမေးကို ကျွန်မ ခေါင်းညိတ်လိုက်တယ်။

"ဒါဆိုရင် ကြာရှည်တဲ့အရာတွေက တည်ငြိမ်ရမှာ ပေါ့ ဟုတ်လား" သူ့စကားကိုကျွန်မ ချက်ချင်း ပြန်မဖြေနိုင်ဘူး။

"ကားကောင်းတွေကို ကျွန်မ အများ ကြီးစီးဖူးတယ်။ ဒါပေမဲ့ ယာဉ်မောင်းတွေက ပေါ့ပေါ့တန်တန်ပဲ ကားကို ဂရုတစိုက် မမောင်းဘူး။ စီးရတဲ့လူကို စိုးရိမ်ထိတ်လန့်စေတယ်။ အစားကောင်းတွေ ကျွန်မ အများ ကြီး စားဖူးတယ်။ ဒါပေမဲ့ တစ်ဖက်လူတွေက သူတို့အစာကို ချုပ်ထားတတ်တယ်။ ဒါကြောင့် အစားကောင်းရဲ့ အရသာကို ကျွန်မ မခံစားရဘူး။ အိမ်ကြီးအိမ်ကောင်းတွေကို ကျွန်မ မြင်ဖူးတယ်။ တကယ်လို့ လစဉ် ပုံမှန်ဝင်ငွေရှိမယ်ဆိုရင် ဒီလိုအိမ်ကောင်းမျိုးနဲ့ မဝေးဘူးဆိုတာကို ကျွန်မ နားလည်လိုက်တယ်။ သိပ်ချောသိပ်ခန့်တဲ့ ယောက်ျားလေးတွေ ကျွန်မ အများ ကြီးကြုံဖူးတယ်။ ဒါပေမဲ့ နောက်ဆယ်နှစ်မှာ သူတို့ ဒီလိုမချောနိုင်တော့သလို ကျွန်မလည်း အခုလို လှပနိုင်မှာ မဟုတ်တော့ဘူး။ အဲဒီ့ အချိန်ကျရင် အပြင်ပန်းကြည့်ပြီး တစ်ယောက်ကိုတစ်ယောက် နှစ်သက် တာမျိုး ဖြစ်နိုင်တော့မလား"

ပြောစရာစကားမရှိအောင် ကျွန်မ ဆွံ့အသွားတယ်။

"ဒါကြောင့် ပတ်ဝန်းကျင် အဆောင်အယောင်တွေကြားမှာ မပြောင်းလဲဘဲ ရှိနိုင်တာတွေက တကယ့်ရင်ထဲကနေလာတဲ့ ဂရုစိုက်မှု ၊ စောင့်ရှောက်မှု တွေပဲဖြစ်တယ်။ တည်ငြိမ်တဲ့ ပခုံးတစ်စုံလိုပေါ့။ ငြိမ်ငြိမ်လေး ကိုယ့်ဘေးမှာ ပဲရှိနေပြီး ကိုယ်နာကျင်တဲ့အခါ၊ ထိခိုက်ခံစားရတဲ့အခါ ကိုယ့်ရှေ့မှာ မားမားမတ်မတ်ရပ်တည်ပြီး ပျော့ညံ့တဲဘက်ကနေ ကြံ့ခိုင်တဲ့ ဘက်ကို တွဲခေါ်ပေးတတ်တယ်"

အဲဒီ့စကားကို ခုထက်ထိ ကျွန်မ မှတ်မိနေတယ်။ ခွဲခွာပြီး (၇)နှစ်ရဲ့ ဒီနေ့မှာ သူ့ဘေးကသူနဲ့လုံးဝမလိုက်ဖက်တဲ့၊ မချမ်းသာတဲ့၊ လူတွေ ထင်မှတ်မထားတဲ့ အမျိုးသားတစ်ဦးက သူ့ဖူးစာရှင် ဖြစ်နေတယ်။ ညစာစားနေတဲ့အခိုက် သိချင်တဲ့မေးခွန်းပေါင်းများ စွာ က ကျွန်မရင်ထဲ စုပြုံတိုးဝင်လို့လာတယ်။

ညစာစားအပြီးမှာ သူ့အမျိုးသားက သူ့လက်ကိုကိုင်ဆွဲပြီး တွဲခေါ်လိုက်တယ်။ ကြင်ကြင်နာနာနဲ့ လုံးဝတွဲလက်မဖြုတ်ဖူးသလိုပါပဲ။ ကျွန်မရင်ထဲက မေးခွန်းတွေကို သူမြင်သွားတယ်ထင်ပါရဲ့ ။ ကျွန်မနားနား တိုးတိုးလေးကပ်ပြီး . . .

"ကျွန်မတို့ ချစ်သူစဖြစ်တဲ့နေ့ကနေ အခုအချိန်ထိ သူက အဲလို ပုံစံပဲ" လို့ ရှက်ပြုံးလေးနဲ့ ပြောတယ်။

ဒါကပဲ ကျွန်မသိချင်တဲ့ အဖြေဖြစ်မယ်လို့ ကျွန်မထင်တယ်။ မပြောင်းလဲတဲ့၊ ခိုင်မြဲတဲ့၊ ဒီလို ဂရုစိုက်ကြင်နာခြင်းတွေနဲ့ နွေးထွေးနေတဲ့ လက်တစ်စုံက သက်ဆုံးထိတိုင် တွဲလက်မဖြုတ်တမ်း တွဲသွားမယ်ဆိုတာကို ကျွန်မ ယုံကြည်နေမိတယ်။ တစ်ယောက်လက်ကို တစ်ယောက်တွဲ ပြီးထွက်သွားတဲ့ သူတို့ နှစ်ယောက်ရဲ့ ရုပ်ပုံကိုကြည့်ပြီး အချစ်စစ်ဆိုတာ ဒါပဲဖြစ်ရမယ်လို့ ကျွန်မ ခံစားလိုက်မိတယ်။

## (၁၀)

လင်းလက်တဲ့ချစ်မီးအိမ်

"တကယ်တော့ အချစ်ဆိုတာ ကိုယ်ချစ်တဲ့သူအတွက် အမှောင်ထဲမှာ လင်းလက်တောက်ပနေတဲ့ မီးအိမ်လေးတစ်လုံး..."

မိဘနှစ်ပါးရဲ့ တစ်ဦးအပေါ်တစ်ဦးထားတတ်ကြတဲ့ ချစ်ခြင်း မေတ္တာမျိုးကို ငယ်ငယ်လေးကတည်းက သူ လေးစားအားကျခဲ့တယ်။ အဖေက သူတို့မြို့မှာ နာမည်ကြီးပန်းချီဆရာတစ်ဦးဖြစ်ပြီး ပန်းချီပြပွဲတွေ အကြိမ်ပေါင်းများ စွာ ကျင်းပခဲ့ဖူးသူဖြစ်တယ်။ အမေ့အပေါ် အသေးအဖွဲက အစ ဂရုစိုက်တတ်တဲ့ အဖေ့ရဲ့ ချစ်ခင်မြတ်နိုးမှု ကို သူ နှိုင်းမပြတတ်ဘူး။ အဖေ့လို မြင့်မြတ်တဲ့ယောကျ်ားတစ်ဦးရဲ့ ချစ်ခြင်းကို ပိုင်ဆိုင်ထားရလို့ အမေ့ကို ကမ္ဘာပေါ်မှာ အပျော်ရွှင်ဆုံးအမျိုးသမီးလို့ သူ မကြာခဏ တွေးထင်မိတယ်။

ငယ်စဉ်ကတည်းက ပန်းချီပညာ အတူဆည်းပူးခဲ့တဲ့ အဖေနဲ့ အမေဟာ အမြဲတမ်း နှစ်ယောက်အတူ ပန်းချီဆွဲလေ့ရှိတယ်။ ပန်းချီဆွဲတဲ့ အချိန် သူတို့မှာ တူညီတဲ့အကျင့်တစ်ခု ရှိကြတယ်။ အဲဒါက ပန်းချီစဆွဲတဲ့ အချိန် အဖေက ကင်းဘတ်စပေါ်မှာ ခဲရောင်ဖျော့လေးနဲ့ အရစ် အကြောင်းတွေအရင်ရေးဆွဲတတ်တယ်။ ပြီးမှ အမေက အဖေဆွဲထားတဲ့ ပန်းချီကားပေါ် ဆေးရောင်စုံတွေ ခြယ်မှုန်းတတ်တယ်။ နောက်ဆုံးမှာ ပန်းချီကားက သူတို့နှစ်ဦးရဲ့ ချစ်ခြင်းတွေ ရောစပ်ဖွဲ့သီထားသလိုပဲ ဆေးရောင်စုံတွေနဲ့ သက်ဝင်လှပနေတတ်တယ်။

သူ တဖြည်းဖြည်း ကြီးပြင်းလာတယ်။ ဘဝလက်တွဲဖော်ရှာပြီး နောက်ဆုံးမှာ သူ အိမ်ထောင်ပြုတယ်။

အိမ်ထောင်ပြုပြီးမှ ခင်ပွန်းသည်နဲ့ သူ့ဘဝနေထိုင်မှု တွေ လုံးဝ ခြားနားကြောင်းသူ သိလာရတယ်။ ခင်ပွန်းနဲ့သူဟာ အကြိုက်မတူသလို၊ အလုပ်ကိုယ်စီနဲ့ နှစ်ယောက်အတူနေချိန်တွေလည်း နည်းတယ်။ ဗလာ အပြည့်တင်ဆောင်ထားတဲ့

ရထားတစ်စီး သူ့ဘဝထဲ ခေါက်တုန့်ခေါက်ပြန် မောင်းနှင်နေသလိုပဲ။ အရင်ကချစ်ဖူးတဲ့ အချစ်တွေဟာ စက္ကန့်ပိုင်းလေးပဲ လင်းလက်ပြီးနောက် မည်းညစ်ညစ်မီးခိုးခေါင်းတိုင်ထဲ ကျပျောက်သွားခဲ့သ လို အစအန လုံးဝ သူ ရှာမရတော့ဘူး။

အိမ်ထောင်သက် (၂)နှစ်အကြာမှာ ခင်ပွန်းရဲ့ အလုပ်တချို့ အခက်အခဲနဲ့ ကြုံရတယ်။ စိတ်ပျက်အားငယ်နေတဲ့ ခင်ပွန်းကို နှစ်သိမ့်မှု မပေးတဲ့အပြင် သူ့ကိုယ်သူ မိခင်နဲ့နှိုင်းယှဉ်ကြည့်ပြီး သူဟာ အိမ်ထောင်ရေး ပျော်ရွှင်မှု တွေ မရသူအဖြစ် သတ်မှတ်မိတယ်။ စိတ်သဘောထားချင်း တိုက်ဆိုင်တဲ့ အိမ်ထောင်ဘက်ကို မရတဲ့အပြင် ယောကျ်ားဖြစ်သူရဲ့ အသုံးမကျမှု ကိုလည်း ခံရပြန်တယ်လို့ သူ ထင်ခဲ့တယ်။

ခင်ပွန်းဖြစ်သူနဲ့ စကားများ ငြင်းခုန်ပြီးနောက် မိဘအိမ်ကို သူ ပြန်တယ်။ အဲဒီ အချိန်က အမေဆုံးတာ တစ်နှစ်ကျော်နေပြီဖြစ်တယ်။ ခင်ပွန်းနဲ့ ဖြစ်ပျက်ခဲ့သမျှအကြောင်းအားလုံး အဖေ့ကို သူ ပြောပြ တယ်။ အဖေ့လို ချစ်ခြင်းမျိုးတွေ သူ ဘာကြောင့် မပိုင်ဆိုင်နိုင်သလဲလို့ အဖေ့ကို အားတုံ့အားနာ သူမေးမိတယ်။

အိုမင်းနေပြီဖြစ်တဲ့ အဖေက သူ့အမေးကို ချက်ချင်းမဖြေဘဲ သူ့ရှေ့မှာ ပန်းချီကားတစ်ချပ်ဆွဲဖို့ ပြင်ဆင်တယ်။ အမေဆုံးပြီးကတည်းက ပန်းချီလုံးဝမဆွဲတော့တဲ့အဖေ့ရဲ့ အပြုအမူကို သူ အံ့သြသွားမိတယ်။

(၁၀)မိနစ်အကြာမှာ အဖေက ဆွဲထားတဲ့ ပန်းချီကားကို ပြတယ်။ ပန်းချီကဆေးရောင်တစ်မျိုးနဲ့ပဲ ဆွဲထားတဲ့ ပန်းချီဖြစ်တယ်။ ပန်းချီကားတစ်ချပ်လုံးကို ရင့်တန်ရင့်၊ ဖျော့တန်ဖျော့နဲ့ တည်ငြိမ်တဲ့ အပြာရောင်ကိုသုံးပြီး ခြယ်မှုန်းထားတယ်။ ပန်းချီကားရဲ့ အလယ် တစ်နေရာမှာ ပင်လယ်နက်ထဲ ကျက်စားတဲ့ ငါးတစ်ကောင်ကိုဆွဲထားပြီး ငါးဦးခေါင်းမှာ အပြာရောင်အလင်းလေး လင်းလက်နေတဲ့ မီးအိမ်လေး တစ်လုံး ပါရှိတယ်။

အဖေက သူ့ဘဝတလျှောက်လုံး အရောင်တစ်မျိုးနဲ့ပဲ ပန်းချီဆွဲခဲ့ ကြောင်း သူ့ကိုပြောပြတယ်။

တကယ်တော့ အဖေဟာ ငယ်ရွယ်စဉ်ကတည်းက အရောင်ကန်း (colorblind) ဝေဒနာကို ခံစားခဲ့ရပြီး သူ့အမြင်မှာ ရှိရှိသမျှအရာအားလုံး ကို အရောင်တစ်ရောင်တည်းအဖြစ်ပဲ မြင်တယ်။ ငယ်ငယ်လေးကတည်းက အဖေနဲ့အတူ ပန်းချီဆွဲသင်ခဲ့တဲ့အမေက ဒီ့အတွက်နဲ့ အဖေ့ကို ပန်းချီဆွဲတဲ့ အတတ် လက်မလွှတ်စေခဲ့ဘူး။ အဖေဆွဲပြီးတဲ့ အရောင် တစ်ရောင်ပန်းချီကားချပ်ပေါ်မှာ အမေက အရောင်တွေ ထပ်ခြယ်မှုန်း ပေးတယ်။ လှပတဲ့ရောင်စုံ၊ ပြောင်မြောက်တဲ့လက်ရာနဲ့အဖေ့ကို နာမည်ကြီး ပန်းချီဆရာတစ်ဦးဖြစ်အောင် စွမ်းဆောင်ပေးခဲ့တယ်။

"ဒါကြောင့် ဘဝတလျှောက်လုံး တကယ်ပျော်ရွှင်ခဲ့သူက သမီး အမေမဟုတ်ဘူး။ သမီးအမေရဲ့ အနစ်နာခံအချစ်တွေနဲ့ တကယ်ပျော်ရွှင် ခဲ့သူက အဖေပါ"

အဖေက ပန်းချီကားကို သူ့လက်ထဲထည့်ပေးပြီး ခင်ပွန်းဆီပြန်ဖို့ ပြောတယ်။ အဲဒီ့ အချိန်ကစပြီး ဧည့်ခန်းမှာ ချိတ်ဆွဲထားတဲ့ ပန်းချီကားကို ကြည့်ရင်း အဖေပြောခဲ့ဖူးတဲ့ ပင်လယ်နက်ထဲက ငါးတစ်မျိုးအကြောင်းကို သူ အမှတ်ရနေတတ်တယ်။

ကမ္ဘာပေါ်မှာ အနက်ဆုံးဖြစ်တဲ့ Mariana Trench ရဲ့ အနက်ရှိုင်းဆုံးနေရာမှာ ရှိတဲ့ ပင်လယ်ရေက သိပ်အေးတယ်။ အေးလွန်းလို့ ဘယ်ရေ သတ္တဝါမှ မရှင်သန်နိုင်ဘူး။ ဒါပေမဲ့ အဲဒီ့ လို ရေနက်နေရာမှာ Monk sh လို့ခေါ်တဲ့ငါးတစ်မျိုးက ပျော်ပျော်ကြီး ကျင်လည်ကျက်စားပြီး မျိုးပွားတယ်။ Monk sh တွေဟာ ကြီးလေလေ ရှေ့ကလမ်းကိုတောင် မမြင်ရအောင် ကန်းလေလေဖြစ်တယ်။ ဒါပေမဲ့ သူတို့ကိုယ်ထဲ အချစ်စိတ်တွေဖြစ်ပွား လာတာနဲ့ သူတို့ရဲ့ ဦးခေါင်းထိပ်မှာ ရှိတဲ့ မီးအိမ်ဟာ လင်းလက်လာတတ် တယ်။ အဲဒီ့ မီးရောင်နဲ့ လမ်းတွေကို သူတို့ တွေ့မြင်ရပြီး ပင်လယ်နက်ထဲမှာ ပျော်ပျော်ကြီးရှင်သန်နိုင်ခဲ့ကြတယ်။

တကယ်တော့ အချစ်ဆိုတာ ကိုယ်ချစ်တဲ့သူအတွက် အမှောင်ထဲမှာ လင်းလက်တောက်ပတဲ့ မီးအိမ်ငယ်လေးတစ်လုံးဆိုတာကို နောက်ဆုံးမှာ သူ သဘောပေါက်နားလည်သွားတယ်။

## (၁၁)

ခံစားမှု ဘဏ်ထဲ ဘာတွေစုဆောင်းမလဲ

လူ့ဘဝက ရှုပ်ထွေးပွေလီလှတယ်။ တစ်ခါတရံမှာ ထိန်းချုပ်မှု တွေ ကင်းလွတ်ပြီးကိုယ့်ချစ်သူ၊ ကိုယ့်ကြင်ဖက်၊ ကိုယ့်သူငယ်ချင်းတွေကို ထိခိုက်နာကျင်တဲ့စကားတွေ ပြောဆိုမိတတ်တယ်။ ခံစားမှု ဘဏ်တိုက် အကောင့်လေး overdraft မဖြစ်အောင် အကောင်းဆုံးနည်းက ကောင်းတဲ့ စကား၊ ကြည်နူးတဲ့စကား၊ ပြုစုယုယမှု တွေ၊ ဂရုစိုက်စောင့်ရှောက်မှု တွေ ပုံမှန်စုဆောင်းတာပဲဖြစ်ပါတယ်။

ဇနီးရဲ့ ခံစားမှု ဘဏ်တိုက်ထဲ သင် ဘာတွေစုဆောင်းသင့်သလဲ။

ခင်ပွန်းရဲ့ ခံစားမှု ဘဏ်တိုက်ထဲ သင် ဘာတွေစုဆောင်း သင့်သလဲ။

ချစ်သူရဲ့ ခံစားမှု ဘဏ်တိုက်ထဲ သင် ဘာတွေစုဆောင်းသင့်သလဲ။

သူငယ်ချင်းရဲ့ ခံစားမှု ဘဏ်တိုက်ထဲ သင် ဘာတွေစုဆောင်းသင့်သလဲ။

ဇနီးရဲ့ ခံစားမှု ဘဏ်တိုက်ထဲ သင် ဘာတွေစုဆောင်းသင့်သလဲ။

(၁) နံနက်ခင်းမှာ နွေးထွေးတဲ့ ပွေ့ဖက်မှု တစ်ခုပေးပါ။

(၂) သူ့အစား ကော်ဖီ၊ လက်ဖက်ရည် ဖျော်ပါ။

(၃) သူ့ကို အိပ်ရာခင်းတွေ ခေါက်ကူပါ။

(၄) ညအချိန်မှာ အမှိုက်သိမ်း/ သွန်ကူပါ။

(၅) ကလေးကို ကျောင်းပို့ပါ။

(၆) သူ့မိဘကို ကောင်းကောင်းမွန်မွန်ဆက်ဆံပါ။

(၇) အကျီကူခေါက်ပါ။

(၈) မွေးနေ့လက်ဆောင်ပေးပါ။

(၉) အိမ်စရိတ် ကူညီထောက်ပံ့ပါ။

(၁၀) ဂရုစိုက်၊ နွေးထွေးတဲ့ စကားတွေ ပြောပါ။

ခင်ပွန်းရဲ့ ခံစားမှု ဘဏ်တိုက်ထဲ သင် ဘာတွေစုဆောင်းသင့်သလဲ။

(၁) အလုပ်ကပြန်လာတဲ့သူ့ကို ကြိုဆိုပါ။

(၂) သူ့အလုပ်အကိုင်ကို ဂရုပြု(စောင့်ရှောက်)ပါ။

(၃) ညစာကို စားချင်စဖွယ်ပြင်ဆင်ပါ။

(၄) သူ့စိတ်လိုအင်ကို ဖြည့်ပါ။

(၅) မင်္ဂလာနှစ်ပတ်လည်မှာ သူ အံ့သြပျော်ရွှင်အောင် လက်ဆောင်ပေးပါ။

(၆) သူ့လုပ်ရည်ကိုင်ရည်၊ သူ့အကျင့်စရိုက်ကို လေးစားတန်ဖိုးထားပါ။

(၇) အခြေအနေ၊ အချိန်အခါကိုကြည့်ပြီးမှ ပြဿနာကို ဆွေးနွေးတင်ပြပါ။

(၈) သူနှစ်သက်တဲ့ ဘောလုံးပွဲကိုကြည့်ပါစေ။

(၉) ကိုယ့်ကိုယ်ကိုယ် အမြဲလှပသန့်ရှင်းအောင် ပြင်ဆင်ပါ။

(၁၀) သူ့မိဘကို ပြုစုစောင့်ရှောက်ပါ။

ချစ်သူရဲ့ ခံစားမှု ဘဏ်တိုက်ထဲ သင် ဘာတွေစုဆောင်းသင့်သလဲ။

(၁) သူပြောတာ၊ လုပ်တာကို ယုံကြည်ပါ။

(၂) သူ့ကို အလေးထား ဂရုစိုက်ပါ။

(၃) ခွင့်လွှတ်နားလည်မှု တွေ ပေးပါ။

(၄) သူနှစ်သက်တဲ့အလုပ်၊ ပွဲတွေမှာ ပါဝင်ပါ။

(၅) သူပြောချင်တာကို နားထောင်ပေးပါ။

(၆) နေ့တိုင်း ချစ်သူများ နေ့လို ချိုမြိန်မြိန်ဖြတ်သန်းပါ။

(၇) ချစ်တယ်ဆိုတဲ့စကားကို ပါးစပ်ဖျားမှာ ချိတ်ထားဖို့မလိုပေမယ့် ရင်ထဲ မှာ အမြဲထည့်ထားပါ။

(၈) စိတ်ကြည်နူးစေတဲ့ လက်ဆောင်လေးတွေ တစ်ခါတစ်ရံ ပေးပါ။

(၉) သူ့အလုပ်ကို ကူလုပ်မပေးခင် ကြည်နူးနှစ်သက်တဲ့ စကားအကောင်းကို ပြောပါ။

(၁၀) သူ့ကောင်းကွက်ကို ပိုမြင်ပြီး ဆိုးကွက်ကိုလျှော့ကြည့်ပါ။

သူငယ်ချင်းရဲ့ ခံစားမှု ဘဏ်တိုက်ထဲ သင် ဘာတွေစုဆောင်းသင့်သလဲ။

(၁) သူရင်ဖွင့်တဲ့ စကားကို နားထောင်ပေးပါ။

(၂) သူလုပ်ချင်တဲ့ အလုပ်ကို ထောက်ခံအားပေးပါ။

(၃) သူအခက်အခဲကြုံချိန်မှာ ကူညီပါ။

(၄) သူ အမှား လုပ်မိချိန်မှာ လမ်းပြညွှန်ကြားပါ။

(၅) သူ ဝမ်းနည်းထိခိုက်ချိန်မှာ ဖေးမအဖော်ပြုပါ။

(၆) သတိရချိန်မှာ ဖုန်းဆက်ပြီး သူ့ကို ကိုယ် သတိရကြောင်း ပြောပါ။

(၇) မကြာမကြာ သူ့ရဲ့ အခြေအနေ (အဆင်ပြေ၊ မပြေ) ကို ဂရုစိုက်ပါ။

(၈) စိတ်ဝိညာဉ်ချင်း ဖလှယ်ပါ။

(၉) ကိုယ့်ဆီမှာ ရှိတဲ့ ပျော်စရာကောင်းတဲ့ ပစ္စည်းတွေ သူ့အတွက် တစ်ပုံ အမြဲရှိပါစေ။

(၁၀) ကိုယ့်ခံစားချက်ကို သူနဲ့ အတူ မျှဝေပါ။

## (၁၂)

မတူ ထူးတဲ့ချစ်နည်း

"စကားလုံးတွေနဲ့ မဖော်ပြတတ်တဲ့၊ နွေးထွေးတဲ့၊ ငါ့အတွက် အချစ်တွေနဲ့ ပြည့်နေတဲ့ အသည်းနှလုံးတစ်စုံရှိနေတယ်ဆို တာ..."

(၁)

ငါ နင့်ကို ပြောတယ် "ငါ ဒီနေ့ လေကားပေါ်တံမြက်စည်းလှဲတာ ပြုတ်ကျခါနီး လေးဟယ်" ဆိုတော့ ...

"အိုး . . . သတိထားမှပေါ့ မိန်းမရယ်"လို့ နင့်ဆီက နှစ်သိမ့် တာကို ငါ မျှော်လင့်ခဲ့ပေမယ့် "နင် ဖြည်းဖြည်းမလှဲတတ်ဘူးလား"ဆိုတဲ့ အဖြေကိုပဲ ငါရတယ်။ ငါ ဝမ်းနည်းမိတယ်။ ငါ့ကို နင် မချစ်ဘူး။ ဂရုမစိုက်ဘူး။

နောက်တော့ လေကားက ခါတိုင်းထက် သန့်ရှင်းနေတာကို ငါ သတိထားမိတယ်။ ငါ လှဲစရာမလိုအောင် သန့်ရှင်းလွန်းတယ်။ နောက်မှသိရတာ က အလုပ်မသွားခင် ငါးမိနစ်အချိန်ပေးပြီး ငါ့ကိုယ်စား နင်လှဲခဲ့တယ်။ တကယ်တော့ ငါ့ကို နင် ဂရုစိုက်တယ်။ ချစ်တယ်။ ဒါက တခြားလူတွေနဲ့မတူတဲ့ နင့်ရဲ့ ချစ်နည်းပေါ့။

(၂)

"လမ်းမှာ ကားပျက်သွားလို့ ကားမှတ်တိုင်ရောက်ဖို့ နာရီဝက်ကြာ ငါ လမ်းလျှောက်လိုက်ရတယ်" ငါ နင့်ကို ပြောတော့ ...

"တက္ကစီစီးပြီး ပြန်လာရောပေါ့။ ပင်ပန်းနေပြီလား"ဆိုတဲ့ ဂရုစိုက်သံကို နင့်ဆီကကြားချင်ပေမယ့် "သိပ်မှမဝေးတာ လျှောက်ပေါ့။ ဝိတ်လျှော့တာနဲ့ တူတူပဲ" လို့ နင်ပြောခဲ့တယ်။ ငါ့ကို နင် မချစ်ဘူး။ ဂရုမစိုက်ဘူးဆိုပြီး ငါ စိတ်တိုမိတယ်။

နောက်တစ်နေ့နံနက် စားပွဲပေါ်မှာ နင့်ကားသော့ကို ငါ တွေ့ရ တယ်။ ငါ့အတွက် နံနက်စာကို နင် စီစဉ်ခဲ့သေးတယ်။ တကယ်တော့ ငါ့ကို နင် ဂရုစိုက်တယ်။ ချစ်တယ်။ ဒါက

တခြားလူတွေနဲ့မတူတဲ့ နင့်ရဲ့ ချစ်နည်းပေါ့။

(၃)

"ဟင်းကြော်တာ နည်းနည်းတူးသွားတယ်။ နင် သည်းခံပြီးစားပေး နော်" နင့်ကို ငါပြောတော့...

"အင်း... ကိစ္စမရှိဘူး။ နင်ဘယ်လိုချက်ချက် ငါကြိုက်တယ်" ဆိုတဲ့ ကြင်နာသံကို နင့်ဆီက ကြားချင်ပေမယ့် "ကြည့်ရုံနဲ့ မစားချင် တော့ဘူး။ စားချင်စိတ်လည်း မရှိတော့ဘူး"လို့ နင် ပြောတယ်။ ငါ့ကို နင် နားမလည်ဘူး။ ဂရုမစိုက်ဘူးဆိုပြီး ငါ ဝမ်းနည်းခဲ့မိတယ်။

နောက်တော့ သွန်ပစ်မယ်လို့ စိတ်ကူးထားတဲ့ဟင်းတွေ ပျောက်ပျောက်နေတာကို သတိထားလိုက်မိတယ်။ နောက်တော့ နင့်နှုတ်ခမ်းမှာ ၊ နင့်အနံ့အသက်မှာ ဟင်းနံ့တွေ ငါ ရတယ်။ တကယ်တော့ ငါ့ကို နင် ဂရုစိုက်တယ်။ ချစ်တယ်။ နားလည်မှု ပေးတယ်။ ဒါက တခြားလူတွေနဲ့မတူတဲ့ နင့်ရဲ့ ချစ်နည်းပေါ့။

(၄)

"ငါ့ဆံပင်တွေ ကျွတ်လိုက်တာ။ ဆရာကတော့ စိတ်မပူနဲ့လို့ ပြောတာပဲ။ ကတုံးဖြစ်သွားမှာ တောင် စိုးတယ်" နင့်ကို ငါပြောတော့ ...

"စိတ်မပူပါနဲ့။ နင့်ဆံပင်တွေ များ နေတာပဲ။ ကတုံးဖြစ်လောက်တဲ့ အထိ မကျွတ်နိုင်ဘူး"ဆိုတဲ့ အားပေးသံကို နင့်ဆီက ကြားချင်ပေမယ့် . . .

"ကိုယ့်ဆံပင်ကျွတ်တာ ခုမှသိတာလား။ ကြမ်းပြင်ပေါ်မှာ နင့်ဆံပင်မွေးတွေချည်းပဲ။ ညစ်ပတ်တယ်"လို့ နင်ပြောတယ်။ နင် ကိုယ်ချင်းမစာဘူး။ ဂရုမစိုက်ဘူးဆိုပြီး ငါ ဝမ်းနည်းခဲ့တယ်။

နောက်တော့ အိမ်ကကြမ်းပြင်ပေါ်မှာ ငါ့ဆံပင်မွေးတွေ အတွေ့နည်းသွားတယ်။ ဆံပင်မကျွတ်တော့ဘူးလို့ ငါဝမ်းသာနေတုန်း နင် ခရီး ထွက်ရတယ်။ နင်မရှိမှ ကြမ်းပြင်ပေါ်ကဆံပင်မွေးတွေ များ လာတယ်။ နောက်မှ ငါမသိအောင်

ဆံပင်မွှေးတွေကို နင်လှဲပေးတယ်ဆိုတာကို ငါသိလိုက်ရတယ်။ တကယ်တော့ ငါ့ကို နင် ဂရုစိုက်တယ်။ ချစ်တယ်။ ငါ့စိတ် ချောက်ချားမှာ ကို နင် စိုးတယ်။ ဒါက တခြားလူတွေနဲ့ မတူတဲ့ နင့်ရဲ့ ချစ်နည်းပေါ့။

(၅)

"သူငယ်ချင်းတွေနဲ့ ချိန်းထားလို့ ဒီည အိမ်ပြန်နောက်ကျမယ် နော်" နင့်ကို ငါပြောတော့...

"ဘယ်သူတွေပါလဲ။ သတိထားနော်။ စောစောမပြန်နိုင်ရင် ဖုန်းမကြာမကြာဆက်နော်"ဆိုတဲ့ ဂရုစိုက်သံကို နင့်ဆီက ကြားချင်ပေမယ့် . . . .

"နင့်သဘောပဲ စိတ်ချမ်းသာသလိုလုပ်" လို့ နင်ပြောတယ်။ ငါ့ကို နင် မချစ်ဘူး။ ဂရုမစိုက်ဘူးဆိုပြီး ငါ ဝမ်းနည်းမိတယ်။

နောက်တော့ စိတ်တိုတိုနဲ့ နင့်ကိုရွဲ့ပြီး မနက် (၃)နာရီမှ ငါ အိမ်ပြန်တယ်။ ဆိုဖာပေါ်မှာ ခွေခွေလေးအိပ်နေတဲ့ နင့်ကိုမြင်မှ တကယ်တော့ ငါ့ကို နင် ဂရုစိုက်တယ်။ ချစ်တယ်ဆိုတာကို ငါသိလိုက်တယ်။ ဒါက တခြားလူတွေနဲ့မတူတဲ့ နင့်ရဲ့ ချစ်နည်းပေါ့။

(၆)

"ငါ ဟိုဒင်းဖြစ်နေလို့ ဗိုက်အရမ်းအောင့်တယ်" နင့်ကို ငါ ပြောတော့...

"သည်းခံလိုက်ပါ။ တစ်ရက်နှစ်ရက်ဆို ပြီးသွားမှာ ပါ" ဆိုတဲ့ ဂရုစိုက်သံကို နင့်ဆီက ကြားချင်ခဲ့ပေမယ့် . . .

"မိန်းမတွေ သိပ်အလုပ်ရှုပ်တာပဲ"လို့ နင်ပြောတယ်။ ငါ့ကို နင် မချစ်ဘူး။ ဂရုမစိုက်ဘူးဆိုပြီး ငါ ဝမ်းနည်းခဲ့မိတယ်။

နောက်တော့ အိမ်က အစားထည့်တဲ့ဗီရိုမှာ ချောကလက်တွေ ပိုလာတာ တွေ့လိုက်တယ်။ နင်ဝယ်လာပြီး နင် မစားဘူး။ မိန်းမ သဘာဝမဖြစ်ခင် နင် ဝိုဝယ်ထားတတ်တာကို ငါ သတိထားလိုက်မိတယ်။ တကယ်တော့ ငါ့ကို နင် ဂရုစိုက်တယ်။

ချစ်တယ်။ ဒါက တခြားလူတွေနဲ့မတူတဲ့ နင့်ရဲ့ ချစ်နည်းပေါ့။

(၇) "ဒါ နင့်အတွက် ငါရွေး ဝယ်ထားတဲ့ အနွေးထည်၊ နွေရာသီမှာ လျှော့ဈေးနဲ့ရောင်းလို့ ဝယ်ခဲ့တာ။ ခု ဆောင်းရောက်ပြီဆိုတော့ ဝတ်လိုက် ပါနော်။ နင့်အတွက် ငါ့ရဲ့ ဆောင်းရာသီလက်ဆောင်ပေါ့" နင့်ကို ငါ ပြောတော့...

"ကျေးဇူးတင်ပါတယ်။ နင့်အချစ်ကြောင့် ဒီဆောင်းမှာ ငါ ပိုနွေးထွေးတော့မယ်" ဆိုတဲ့ဂရုစိုက်သံကို နင့်ဆီက ကြားချင်ပေမယ့် . . .

"ရာသီပြောင်းလျှော့ဈေးမှာ ဝယ်တဲ့အပေါ်စားပဲ" လို့ နင်ပြော တယ်။ ငါ့ကိုနင် မချစ်ဘူး။ ဂရုမစိုက်ဘူးဆိုပြီး ငါ ဝမ်းနည်းမိတယ်။

နောက်တော့ ဆောင်းကုန်လို့ နွေရောက်တဲ့အထိ အဲဒီ့ အင်္ကျီကို နင် မချွတ်ဘူး။ ရုံးတက်၊ ရုံးဆင်း နေ့တိုင်း နင်ဝတ်တယ်။ တကယ်တော့ ငါ့ကို နင် ဂရုစိုက်တယ်။ ချစ်တယ်။ ဒါက တခြားလူတွေနဲ့မတူတဲ့ နင့်ရဲ့ ချစ်နည်းပေါ့။

(၈)

"ဒီနေ့နားထောင်ခဲ့တဲ့ ဓမ္မတေးက သိပ်ကောင်းတာပဲ။ နားထောင်ရင်း ခံစားရတယ်" နင့်ကို ငါပြောတော့...

"ဘယ်စာအုပ်၊ ဘယ်အခွေထဲကလဲ။ ငါတို့ သွားရှာဝယ်ရ အောင်လေ"ဆိုတဲ့ ဂရုစိုက်သံကို နင့်ဆီက ကြားချင်ပေမယ့် . . . .

"ဘယ်တေးဖြစ်ဖြစ် အတူတူပဲ"လို့ နင်ပြောခဲ့တယ်။ ငါ့ကို နင် မချစ်ဘူး။ ဂရုမစိုက်ဘူးဆိုပြီး ငါ စိတ်တိုမိတယ်။

နောက်တော့ ကတ်ဆက်ထဲကနေ ရင်းနှီးတဲ့တေးသံကို အမြဲ ကြားရတယ်။ စီဒီစင်ပေါ်မှာ လည်း ခွေအသစ်တစ်ခွေ တိုးလာတယ်။ တကယ်တော့ ငါ့ကို နင် ဂရုစိုက်တယ်။ ချစ်တယ်။ ဒါက တခြားလူတွေနဲ့မတူတဲ့ နင့်ရဲ့ ချစ်နည်းပေါ့။

(၉)

"လမ်းထိပ်က ခေါက်ဆွဲသုပ်က သိပ်စားလို့ကောင်းတယ်" နင့်ကို ငါပြောတော့...

"ဟုတ်လား။ မနက်ဖြန်ကျရင် ငါတို့ အတူတူသွားစားမယ်လေ" ဆိုတဲ့ ဂရုစိုက်သံကို နင့်ဆီက ကြားချင်ပေမယ့် . . . .

"တစ်ချိန်လုံး စားဖို့ချည်းတွေးနေတယ်။ နင့်ကိုယ်လုံးကို နင် ပြန်အားနာဦး"လို့ နင် ပြောတယ်။ နင် ငါ့ကို မချစ်ဘူး။ ဂရုမစိုက်ဘူးဆိုပြီး ငါ စိတ်တိုမိတယ်။

နောက်တော့ အဲဒီ့ ခေါက်ဆွဲသုပ်ကို မကြာခဏ နင်ဝယ်လာ တတ်တာကို ငါသတိထားမိတယ်။ တကယ်တော့ ငါ့ကို နင် ဂရုစိုက်တယ်။ ချစ်တယ်။ ဒါက တခြားလူတွေနဲ့မတူတဲ့ နင့်ရဲ့ ချစ်နည်းပေါ့။

(၁၀)

"နင်နဲ့ရခဲ့လို့ ငါဝမ်းသာတယ်။ နင်ဟာ ငါ့ရဲ့ ခင်ပွန်းကောင်း တစ်ဦးပါ" နင့်ကို ငါပြောတော့...

"အင်း... ငါလည်း ဝမ်းသာတယ်။ နင်က ငါ့ရဲ့ ဇနီးကောင်းတစ်ဦးပါ" ဆိုတဲ့ ဂရုစိုက်သံကို နင့်ဆီက ကြားချင်ပေမယ့် . . .

"ယူတောင်ယူပြီးပြီပဲ။ မကောင်းတော့ ဘယ်လိုလုပ်မလဲ"လို့ နင်ပြောတယ်။ နင် ငါ့ကို မချစ်ဘူး။ ဂရုမစိုက်ဘူးဆိုပြီး ငါ စိတ်တိုမိတယ်။

နောက်တော့ ညညမအိပ်ခင် တစ်ရှုနဲ့ (၄၀)လက်မရှိတဲ့ မင်္ဂလာဓာတ်ပုံကို နင် ပွတ်တိုက်တတ်တာကို ငါ သတိထားမိတယ်။ ဓာတ်ပုံကိုကြည့်ပြီး နင် ပြုံးနေခဲ့တယ်။ တကယ်တော့ ငါ့ကို နင် ဂရုစိုက်တယ်။ ချစ်တယ်။ ဒါက တခြားလူတွေနဲ့မတူတဲ့ နင့်ရဲ့ ချစ်နည်းပေါ့။

နောက်ဆုံး ငါ သဘောပေါက်နားလည်ပါတယ်။ အေးတိ အေးစက် ဂရုမစိုက်တတ်တဲ့ နင့်ခန္ဓာအောက်မှာ စကားလုံးတွေနဲ့ မဖော်ပြတတ်တဲ့၊ နွေးထွေးတဲ့၊ ငါ့အတွက် အချစ်တွေ ပြည့်နေတဲ့ အသည်းနှလုံးတစ်စုံ ရှိတယ်ဆိုတာကို ငါ နားလည်တယ်။

ငါ့ကို နင် ချစ်တယ်။ ဒါပေမယ့် နင် ဖွင့်မပြောတတ်ဘူး။ ဒါကလည်း သူများ နဲ့ မတူတဲ့ ငါ့ကို ချစ်တဲ့နင့်ရဲ့ ချစ်နည်းတစ်မျိုးပေါ့နော်။

(၁၃)

မေတ္တာစာထဲက ပလေတို

ဂျွန်ရော်ဘင်ဆင်က အင်္ဂလန်ကဒုက္ခိတတစ်ဦးဖြစ်တယ်။ သူ့မှာ ဘယ်လက်တစ်ဖက်သာရှိပြီး ခုတင်ပေါ်မှာ ပဲ လဲလျောင်းနေရတယ်။ ညာမျက်လုံးတစ်လုံးပဲ အလင်းရပေမယ့် ဂျွန်ဟာ သူ့ကိုယ်သူ အမှောင် ထဲမှာ ဝိတ်လှောင်မထားဘူး။ ဘုရားသခင်ပေးသနားတဲ့ တစ်ခုတည်းသော အလင်းမြင်နိုင်တဲ့ မျက်လုံးနဲ့ သူ စာတွေဖတ်တယ်။ အလင်းအနည်းငယ်သာ ရပေမယ့် မျှော်လင့်ခြင်းတံခါးကို သူ အသေပိတ်မထားဘူး။ မရေရာတဲ့ ဘဝမှာ မျှော်လင့်ချက်တစ်ခုကို သူ စောင့်မျှော်နေတယ်။ ဘာကို သူ စောင့်မျှော်နေသလဲ။ "ဒုက္ခဆင်းရဲခြင်းတွေ ပြည့်နေတဲ့ သူ့ဘဝ အတွက် ဘယ်သူက နှစ်သိမ့်ခြင်းတွေ သယ်ဆောင်လာပေးနိုင်မလဲ။"

တစ်နေ့ ဂျွန် သတင်းစာဖတ်နေခိုက် ဆောင်းပါးတစ်ပုဒ်ကို တွေ့လိုက်တယ်။ အဲဒီ့ဆောင်းပါးက ဝေးခေါင်တဲ့တောင်တန်းတစ်နေရာမှာ နေထိုင်တဲ့ ကောင်မလေးတစ်ယောက်အကြောင်းကို ရေးထားတာ ဖြစ်တယ်။ ကောင်မလေးနာမည်က "မေရီ"။ (၂၉)နှစ်ဖြစ်ပြီး ဂျွန်နဲ့ ရွယ်တူ ဖြစ်တယ်။ မေရီဟာလည်း ဂျွန့်လိုပဲ အိပ်ရာပေါ်မှာ သာ လဲလျောင်းခွင့် ရတဲ့ လက်နှစ်ဖက်သာလှုပ်ရှားနိုင်တဲ့ ဒုက္ခိတမလေးဖြစ်တယ်။

သတင်းစာဖတ်ပြီး ဂျွန် ခံစားသွားရတယ်။ အလင်းမြင်ရတဲ့ ညာမျက်လုံးတစ်ဖက်နဲ့ မေရီ့အတွက် နှစ်သိမ့်စာတစ်စောင် သူရေး လိုက်တယ်။ စာမှာ "ဘုရားသခင်က ကျွန်တော့်ကို မစွန့်လွှတ်ဘူး။ ကျွန်တော့်ကို သေးငယ်တဲ့ အလင်းပေးပြီး ကျွန်တော်နဲ့ ဘဝတူ သူငယ်ချင်းကို တွေ့မြင်ခွင့်ပေးခဲ့တယ်"

ဂျွန်က မေရီ့ကို သူ့ရဲ့ "ပျော်ရွှင်တဲ့ဘဝအကြောင်း"ကို ရေးဖွဲ့ပြတယ်။

"ကျွန်တော့်မှာ ဘယ်လက်တစ်ဖက်သာရှိလို့ ညာလက်ရဲ့ လုပ်ယူခြင်းခံရမှာ ကိုမစိုးရိမ်ရဘူး။ တစ်နေကုန် အိပ်ရာထက်မှာ လဲနေတဲ့ အတွက် ကျွန်တော်ဟာ ရေးဘဝက ပျင်းကြောထုတဲ့လူဖြစ်ပြီး အခုဘဝမှာ အိမ်ထဲအိမ်ပြင် မထွက်နိုင်ဆိုတဲ့ဆုကို

တောင်းခဲ့ဟန်တူပါတယ်။ ကျွန်တော့်ရဲ့ ပျော်ရွှင်ခြင်းတွေကို သိချင်သေးတယ်ဆိုရင် ကျွန်တော့်ဆီ စာပြန်ပါ"လို့ ရေးလိုက်တယ်။

(၃)လလွန်ပြီး မေရီ့ဆီကပြန်စာကို ဂျွန် ရခဲ့တယ်။ ဒီပြန်စာ အတွက် သူ (၂)လတိတိအချိန်ယူခဲ့ရကြောင်း မေရီက စာထဲမှာ ထည့်ရေး ထားတယ်။ မေရီက ဆက်ပြီး စာရေးရတဲ့အလုပ်ဟာ သူ့အတွက် ခက်ခဲတဲ့အလုပ်ဖြစ်ပေမယ့် ကြီးမြတ်ကြောင်း၊ ဂျွန့်ရဲ့ စာထဲကနေ သူ တစ်ခါမှ မရခဲ့ဖူးတဲ့ ပျော်ရွှင်မှု တွေ့ရခဲ့ကြောင်း၊ ဘဝရဲ့ လှပမှု ကို ခံစားရကြောင်း ရေးထားတယ်။ အဲဒီ့နောက်ပိုင်း ဒုက္ခိတလူနှစ်ဦးရဲ့ စာတွေဟာ မရပ်မနား လူးလာခေါက်ပြန်ရှိခဲ့ကြတယ်။

တစ်နေ့မှာ ထင်မှတ်မထားတဲ့ လက်ထပ်ခွင့်တောင်းတဲ့စာ တစ်စောင်ကို မေရီ့ဆီက ဂျွန် ရရှိခဲ့တယ်။ စာထဲမှာ မေရီက "ငါတို့နှစ်ယောက် အတူနေခွင့်မရှိပေမယ့် စိတ်ဝိညာဉ်ခြင်း ရိုင်းပင်းကူညီနိုင်တဲ့၊ အချင်းချင်း ဂရုစိုက်၊ အားပေးနိုင်တဲ့ လင်မယားဖြစ်ခွင့်တော့ ရှိပါတယ်။ နင် သဘောတူလား" လို့ ရေးထားတယ်။

စာမြန်မြန်ပြန်နိုင်ဖို့အတွက် ဂျွန်ဟာ တုန်ရီနေတဲ့ဘယ်လက်နဲ့ စာတိုတိုလေးပဲ ရေးဖြစ်ခဲ့တယ်။

"မေရီ နင်ဟာ သတ္တိရှိ၊ ထက်မြက်ရိုးသားပြီး ချစ်စရာကောင်းတဲ့ မိန်းကလေးဖြစ်တယ်။ နင့်ရဲ့ တောင်းဆိုမှု ကို အကြိမ်ထောင်သောင်း ငါ လက်ခံတယ်။ ဒီစာကို နင်လက်ခံရရှိတဲ့ အချိန် နင်ဟာ ငါ့ဇနီးဖြစ်သွား ပါပြီ။ ငါတို့ သေဆုံးချိန်မှာ နှစ်ယောက်အတူမြုပ်နှံခွင့်ရဖို့ မျှော်လင့်တယ်"

သူတို့နှစ်ယောက်ရဲ့ အချစ်က ဒီလိုနဲ့ပဲ မွေးဖွားခဲ့ကြတယ်။ ဘုရားသခင် အလိုမရှိတော့တဲ့ လူနှစ်ယောက်ရဲ့ ကိုယ်ပေါ်မှာ အချစ်တွေ ဖူးပွင့်ခဲ့ကြတယ်။ သူတို့ရဲ့ အလယ်မှာ အရောင်စုံတွေ စပြီး ထွန်းတောက်လာ ခဲ့တယ်။ အဖြူအမည်းဘဝကို သူတို့ ကျော်ခိုင်းလိုက်ကြတယ်။

တစ်နေ့တာ မိုးသောက်ရောင်ခြည် ထွက်ပေါ်လာတာနဲ့ ဂျွန်က "ချစ်ရတဲ့မေရီ၊

မင်္ဂလာ နံနက်ခင်းပါ”လို့ တစ်ယောက်တည်း ရေရွတ်နေ တတ်တယ်။ ပြီးတော့ သူတွေ့မြင်သမျှ မေရီ့ကို တိုင်တည်နေတတ်တယ်။

တစ်ညတာ ခုတင်ရှေ့လရောင်ရောက်တာနဲ့ မေရီက “ချစ်ရတဲ့ ဂျွန်၊ မင်္ဂလာညချမ်းပါ”လို့ ရေရွတ်ရင်း သူတွေ့ မြင်ခဲ့တာတွေက ဂျွန်ပေးတဲ့ ပျော်ရွှင်မှု တွေလို့ သတ်မှတ်လိုက်တယ်။

ဒီလိုနဲ့ စာအဆက်အသွယ်နဲ့ ညားခဲ့ကြတဲ့ “လင်မယား”တို့ရဲ့ စိတ်ချင်းဖေးမတဲ့ တစ်ဘဝစာချစ်ခရီးက စတင်ခဲ့တယ်။ စာထဲမှာ သူတို့ တေးဆိုကြတယ်။ တွဲ ဖက်ညီညီ သီကျူးကြတယ်။ ဂျွန်က သူဖတ်ခဲ့တဲ့ ပုံပြင်တွေ မေရီ့ကို ပြောပြသလို မေရီကလည်း သူခံစားရသမျှ ဂျွန့်ကို ပြောပြတတ်တယ်။ နှစ်ဦးစလုံးရဲ့ ခံစားချက်တွေကို စာအဖြစ်ချရေးတော့ သူတို့ရဲ့ အချစ်ကဗျာတွေ ဖြစ်သွားခဲ့တယ်။ သူတို့ အများဆုံးပြောဖြစ်တာ၊ ဖြစ်ချင်တာက သေဆုံးပြီးနောက် အတူမြှုပ်နှံဖို့ဖြစ်တယ်။

(၁၉၉၄) ခုနှစ်၊ အသက် (၆၃)နှစ်ထိ ဂျွန် အသက်ရှင်နေထိုင်ခဲ့ တယ်။ လူတွေက ဂျွန် သေဆုံးတဲ့သတင်းကို “ချစ်ဇနီး”မေရီ့ဆီ အကြောင်း ကြားခဲ့တယ်။ သတင်းကြားပြီးနောက် ချိန်းထားသလားထင်ရလောက် အောင် မေရီလည်း လူ့ဘဝထဲကနေ ထွက်ခွာသွားခဲ့တယ်။ မေရီ့မျက်နှာ ပေါ်ကပျော်ရွှင်ကျေနပ်ခြင်းကို လူတွေ တွေ့ခဲ့ကြတယ်။ လူတွေက သူတို့ နှစ်ယောက်ရဲ့ ပြာအိုးကို အတူမြှုပ်နှံပေးပြီး မှတ်တိုင်မှာ ဂျွန်နှင့်မေရီဆိုတဲ့ အမည်နှစ်ခုကို နေပူပူ၊ မိုးရွာရွာ၊ မခွဲစတမ်း ပူးပူးကပ်ကပ် ရေးထိုး ပေးလိုက်ကြတယ်။

# (၁၄)

ချစ်ခြင်းရဲ့ မှန်ဘောင်

"ကျွန်တော်တို့ တစ်ယောက်ခေါင်းကို တစ်ယောက်မှီလို့ . . .
တစ်ယောက်လက်ကို တစ်ယောက် တင်းတင်းဆုပ်ကိုင်လို့ . . . ဖြူဖွေးတဲ့မင်္ဂလာဝတ်စုံ ဇာပဝါအောက်မှာ သူ့အပြုံးက ပျော်ရွှင်သက်ဝင်လို့ . . ."

လက်ထပ်ပြီး ရက်ပေါင်း (၂၅၅)ရက် . . . . .

သူနဲ့ ကျွန်တော့်ရဲ့ ဆက်ဆံရေးက လုံးဝကွဲအက် သွားပါပြီ။ ဘောင်ခတ်ထားတဲ့ စည်းရိုးတစ်ခုကို ကျော်ဖြတ်ခဲ့တဲ့ ယောက်ျားမိန်းမ တွေလည်း လက်ရှိ သူ့ပုံစံအတိုင်းဖြစ်မယ်လို့ တံခါးဝကလှမ်းထွက်သွားတဲ့ သူ့ကိုကြည့်ပြီး ကျွန်တော် စဉ်းစားမိတယ်။ သူ ကျွန်တော့်ကို နောက်ထပ် တစ်ချက်တောင် စောင်းငဲ့လို့ ကြည့်ချင်ပုံ မရတော့ဘူး။

နောက်တစ်နေ့ သူ့ပစ္စည်းတွေကို သူကိုယ်တိုင် လာသိမ်းတယ်။ ပစ္စည်းတွေသိမ်းဆည်းပြီး အခန်းထဲ ဟိုဟိုဒီဒီ သူ လှည့်ပတ်ကြည့်နေ တယ်။ ရုတ်တရက် သစ်သီးခြင်းထဲက အနီဆုံးပန်းသီး ၃၊ ၄ လုံးကို နှိုက်ပြီး အိတ်ထဲ သူထည့်လိုက်တယ်။ အဲဒီ ပန်းသီးတွေကို လွှန်ခဲ့တဲ့ ရက်တွေက သူဝယ်ခဲ့တာ။ ကျွန်တော် ခပ်ယဲ့ယဲ့ တစ်ချက်ပြုံးလိုက်မိတယ်။ အိမ်ထောင်ရေးဆိုတာက တကယ်ပဲ ရယ်စရာကောင်းတဲ့ အရာတစ်ခု လား။ အတူနေစဉ်မှာ သူ့အတွက် ရင်ကိုခွဲပြီး အသည်းနှလုံးကိုတောင် ထုတ်ပေးချင်တယ်။ ကွဲကြ၊ လမ်းခွဲကြတော့ ပန်းသီးတောင် အလွတ် မပေးဘဲ ချန်မထားချင်တော့ဘူး။ ပစ္စည်းတွေ ကုန်သလောက်သိမ်းပြီးတာ တောင် အိမ်အနှံ့ သူ လှည့်ပတ်ကြည့်နေသေးတယ်။

ရုတ်တရက် သူ့အကြည့်တွေ နံရံတစ်နေရာမှာ ရပ်သွားတယ်။ အဲဒီ့ နေရာက မှန်ဘောင်သွင်းပြီး ချိတ်ဆွဲထားတဲ့ လက်မ(၄၀)ရှိ မင်္ဂလာ ဆောင်ဓာတ်ပုံဆိုတာ ကျွန်တော် သိလိုက်တယ်။ အဲဒီ့ ဓာတ်ပုံကို သူ ယူသွားမယ်လို့ ကျွန်တော်ထင်တယ်။

ဘာဖြစ်လို့လဲဆိုတော့ ဓာတ်ပုံကို ပုံကြီး ချဲ့မယ်ဆိုတုန်းက ကုန်ကျငွေကိုကျွန်တော်က မပေးချင်ဘူး။ ဒါကိုသူက "တစ်သက်မှ တစ်ခါပဲ။ ကပ်စေးနှည်းမနေပါနဲ့။ ငါတို့ တစ်ယောက်တစ်ဝက် ထုတ်ပြီး လုပ်ကြရအောင်"လို့ ပြောတာနဲ့လုပ်ဖြစ်သွားတယ်။

ထိုင်ရာကထပြီး ဓာတ်ပုံကို ကျွန်တော် ဖြုတ်ယူလိုက်တယ်။ ဘောင်အနားမှာ တပ်ထားတဲ့ သံတွေကို လှည့်ယူဖို့ပြင်လိုက်တယ်။ ကျွန်တော်လည်း ကုန်ကျငွေတစ်ဝက်ကို ထုတ်ထားတဲ့အတွက် ကျွန်တော် လည်း တစ်ဝက်ပိုင်ပါတယ်။ သူလိုချင်ရင် တစ်ဝက်ပဲရမယ်။ ဒါပေမဲ့ ဘောင်ပေါ်ကသံ ဆယ့်နှစ်ချောင်းလုံး သံချေးတက်နေလို့ ဘယ်လိုမှ လှည့်ထုတ်လို့ မရဘူး။ ကျွန်တော် လွှထယူတော့ သူက ခပ်တိုးတိုး ဆိုတယ်။

"ဖြုတ်မရလည်း ထားလိုက်ပါ။ နင်ပဲ သိမ်းထားလိုက်တော့"

သူ့အပြောကို ကျွန်တော် တစ်ချက်မဲ့လိုက်ပြီး...

"ဟင်း . . . မလိုပါဘူး။ နင်ပဲယူသွားလိုက်"

ခေါင်းမာမာနဲ့ ဓာတ်ပုံကို သူ့ကားနောက်ခန်းထဲ ကျွန်တော် ထိုးထည့်ပေးလိုက်တယ်။ စိတ်ထဲမှာ အားရကျေနပ်လို့။ ဒါပေမဲ့ အိမ်ထဲပြန်ဝင်ခဲ့ပြီး ဓာတ်ပုံမဲ့နေတဲ့ နံရံအဖြူကွက်ကို တွေ့လိုက်တဲ့တခဏ အမည်မသိ ဝေဒနာတစ်ခုက ကျွန်တော့်ရင်ထဲတိုးဝင်လာခဲ့တယ်။

အဲဒီ့နောက်ပိုင်း နေ့လယ်ရုံးတက်၊ ညနေဘားတက်နဲ့ နေ့ရက် တွေကို ကျွန်တော် ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းတယ်။ ဒါပေမဲ့ အိမ်ပြန် ရောက်တိုင်း နံရံ ပေါ်က အဖြူကွက်ကိုပဲ အကြည့်ရောက်သွားတတ်တယ်။ အဲဒီ့ အခါ နာကျင်မှု တွေက ရင်ဝမှာ လာဆို့နေတော့တယ်။

ရက်သတ္တပတ်ရဲ့ နောက်ဆုံးနေ့ အဖော်သူငယ်ချင်းတွေက စုံတွဲ ကိုယ်စီနဲ့ ထွက်လည်ကြပြီး ကျွန်တော့်ကို ချန်ထားကြတယ်။ အဖော်မဲ့တဲ့ ကျွန်တော် အိမ်ကိုပဲပြန်လာတယ်။ အိမ်ရောက်တာနဲ့ ကွန်ပျူတာကို ကျွန်တော် ဖွင့်လိုက်တယ်။ ဝက်ဆိုက်ရဲ့ စာမျက်နှာအစမှာ သူ့ဘလော့ဂ် ထွက်ကျလာတယ်။

ဒီဘလော့ဂ်က သူ (၃၀)နှစ်ပြည့်မွေးနေ့မှာ ကျွန်တော်ကိုယ်တိုင် လုပ်ပေးခဲ့တဲ့လက်ဆောင်ဘလော့ဂ်ပါ။ လွှမ်းဆွတ်မှု တစ်မျိုးကြောင့် သူ့နေ့စဉ်မှတ်တမ်းကို ကျွန်တော် ဖွင့်ကြည့်လိုက်မိတယ်။ သူ နောက်ဆုံး ရေးခဲ့တဲ့ စာက ကျွန်တော်နဲ့သူ လမ်းခွဲတဲ့နေ့ ဖြစ်တယ်။

"သူ့ရုံးဆင်းချိန် သူကြိုက်တတ်တဲ့ အစားအစာတွေချက်ပြုတ်ပြီး ဝိုင်တစ်ပုလင်းနဲ့ကျွန်မ စောင့်နေတယ်။ ဒါပေမဲ့အဲဒီ့ ညက သူပြန်အလာကို စောင့်ရင်း စားပွဲခုံပေါ်မှာ ကိရက် ကျွန်မ အိပ်ပျော်သွားတယ်"

"နံရံပေါ်ကဓာတ်ပုံ သူ ဖြုတ်နေချိန် ဇောချွေးတွေပြန်နေတယ်။ သံတွေက သံချေးတက်နေပေမယ့် မှန်ဘောင်ကို ဗိုမြဲအောင် တွယ်ထား သေးတယ်။ တကယ်လို့ အချစ်မှာ လည်း ဒီအတိုင်းဆိုရင် ဘယ်လောက် ကောင်းလိုက်မလဲ"

ရင်ဘတ်ထဲက တစ်စုံတစ်ခု ကွဲအက်သွားသံကို ကျွန်တော် ကြားလိုက်မိတယ်။ ကွန်ပျူတာဖန်သားပြင်ကိုပဲ ကျွန်တော် ငေးမောကြည့် နေတယ်။ လက်ဖမိုးပေါ် အေးစက်တဲ့ မျက်ရည်တစ်စက်ကျသွားမှ ကျွန်တော် သတိဝင်လာတယ်။ ကျွန်တော့်မျက်လုံးအိမ်မှာ မျက်ရည်တွေ ပြည့်လျှံနေခဲ့ပြီလေ။

သူ့"ပို့စ်"အောက်မှာ ကျွန်တော် "ကွန်မန့်" ရေးလိုက်မိတယ်။

"ပစ္စည်းတစ်ခု အိမ်မှာ ကျန်သေးတယ်။ လာယူပါ"

နောက်တစ်နေ့ နေအိမ်ကို သူ ရောက်လာတယ်။ မယုံသလို အပြောမျိုးနဲ့ သူ မေးတယ်။

"ငါ့ပစ္စည်း ဘာကျန်ခဲ့တာလဲ"

သူ့ကို စေ့စေ့ကြည့်ပြီး ကျွန်တော် နှုတ်ဆိတ်နေလိုက်တယ်။ တစ်ခုခုကို သူ သဘောပေါက်သွားသလိုနဲ့ ကျွန်တော့်အကြည့်ကို ရှောင်ပြီး နံရံပေါ်ကအဖြူကွက်ကိုပဲငေးကြည့်နေတယ်။

"ငါ့ပစ္စည်း ဘာကျန်ခဲ့တာလဲ"

တိတ်ဆိတ်ခြင်းကို သူ စတင်ခွဲလိုက်တယ်။ သူ့ပခုံးကိုဆွဲလှည့်ပြီး ကျွန်တော် တစ်လုံးချင်းပြောလိုက်တယ်။

"ဒီမှာ ဒီကောင်က နင်ပိုင်ဆိုင်တဲ့ပစ္စည်းပဲလေ"

နေရာမှာ တင် သူ ငေးကြောင်ပြီး ရပ်နေတယ်။ ကျွန်တော့်ဆီ ကလည်း နောက်ထပ် ဘာသံမှထွက်မလာဘူး။ တအောင့်ကြာမှ ကြိုးပြတ် သွားတဲ့ ပုလဲလေးတွေလို မျက်ရည်တွေ သူ့ပါးပြင်ပေါ် ကျလာတယ်။ သူ့ကို ရင်ခွင်ထဲ တင်းတင်းဆွဲပွေ့ထား လိုက်မိတယ်။ သူလည်း ကျွန်တော့် ပခုံးကို လက်နှစ်ဖက်နဲ့သိုင်းဖက်လို့ ရင်ဘတ်နှစ်ခုက အသက်ရှူလို့ မရအောင် တင်းကျပ်နေပါတယ်။

အချိန်ဘယ်လောက် ကြာသွားလဲမသိဘူး။ ကျွန်တော့်ကို သူ ညင်ညင်သာသာ တွန်းထုတ်တယ်။ ပြီးတော့ ပလက်စတစ်နဲ့ထုတ်ထားတဲ့ အရာတစ်ခုကို ကားနောက်ခန်းက ထုတ်ယူလာခဲ့တယ်။ ပလက်စတစ်ကို ခွာပြီး ဓာတ်ပုံကို နံရံပေါ် ပြန်ချိတ်ထားလိုက်တယ်။ သူ့ပခုံးကို သာသာလေးဖက်ပြီး ဓာတ်ပုံကို ကျွန်တော်တို့ ရပ်ကြည့်ခဲ့ကြတယ်။

ကျွန်တော်တို့ တစ်ယောက်ခေါင်းကို တစ်ယောက်မှီလို့.....

တစ်ယောက်လက်ကို တစ်ယောက် တင်းတင်းဆုပ်ကိုင်လို့.....

ဖြူနုဖွေးတဲ့ မင်္ဂလာဝတ်စုံ ဇာပဝါအောက်မှာ သူ့အပြုံးက ပျော်ရွှင် သက်ဝင်လို့....

တကယ်တော့ အိမ်ထောင်ရေးက ဒီမုန့်ဘောင်နဲ့တူတယ်။ သံတွေ ဖြုတ်လို့မရရင် တစ်သက်လုံး ဖြုတ်လို့ရနိုင်တော့မှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ ချစ်ခြင်းကလည်း မျက်စိရှေ့က မင်္ဂလာဓာတ်ပုံလိုပါပဲ။ ဘဝရဲ့ အလှဆုံးအချိန်မှာ ဘောင်သွင်းခဲ့သလို ထာဝရတည်မြဲနေတော့မှာ ဖြစ်ပါတယ်။

# (၁၅)

၁ ဒီဂရီနွေးထွေးမှု ထဲက ၁၀၀ ဒီဂရီအချစ်

"အဲဒီ့ နွေးထွေးမှု ထဲမှာ ၁၀၀ ဒီဂရီအပြည့် အချစ်တွေပါတယ်..."

မင်္ဂလာဆောင်စတုန်းက သူ မချမ်းသာဘူး။ သူမနဲ့အတူ အိမ်အို တစ်လုံးမှာ သူတို့ နေခဲ့ကြတယ်။ သူမက မြောက်အရပ်ကလာသူဖြစ်တယ်။ ဒါကြောင့် အေးခဲတဲ့ ဆောင်းဒဏ်ကိုအခန်းထဲကအနွေးဓာတ်နဲ့ အံတုတဲ့ အကျင့် သူမမှာ ရှိတယ်။ ဒီအိမ်အိုမှာ အနွေးပေးစက် မရှိဘူး။ လေမလုံ ဘူး။ မကြာပါဘူး။ သူမ အပြင်းဖျားခဲ့တယ်။ သူမရဲ့ ခုတင်ဘေးမှာ ထိုင်ပြီး သူ့ရင်တွေ နာကျင်ရတယ်။

အဖျားသက်သာသွားပေမယ့် အိပ်ရာမဝင်ခင် သူမခြေထောက် ကို ဆေးကြောပေးတတ်တဲ့အကျင့် သူ့မှာ ကျန်ခဲ့တယ်။ အငွေ့ တထောင်းထောင်းထနေတဲ့ ရေနွေးပူပူထဲ သူမ ခြေထောက်ကို စိမ်ပေး တတ်တယ်။ ဖွဖွလေး၊ ညင်ညင်သာသာလေး၊ သူမခြေထောက်ကို သူ နှိပ်နယ်ပေးတတ်တယ်။ ခြေထောက်တစ်စုံကို ဆေးကြောနေတယ်လို့ သူ မမြင်ဘဲ အဖိုးတန်တဲ့ ကြွေထည်တစ်ခုကို ကိုင်တွယ်နေတယ်လို့ သူထင်ခဲ့တယ်။

သူမခြေထောက်ကိုဆေးကြောပေးပြီးရင် အဝတ်နဲ့ခြောက်အောင် သူ သုတ်ပေးတတ်ပြီးမှ အေးစက်တဲ့လက်ကျန်ရေနဲ့ သူ့ခြေကို ဆေးတယ်။ ရေအေးတွေကို ပူသယောင် သူမထင်အောင် သူ ဟန်ဆောင်ကောင်း ခဲ့တယ်။

သူ့ခြေဆေးရေရဲ့ အပူချိန်ကို မစမ်းကြည့်လည်း သူမ သိနေတယ်။ သူမကို သူအဲဒီ့ လို ရိုမန့်တစ်ဆန်ဆန် ချစ်ခဲ့၊ ကြင်နာခဲ့တယ်။

ဆောင်းတွင်းမှာ တစ်ပတ်နှစ်ကြိမ် သူမ ရေချိုးတတ်တယ်။ သူလည်း သူမလို အကျင့်လုပ်ထားပြီး သူမ,မချိုးခင် အရင်လုချိုးတတ် တယ်။ သူချိုးပြီးမှ သူမချိုးရတယ်။ တစ်နေ့မှာ တီဗီက လာတဲ့ အစီအစဉ်တစ်ခုကိုကြည့်ဖို့ သူမ ရေအရင်ချိုးချင်တယ်။ ဒါကို သူ လက်မခံ ဘူး။ အချိန်အတိအကျနဲ့လာတဲ့အစီအစဉ်ကိုကြည့်ဖို့ သူမ ရေအရင်ချိုးမယ့် ကိစ္စကို

သူ ခါးခါးသီးသီးငြင်းတယ်။ သူ အရင်နိုးမယ်လို့ မျက်နှာတည်နဲ့ ပြောပြီး ရေချိုးခန်းထဲ သူ ဝင်သွားတယ်။

သူမလက်ကို သူ ဆွဲလိုက်တဲ့အချိန် အားနည်းနည်းပါသွားတယ် ထင်ပါရဲ့ ။ သူမ မျက်ရည်ဝဲတဲ့ အထိ နာကျင်သွားရတယ်။ အရင်တုန်းက ဘာကိစ္စမဆို သူမကို သူလိုက်လျောခဲ့တာချည်းပဲ။ အခု သူမ ရေအရင်ချိုးမယ်ဆိုတဲ့ အသေးအမွှားကိစ္စမှာ သူ ဘာဖြစ်လို့ ဒီလောက် ခါးသီးနေမှန်း သူမ နားမလည်ဘူး။ သူ့မှာ ငွေမရှိ၊ ရွှေမရှိလည်း ရှိသမျှ နဲ့ပုံအောချစ်မယ်လို့ သူမကို သူ ပြောဖူးတယ်။

သူမတစ်သက်မှာ နားဝင်အချိုဆုံးစကားမို့ အရမ်းပျော်ခဲ့တယ်။ ဒါပေမဲ့အချိန်နဲ့အမျှ အဲဒီ့ စကားတွေက အချိုပြောင်းသွားပြီလား။

စိတ်မကောင်းဖြစ်နေတဲ့ သူမကို သူ ချော့တယ်။ ဘာမဆို သူမ သဘောအတိုင်းဖြစ်ရမယ်ဆိုပေမယ့် သူပဲ ရေအရင်ချိုးတယ်။ အချိန် ကြာတော့ သူနဲ့ပြိုင်ပြီး သူမ ရေချိုးခန်း လုမနေတော့ဘူး။

ရာသီတစ်ပတ်လည်ပြီး ဆောင်းကုန်လို့ နွေရောက်လာပြန်တယ်။ ပတ်ဝန်းကျင်တစ်ခုလုံးက ပေါင်းအိုးထဲ ထည့်ပေါင်းထားသလား ထင်ရအောင် ပူပြင်းတယ်။ ဆောင်းတွင်းမှာ လို ရေနွေး နဲ့ ခြေမစိမ်တော့ဘဲ ရေနေ့တိုင်းချိုးရတဲ့အဖြစ်ကို ရောက်တယ်။ ရေချိုးချိန်တိုင်း ဘောလုံးပွဲ ကြည့်မယ်၊ သတင်းကြည့်မယ်နဲ့ သူ အချိန်ဆွဲပြီး သူမကို အရင် ချိုးခိုင်းတယ်။ အရင်ကလို သူပြီးမှ သူမ ချိုးရတဲ့အစီအစဉ်ကို ပြောင်းပြန် လုပ်ပစ်တယ်။

တစ်နေ့မှာ သူ့ညီငယ်တစ်ယောက် မင်္ဂလာဆောင်ဖို့ဝယ်ထားတဲ့ အိမ်အသစ်ဆီ သူတို့ ရောက်လာတယ်။ အဲဒီ့ အိမ်မှာ လည်း အနွေး ပေးစက် မရှိဘူး။ ညီအိမ်ကိုရောက်တာနဲ့ ရေချိုးခန်းကို သူ အရင် သွားကြည့်တယ်။ အခန်းကိုပတ်ကြည့်ပြီး ညီငယ်ကို “အိမ်အသစ်က အိမ်အဟောင်းထက်ကောင်းတယ်ဆိုတာ ပြောစရာမလိုဘူး။ အနွေး ပေးစက်မရှိလည်း လေလုံတယ်။ ဒါပေမဲ့ မိန်းမတွေက အအေးမိမှာ ကြောက်တတ်ကြတယ်ဆိုတာ မမေ့နဲ့နော်။ ဆောင်းတွင်းရောက်ရင် မင်း ရေအရင်ချိုး။ ဒါမှ ရေချိုးခန်းကအေးစက်မနေမှာ ။ ငါ

စမ်းကြည့်ဖူးတယ်။ ရေချိုးပြီးရင် အေးစက်တဲ့ အခန်းက အပူချိန် ၁ ဒီဂရီလောက် တက်တယ်"

အစ်ကို့အပြောကို ညီငယ်က ရယ်ပြီး . . . .

"ဒီလိုဆိုရင် ဆောင်းရာသီမှာ မိန်းမကို အရင်ချိုးခိုင်းရမယ်။ ဒါမှ အရင်ချိုးတဲ့လူကနောက်မှချိုးတဲ့လူထက် ၁ ဒီဂရီ အေးမြမယ်မဟုတ်လား အစ်ကို"

ညီငယ်အမေးကို သူ ပြုံးပြီး ခေါင်းညိတ်ပြတယ်။

သူတို့အပြောကို သူမ ကြားသွားတယ်။ သူမ မျက်ရည်ဝဲတဲ့ အထိ ခံစားမိတယ်။ ကိုယ့်ကိုယ်ကိုလည်း အတယ်လို့ သူမ ပြစ်တင်မိတယ်။ အိမ်အဟောင်းမှ အိမ်အသစ်၊ အနွေးပေးစက်မရှိတဲ့အိမ်မှ ရှိတဲ့ အိမ်ဖြစ်သည့်တိုင်အောင် သူ ကြိုးစားခဲ့ပေမယ့် အဲဒီအကျင့်ကို သူ လုံးဝမဖျောက်ဘူး။ သူ့အကျင့်ရဲ့ အနက်အဓိပ္ပာယ်ကို သူမ မဖော်ဆောင်နိုင်ဘူး။

တစ်ညမှာ သူ့အတွက် သူမ ပထမဆုံးအကြိမ် ခြေဆေးရေ ထည့်ပေးဖြစ်တယ်။ မငြင်းသာတဲ့အဆုံး သူ ငြိမ်ခံနေရတယ်။ သူ့ ခြေထောက်ကို ပွတ်သပ်ဆေးကြောပေးမှ သူ့ခြေဖဝါးအောက်က မာကျောနေတဲ့ အသားမာတွေကို သူမ စမ်းမိတယ်။ ဒီအိမ်အတွက်၊ ဒီမိသားစုအတွက်၊ ကြင်နာနွေးထွေးမှု အတွက် သူ ပင်ပန်းခဲ့တယ်။ သူမ ကတော့ သူ့ကို တစ်ခါမှ ခြေဆေးမပေးမိဘူး။

၁ ဒီဂရီရဲ့ အဓိပ္ပာယ်ကို သူ မပြောသလို ဘယ်သူရေအရင်ချိုးမယ်ဆိုတဲ့အစီအစဉ်ကိုလည်း မကန့်ကွက်တော့ဘူး။ ဒါတွေဟာ သူမကို ချစ်တဲ့ သူ့အကြင်နာတွေ၊ ဒီလိုနည်းနဲ့ သူမကို သူ ဘယ်လောက်ချစ်ကြောင်း ထုတ်ဖော်ပြနေတယ်ဆိုတာကို သူမ နားလည်ရတယ်။

ဆောင်းမှာ သူမအတွက် အပူချိန် ၁ ဒီဂရီကို သူတိုးပေးသလို နွေမှာ သူမအတွက်အပူချိန် ၁ ဒီဂရီကို သူ လျှော့ပေးတယ်။ ၁ဒီဂရီ နွေးထွေးမှု လေးပါပဲ။ ဒါပေမဲ့ အဲဒီ နွေးထွေးမှု ထဲမှာ ၁၀၀ ဒီဂရီအပြည့် အချစ်တွေပါတယ်။

# (၁၆)

တစ်နေ့ တစ်မိနစ်ပွေ့ဖက်ပါ

"အချစ်က ဘယ်တော့မှ အေးစက်ကုန်ဆုံး ပျက်စီးသွားမှာ မဟုတ်ပါဘူး..."

မင်္ဂလာဆောင်ပြီးစ သူတို့ဇနီးမောင်နှံရဲ့ ဘဝက လူတိုင်းအားကျဖို့ ကောင်းအောင် ပျော်ရွှင်မှု တွေနဲ့ ပြည့်နှက်နေတယ်။ သားတစ်ယောက် မွေးပြီးပေမယ့် တစ်သားမွေး တစ်သွေးလှဆိုသလို သူမ လှပနေတယ်။ ခန္ဓာကိုယ်အချိုးအစားကို အပျိုလေးတစ်ယောက်လို သူမ ထိန်းထား နိုင်တယ်။ လင်ယောက်ျားနဲ့တွဲ သွားသည့်တိုင် ပုရိသတို့ရဲ့ အကြည့်စက်ကွင်း က သူမ မလွတ်ဘူး ။ အိမ်သူသက်ထားရဲ့ ဆွဲဆောင်မှု အပြည့်ရှိတဲ့ အလုကြောင့် အပေါင်းအသင်းတွေကြားမှာ သူ လက်မထောင်နိုင်ပါတယ်။

ဒါပေမဲ့ လင်နဲ့မယား၊ လျှာနဲ့သွားဆိုသလို အိမ်ထောင်သက် ရင့်လာတာနဲ့အမျှ သူတို့မှာ ကတောက်ကဆတွေ ရှိလာတယ်။ နေ့လယ်အလုပ်မှာ သူ ပင်ပန်းတယ်။ ညမှာ ကလေးတွေကို သူမ ပြုစု စောင့်ရှောက်ရတယ်။ သူတို့ဇနီးမောင်နှံနှစ်ယောက်ကြားမှာ ကြင်နာယုယမှု တွေ တစ်နေ့ထက်တစ်နေ့ လျော့နည်းလာတယ်။ သူတို့ရဲ့ ဆက်ဆံမှု က တစ်ခါတလေမှာ ရေခဲမှတ်ထိတောင် အေးစက်သွားတယ်။

တစ်နေ့ သူ့ကို သူမ တစ်ခုတောင်းဆိုတယ်။

"ကျွန်မ တလေးတစားနဲ့တစ်ခုလောက်တောင်းဆိုချင်ပါတယ်"

"ဘာတောင်းဆိုမှာ လဲ" သူ စိတ်မရှည်စွာ မေးတယ်။

"ကျွန်မကို တစ်နေ့ တစ်မိနစ်လောက် ပွေ့ဖက်ပါ"

"လိုအပ်လို့လား" သူမကို သူ တစ်ချက်ကြည့်ပြီး ခနဲ့တဲ့တဲ့ မေးတယ်။

"လိုအပ်လို့ ကျွန်မ တောင်းဆိုတာပါ။ ရှင်က ကျွန်မ ကိုမယုံသင်္ကာနဲ့ ပြန်မေးတဲ့အတွက် ဗိုလို့ လိုအပ်ပါတယ်"

"ကြင်နာတာတွေကို ရင်ထဲမှာ ပဲထားတယ်။ ထုတ်ဖော်ပြောပြ စရာ မလိုပါဘူး"

"တကယ်လို့ အရင်တုန်းက ချစ်တယ်ဆိုတာကို ရှင် ထုတ်ဖော် မပြောခဲ့ရင်ကျွန်မတို့ ယူဖြစ်ကြမယ်မထင်ဘူး"

"အရင်က အရင်လေ၊ အခုဆိုရင် ပိုတည်ငြိမ်သွားပြီမဟုတ်လား"

"ထုတ်မပြောတိုင်း ပိုတည်ငြိမ်သွားမှာ မဟုတ်သလို ထုတ်ပြော တိုင်း ဟန်ဆောင်တာတွေ မဖြစ်နိုင်ဘူး"

နှစ်ယောက်သား သူတစ်ခွန်းငါတစ်ခွန်းနဲ့ စကားများ ကြတော့ တယ်။ နောက်ဆုံးတော့ စစ်မီးငြိမ်းအောင် သူပဲ အရင်အလျှော့ပေး လိုက်ပါတယ်။ အနားနားသွားပြီး သူမကို တစ်မိနစ်ကြာအောင် သူ ဖက်ထားလိုက်တယ်။

"အဓိပ္ပာယ်မဲ့တဲ့ မိန်းမပဲ" သူမကိုပွေ့ဖက်ပြီး သူ ရယ်ကျဲကျဲ ပြောတယ်။

"အချစ်နဲ့ပတ်သက်လာရင် မိန်းကလေးတွေက အဓိပ္ပာယ်မဲ့ တတ်ကြတာပဲ"

အဲဒီ့နောက် နေ့တိုင်း သူမကို တစ်မိနစ်ပွေ့ဖက်ဖို့ သူ အချိန် ပေးရတယ်။ နေ့တိုင်း တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်ချိန်မှာ သူတို့ ဘာမှမပြောဘဲ နှုတ်ဆိတ်နေခဲ့ကြပေမယ့် သူတို့ရဲ့ ဆက်ဆံရေးက တဖြည်းဖြည်း သဟဇာတဖြစ်လာတယ်။ ဒီလို နှုတ်ဆိတ်ခြင်းက မပွေ့ဖက်ခင်နှုတ်ဆိတ်ခြင်းနဲ့ စိတ်ခံစားချက်ရော၊ အဓိပ္ပာယ်ပါ ကွဲပြားခဲ့ပါတယ်။

ဒီလိုနဲ့ တစ်နေ့မှာ သူမ ခရီးဝေးသွားဖို့ ကြုံလာခဲ့တယ်။ ရထား မထွက်ခင်သူ့ကို သူမက . . . .

"ကျွန်မကို ပွေ့ဖက်ရမယ့်တာဝန်တစ်ခု ခဏလောက်တော့ ရှင် ကင်းလွတ်သွားတာပေါ့နော်"

"ဟင့်အင်း . . . မင်းကို ငါ ဖက်ချင်နေမှာ "သူ ရယ်ရင်းပြောတယ်။

တကယ်ပဲနောက်တစ်ရက်မှာ သူ့ဆီက ဆက်လာတဲ့ဖုန်းကို သူမ

နားထောင်ခဲ့ရတယ်။ ဖုန်းပြောရင်း သူမရဲ့ မျက်လုံးအိမ်မှာ မျက်ရည်တွေ ပြည့်လျှံနေတယ်။

တစ်ယောက်ကိုတစ်ယောက် ချစ်ခင်ကြင်နာခဲ့သူနှစ်ဦးရဲ့ ဒေါသ တွေ အချင်းချင်းပွတ်တိုက်မိကြပြီဆိုရင် အိမ်ထောင်ရေးဟာ တောသူမ တစ်ယောက်လို ဆွဲဆောင်မှု နည်းသွားတတ်တယ်။

လူတွေက အိမ်ထောင်သက်ရှည်လာတာနဲ့အမျှ အကြင်နာ၊ အယုယတွေ လျော့နည်းလာတတ်သလို၊ တစ်ယောက်အပေါ်တစ်ယောက် ယုယမှု တွေ မလိုတော့ဘူးလို့လည်း ထင်မြင်လာတတ်ကြတယ်။ မယူခင် နှစ်ရှည်လကြာ အရှုးအမူးချစ်ကြိုက်ခဲ့တဲ့ အချစ်နဲ့ခံစားချက်ကို တဖြည်းဖြည်း မေ့လျော့လိုက်ကြတယ်။ ချစ်စ၊ ကြင်နာစက ရှိခဲ့ဖူးတဲ့ ရင်ခုန်သံကို တစ်နေ့တခြား ပျက်စီးအောင် ဖျက်ဆီးပစ်လိုက်ကြတယ်။

တကယ်လို့ အချစ်ကို တစ်နေ့ထက်တစ်နေ့ ပိုတိုးပွားအောင် လုပ်ဆောင်နိုင်ခဲ့ရင် ကျွန်မတို့ရဲ့ စိတ်နှလုံးထဲမှာ ရှိတဲ့ အချစ်က ဘယ်တော့မှ အေးစက်ကုန်ဆုံး ပျက်စီးသွားမှာ မဟုတ်ပါဘူး။

"ချစ်တယ်" "ကျေးဇူးတင်ပါတယ်" ဒါမှမဟုတ် နွေးထွေးတဲ့ အပြုအမူလေးတစ်ခုထဲတင် ကိုယ်ချစ်တဲ့သူရဲ့ နှလုံးသားကို ပျော်ရွှင်ကြည်နူး စေနိုင်သလို အဓိပ္ပာယ်အများ ကြီး သက်ရောက်အောင်လည်း ပေးနိုင် စွမ်းပါတယ်။

ချစ်တတ်သူများ အားလုံး အချစ်ခရီးလမ်းမှာ ပျော်ရွှင်သင်ယူမှု တွေနဲ့ ပြည့်နက်နေပါစေ။

# (၁၇)

အသင့်တော်ဆုံးချစ်သူ

"ဒီလောကမှာ ကိုယ်နဲ့သင့်တော်မယ့် လူတစ်ယောက်ကတော့ ရှိနေပါတယ်..."

အချစ်မှာ ပုံသေနည်းမရှိဘူး။ အချစ်အတွက် ဖွင့်ဆိုထားတဲ့ အချက်အလက်ကောင်းဆိုတိုင်း လူတိုင်းနဲ့ သင့်တော်ချင်မှသင့်တော် လိမ့်မယ်။ ကောင်းတယ်လို့ ကိုယ်ထင်ထားတဲ့အချစ်ကို တခြားလူ ကြိုက်ချင်မှကြိုက်မယ်။ မကောင်းဘူးလို့ ကိုယ်ထင်ထားတဲ့ အချစ်က တခြားလူရဲ့ မျက်စိထဲမှာ လုံးဝကောင်းတယ်လို့ ထင်နေကြမယ်။ အချစ်မှာ အကောင်းဆုံးဆိုတာ မရှိဘူး။ အသင့်တော်ဆုံးဆိုတာပဲ ရှိတယ်။

ဥပမာ(၁)

ရည်မှန်းချက် ကြီးကြီးမားမားမရှိတဲ့ မောင်မောင်က ကိုယ်ပိုင် အိမ်လေးတစ်လုံး၊ တည်ငြိမ်တဲ့ဘဝနဲ့ မိသားစုတစ်ခုကို ပိုင်ဆိုင်ချင်တယ်။ သူလိုချင်တဲ့ဘဝမျိုးကို လွယ်လွယ်ကူကူ မရနိုင်ဘူးဆိုတာ မောင်မောင် သိတယ်။ ဘာဖြစ်လို့လဲဆိုတော့ အလုပ် ပင်ပင်ပန်းပန်းလုပ်ရတာ ကို မောင်မောင် မကြိုက်လို့ဘဲ။ အလုပ်စောစောဆင်း၊ ကိုယ်တိုင် ချက်ပြုတ်၊ စားသောက်၊ အဝတ်လျှော်ဖို့ကလွဲပြီး လက်ရှိအလုပ်ထက် ပိုကောင်းတဲ့ အလုပ်ကို မောင်မောင် မရှာချင်ဘူး။

ကျောင်းနေဖက်သူငယ်ချင်းတွေ တစ်ယောက်ပြီးတစ်ယောက် အရာရှိတွေဖြစ် ကုန်ကြပေမယ့် မောင်မောင်က သာမန်ဝန်ထမ်းအဆင့် ကနေ မတက်ခဲ့ဘူး။ မောင်မောင့်ချစ်သူ ဝေဝေတစ်ယောက် မာစတာ အောင်ပြီး နိုင်ငံခြားကုမ္ပဏီတစ်ခုမှာ အလုပ်ရတဲ့ အချိန် သူတို့ အချစ်ရေးကို လူတွေက ထင်ကြေးအမျိုးမျိုး ပေးကြတယ်။ ဒါပေမဲ့ မောင်မောင့်ကို ဝေဝေ မထားခဲ့ဘူး။ ဝေဝေက လခတွေတိုးပြီး ကုမ္ပဏီမှာ ဒါရိုက်တာရာထူး ခန့်အပ်ခံရတဲ့အခါ လူတွေက အဆင့်အတန်းမတူတဲ့ မောင်မောင်တို့ရဲ့ အချစ်ရေးကို လုံးဝဆုံးခန်းတိုင်ပြီလို့ ထင်ကြေးပေးကြ ပြန်တယ်။ ဒါပေမဲ့ မောင်မောင့်ကို ဝေဝေ လက်ထပ်လိုက်တယ်။

လက်ထပ်ပြီးနောက် နိုင်ငံခြားမှာ ဝေဝေ အလုပ်သွားလုပ်တယ်။ (၂)နှစ်နေပြီး ကလေးတစ်ယောက်မွေးဖွားတယ်။ မောင်မောင် အလုပ် ကထွက်ပြီး အိမ်မှာ ပဲ ကလေးထိန်းတယ်။

မိတ်ဆွေတွေက မောင်မောင် အလုပ်ထွက်လိုက်တာကို စိုးရိမ်နေကြတယ်။ ကလေးကြီးလာပြီး ကိုယ်ပါ အသက်ကြီးလာရင် မြေးတွေကို ထိန်းရဦးမယ်။ "မိန်းမက ဒီလောက် ပိုက်ဆံအရှာတော်နေ မှတော့ သူ ဘာအလုပ်ထပ်လုပ်စရာ လိုသလဲ" လို့ ပြောတယ်။

ဝေဝေရဲ့ သူငယ်ချင်းတွေကလည်း ဝေဝေ့ကို "ကိုယ့်ဘေးမှာ လုံးဝပြီးပြည့်စုံတဲ့ လူတွေဝိုင်းဝိုင်းလည်နေရက်သားနဲ့ ဘာဖြစ်လို့ တကယ့် အသုံးမကျတဲ့သူကိုမှ ပိုချစ်ရတာ လဲ" လို့ မေးတော့ ဝေဝေက "ကျွန်မ အလုပ်အရမ်းလုပ်ချင်တယ်။ မိသားစု လိုချင်တယ်။ ကလေး လိုချင်တယ်။ ဒါကြောင့် အလုပ်မလုပ်တဲ့ ယောကျ်ားတစ်ယောက်ကို ကျွန်မ လိုချင်တယ်။ ဒါမှ ကလေးတွေကို ကျွန်မအစား သူ စောင့်ရှောက်မှ ကျွန်မ စိတ်ချလက်ချ အလုပ်လုပ်နိုင်မှာ "လို့ ပြန်ဖြေတယ်။

ဥပမာ(၂)

စုစုက သန့်ရှင်းမှု ဆိုတာနဲ့ လုံးဝမပတ်သက်သူဖြစ်တယ်။

ထမင်းချက်ဖို့မပြောနဲ့၊ အဝတ်လျှော်၊ တံမြက်စည်းတောင် မလှဲတတ်တဲ့သူပါ။ ငယ်ငယ်ကနေ ကြီးလာတဲ့အထိ ကိုယ်ခြုံတဲ့ စောင်ကိုတောင် မခေါက်ဖူးတဲ့သူ။ အခန်းထဲမှာ ရှိတဲ့ စုစုရဲ့ ပစ္စည်းတွေက အချိန်မရွေး ပြိုကျနိုင်လောက်အောင် ရှုပ်ထွေးနေတယ်။ သပ်သပ်ရပ်ရပ်နဲ့ သန့်ရှင်းအောင် စုစုလုပ်တတ်တဲ့အလုပ်တစ်ခုက အလှပြင်တာပဲဖြစ်တယ်။ သူ့အိမ်ကိုရောက်ဖူးတဲ့ သူငယ်ချင်းတွေက စုစု ကို လက်မြှောက်သြချကြ တယ်။ အကျီတစ်ထည်ကို ရှုပ်ထွေးတဲ့အခန်းထဲကနေ ရှာပြီး ကိုယ့်ကိုယ်ကို လှလှပပဝတ်ဆင်နိုင်လို့ပါပဲ။

စုစုရဲ့ အမေက စုစုကို အမြဲဆူတယ်။ ဒီလို အိမ်မှု ကိစ္စမနိုင်၊ ညစ်ပတ်တဲ့စုစုကို

ဘယ်သူမှ ယူမှာ မဟုတ်ဘူးလို့ အမြဲ ပြောတယ်။ ချစ်သူရည်းစားရှိခဲ့ရင်လည်း စုစုအခန်းထဲရောက်တာနဲ့ လန့်ပြီး ထွက်ပြေး သွားနိုင်တယ်လို့လည်း ပြောတယ်။

ဒါပေမဲ့ စုစု အိမ်ထောင်ကျခဲ့တယ်။ စုစုယောကျ်ားက စုစု မသန့်ရှင်းတဲ့အကြောင်းကို တစ်ခွန်းမှဟပြီး မဆူပါဘူး။ စုစုရဲ့ ယောကျ်ားက အနုပညာသမား။ သူ့အတွက် စုစုက သူ့ရထိန်တ်သမီး (MUSE goddess)ဖြစ်တယ်။ သူ့အတွက် စုစု ထမင်းချက်၊ တံမြက်စည်း လှဲစရာ မလိုဘူး။ အိမ်အပြည့်စုပုံထားတဲ့ သူ့အနုပညာပစ္စည်းတွေကို စုစု ယောင်လို့တောင် မထိဖူးဘူး။ ရှုပ်ထွေးနေတဲ့အခန်းက သူ့အတွက် တကယ့်အနုပညာ ဖြစ်နေစေတယ်။ တာကျိုးမလား ထင်ရလောက်တဲ့ အဝတ်ပုံကြားထဲကနေ နံနက်စောစော နိုးထလာရတာ ကိုက သူ့အတွက် ရှိမန်တစ်ဆန်တယ်လို့ ထင်နေတယ်။

အချစ်မှာ အကောင်းဆုံးဆိုတာ မရှိဘူး။ အသင့်တော်ဆုံးဆိုတာပဲ ရှိတယ်။

တချို့က အသည်းကွဲသူတစ်ယောက်ကို နောက်တစ်ယောက် ပိုကောင်းလိမ့်မယ်။ သူ့ထက်ပိုကောင်းတဲ့ချစ်သူ တွေ့လိမ့်မယ်လို့ နှစ်သိမ့် ကြတယ်။ ဒါပေမဲ့ ပိုကောင်းတယ်ဆိုတဲ့ သတ်မှတ်ချက်မှာ လူတိုင်း မတူညီကြဘူး။ လူတွေထင်တဲ့ ကိုယ့်အတွက် အကောင်းဆုံးချစ်သူက ကိုယ်လက်ထပ်ချင်တဲ့လူ ဖြစ်ချင်မှလည်း ဖြစ်လိမ့်မယ်။ ကိုယ်လိုအပ်တာက ကိုယ်နဲ့ အသင့်တော်ဆုံးလူ ဖြစ်တယ်။

အဲဒီ့လိုပဲ ကိုယ့်ကို မချစ်တတ်တဲ့လူ၊ ချစ်သူကောင်း မပီသတဲ့ လူလို့ တချို့ကပြောကြမယ်။ ဒါပေမဲ့ ဒီလောကမှာ ကိုယ်နဲ့သင့်တော်မယ့် လူတစ်ယောက်ကတော့ ရှိနေပါတယ်။ ကိုယ့်ရဲ့ အိမ်ရှေ့မင်းသား (မင်းသမီး) ကို ရှာမတွေ့လို့ စိတ်ပျက်မနေကြပါနဲ့။ တစ်နေ့နေ့မှာ မင်းသား (မင်းသမီး) က ကိုယ့်ကို လာကယ်တင်ပါလိမ့်မယ်။ အဲဒီ့ အချိန်ကျရင် ဘဝကို ကောင်းကောင်းတန်ဖိုးထားပြီး ချစ်လိုက်ပါ။

မူရင်းရေးသားသူ . . . . Dong Lei

# (၁၈)

လက်တွဲမဖြုတ်စတမ်း

တစ်ခါတလေမှာ လက်လေးတွဲထားပေမယ့် ခန္ဓာကိုယ်ရဲ့ အနွေးဓာတ်ကို လက်ကနေတစ်ဆင့် ကျွန်မ ခံစားရတယ်။ လက်ဖဝါးချင်းထိကပ် တွဲ ထားတဲ့လက်ကနေ အနွေးဓာတ်တွေ သွေးကြောထဲပြန့်ပြီး ဒီဘက် လက်ကနေ ဟိုဘက်လက်ထိ လှည့်ပတ်စီးဝင်နေတယ်။ လက်ညှိုးချင်း ပွတ်သပ်မိရင် အနွေးဓာတ်က ပိုလို့နွေးထွေးစေပါတယ်။

သူနဲ့အတူ လမ်းလျှောက်ထွက်တိုင်း သူ့လက်ကို ကျွန်မ တွဲ ထား တတ်တယ်။ လှမ်းလိုက်တဲ့ခြေလှမ်းတိုင်း ကျွန်မလက်ကို သူ ဆုပ်ကိုင်ပြီး ဘယ်ညာရမ်းခါတတ်တယ်။

တစ်ခါတလေ တစ်နေရာမှာ ထိုင်ရင်း ကျွန်မလက်ကို သူ တင်းတင်းဆုပ်ကိုင်ထားတတ်တယ်။ ဒီတစ်သက်မှာ ဒီလို ကိုယ်ချစ်တဲ့သူနဲ့ လက်တွဲ မဖြုတ်စတမ်း တစ်သက်လုံးနေသွားဖို့ မျှော်လင့်မိတယ်။

တခြားချစ်သူတွေကရော ဒီလို တစ်ယောက်လက်ကို တစ် ယောက်တွဲ ထားတဲ့ကြည်နူးမှု ကို ခံစားတတ်ကြမလား။ အသည်းနှလုံး ကနေပြန့်လာတဲ့ အနွေးဓာတ်တွေ၊ အချစ်တွေက တွဲ ထားတဲ့လက်ကနေ တစ်ဆင့် အခြားသူတစ်ယောက်ရဲ့ နှလုံးသားထဲအထိ ပြန့်နှံ့စေတယ်။ တွဲ လက်က တစ်ယောက်ရဲ့ အပျော်ကို အခြားတစ်ယောက်ရင်ထဲ၊ တစ်ယောက်ရဲ့ အချစ်ကို တခြားတစ်ယောက်ရဲ့ နှလုံးသားထဲ ကူးစက်စေတဲ့ ပေါင်းကူး တံတားဖြစ်ပါတယ်။

ဝမ်းနည်း၊ အားငယ်ချိန်မှာ တင်းတင်းဆုပ်ကိုင်ခံရတဲ့လက်ကနေ တစ်ဆင့် အားအင်တွေရတယ်။ ပျော်ရွှင်ကြည်နူးချိန်မှာ တင်းတင်းဆုပ်ကိုင် ခံရတဲ့ လက်ကနေ တစ်ဆင့် အပျော်တွေ ကူးစက်စေတယ်။ ကျွန်မတို့ ဒီတစ်သက် လက်တွဲ မဖြုတ်စတမ်းနော်။

# (၁၉)

## ကော်ဖီနဲ့တူတဲ့အချစ်

အခုခေတ်လူတွေက သူတို့ရဲ့ အချစ်ဟာ fast food (မြန်ဆန်တဲ့အချစ်)နဲ့တူတယ်လို့ နိုင်းနိုင်းကြတယ်။ ဒါပေမဲ့အချစ်ကို ကော်ဖီနဲ့နိုင်းနိုင်း ရင် ပိုသိသာ၊ မြင်သာမယ်လို့ ထင်ပါတယ်။

ချစ်သူရည်းစားဘဝက ကော်ဖီ တစ်ခွက် သောက်နေတာနဲ့ တူပါတယ်။ အငွေ့တထောင်းထောင်းထနေတဲ့ ကော်ဖီတစ်ခွက် ကိုယ့်ရှေ့ ရောက်လာပြီဆိုရင် တချို့လူတွေက သကြားနဲ့နို့ကို အရင်ဆုံး အများ ကြီး ထည့်ပစ်တတ်တယ်။ အဲဒီ့ အချိန်မှာ အချိုတွေအများ ကြီးရောထားတဲ့ ကော်ဖီဟာ အချိုရည်အသွင် ပြောင်းသွားတော့တယ်။ ကော်ဖီရဲ့ နဂို ခါးသက်သက်အရသာတွေ ပျောက်သွားရတယ်။ ချစ်သူရည်းစားဘဝ တွေမှာ ချစ်သူကိုလက်ဆောင်၊ ပန်းစည်းတွေနဲ့ပဲ အပျော်၊ ကြည်နူးမှု တွေပေးခဲ့မယ်ဆိုရင် ချိုမြိန်မှု တွေ ရနိုင်ပေမယ့် ကြာလာရင် ငြီးငွေ့ အီစိမ့်လာတတ်ပါတယ်။

တချို့လူတွေက ကော်ဖီကို အရသာမခံဘဲ တစ်ကျိုက်ထဲ သောက်ချပစ်တတ်တယ်။ အာခေါင်၊ လျှာတွေကို ပူမိသည်ဖြစ်စေ၊ မပူမိသည်ဖြစ်စေ၊ သောက်ဖို့ တစ်မိနစ်နောက်ကျတာနဲ့ ရထားလွတ် သွားတော့မယ့်ပုံစံနဲ့ ကော်ဖီကို ငွပ်ခနဲ သောက်ပစ်တတ်ကြတယ်။ စသောက်တုန်းက ရှုရှိုက်မိတဲ့ကော်ဖီနံ့ကလွဲလို့ နောက်ဆုံးမှာ ပါးစပ် တစ်ခုလုံးထဲ ခါးသက်တဲ့ အရသာပဲကျန်တော့တယ်။

တချို့လူတွေက ကော်ဖီတစ်ကျိုက်အချစ်ကို ချစ်တတ်ကြတယ်။ အခုချစ်၊ အခုလက်တွဲ ၊ အခုပဲ မှာ းယွင်းတတ်ကြတယ်။ အချိန်တိုတို အတွင်းမှာ ချစ်ကြ၊ ကွဲကြပြီး နောက်ဆုံးမှာ စိတ်လက်မကြည်မသာ ဖြစ်ပြီး ကျန်နေခဲ့ရတယ်။ ဘယ်သူနဲ့ ကိုယ်ချစ်ခဲ့တယ်။ ဘယ်အချိန်မှာ ချစ်ခဲ့တယ်ဆိုတာကိုတောင် မှတ်မိချင်မှ မှတ်မိတတ်ကြတယ်။

တကယ့်ကော်ဖီသောက်နည်းက စားပွဲပေါ် ကော်ဖီရောက်ရင် သင်းပျံ့တဲ့ကော်ဖီနံ့ကို အရင်ရှုမယ်။ မိန်းကလေးတွေရဲ့ ဆံနွယ်ကို ရှုရှိုက်သလိုပါပဲ။ ပြီးမှ

တစ်ငုံ အရသာခံသောက်မယ်။ ခံတွင်းထဲက ခါးသက်တဲ့အရသာတွေ ချိုမြိန်သွားတဲ့ အထိ အရသာခံပြီး သကြားထည့် မလား၊ နို့ထည့်မလားဆိုတာကို ဆုံးဖြတ်မယ်။ ဒီလိုကော်ဖီက သောက်ရတာ ပိုအရသာရှိပါတယ်။ အချစ်ကိုလည်း ဒီကော်ဖီသောက်နည်းလို ဖြည်းဖြည်း ချင်းအရသာခံ ခံစားချစ်ကြည့်မှ အချစ်ဟာ ပိုလှပကြောင်း သိနိုင်ပါ လိမ့်မယ်။

တစ်ငုံ အရသာခံသောက်မယ်။ ခံတွင်းထဲက ခါးသက်တဲ့အရသာတွေ ချိုမြိန်သွားတဲ့ အထိ အရသာခံပြီး သကြားထည့် မလား၊ နို့ထည့်မလားဆိုတာကို ဆုံးဖြတ်မယ်။ ဒီလိုကော်ဖီက သောက်ရတာ ပိုအရသာရှိပါတယ်။ အချစ်ကိုလည်း ဒီကော်ဖီသောက်နည်းလို ဖြည်းဖြည်း ချင်းအရသာခံ ခံစားချစ်ကြည့်မှ အချစ်ဟာ ပိုလှပကြောင်း သိနိုင်ပါ လိမ့်မယ်။

## (၂၀)

လမ်းခွဲပြီး ဆယ်နှစ်

"တကယ်လို့ အချိန်တွေကို နောက်ပြန်ဆွဲလို့ရရင် .."

ယဉ်ယဉ်နဲ့ ကျွန်တော် လမ်းခွဲဖို့ကို ကံတရားက ကြိုတင်ဖန်တီး ထားပုံရတယ်။ ယဉ်ယဉ်က မိန်းမကောင်းတစ်ဦးပါ။ သူ့ရဲ့ အပြောအဆို၊ အနေအထိုင်တွေက ပြောစရာမရှိခဲ့ဘူး။ ယဉ်ယဉ်နဲ့ လမ်းခွဲခဲ့လို့ ကျွန်တော့်ကို အတယ်ဆိုပြီး လူတွေရယ်ကြမှာ ကျွန်တော် သိတယ်။ ယဉ်ယဉ့်ကို မခွဲရက်ပေမယ့် လမ်းခွဲဖို့ ကျွန်တော်ကပဲစပြီး ရွေးချယ်ခဲ့ပါတယ်။ လမ်းခွဲပြီး ပထမရက်

ယဉ်ယဉ် အိပ်ရာထနောက်ကျခဲ့တယ်။ အိပ်ခန်းထဲအဆောင်မှူး ဝင်ကြည့်တိုင်း ယဉ်ယဉ် ခေါင်းမြီးခြုံအိပ်နေတာကို တွေ့တယ်။ ခုတင်ပေါ်မှာ မလှုပ်မယှက်နဲ့ ယဉ်ယဉ် လဲလျောင်းနေတယ်။ ယဉ်ယဉ့်ကိုကြည့်ပြီး အဆောင်မှူး သက်ပြင်းတစ်ချက်ချလိုက်တယ်။ ပြီးတော့ အခန်းတံခါးကို အသာလေးပိတ်ပြီး လှည့်ထွက်သွားတယ်။ နေ့ခင်း (၁၁)နာရီထိုးမှ ယဉ်ယဉ် အိပ်ရာထတယ်။ ဒီနေ့ သူ အတန်းတက်ဖြစ်မှာ မဟုတ်ဘူး။ သန့်စင်ခန်း ထဲက မှန်ပေါ်မှာ ယဉ်ယဉ်ရဲ့ ညှိုးနွမ်းတဲ့မျက်နှာကို အတိုင်းသား မြင်နေရတယ်။ သူ့မျက်လုံးထောင့်မှာ မျက်ရည်ဥတွေ တွဲ ခိုနေတုန်းပဲ။ အဲဒီ့နေ့က ယဉ်ယဉ် ထမင်းတစ်စေ့မျှ စားမဝင်ဘူး။

လမ်းခွဲပြီး ဒုတိယရက်

မျက်နှာကို မှုန်နေအောင်လိမ်းခြယ်ပြီး အရက်ဘားတစ်ခုဆီ ယဉ်ယဉ် ထွက်ခဲ့တယ်။ ဘားတစ်နေရာမှာ ထိုင်ပြီး အမည်မသိတဲ့ အပြင်းစားအရက်တွေကို ယဉ်ယဉ်သောက်နေတယ်။ တစ်ခွက်ပြီးတစ်ခွက်၊ ခဏလေးအတွင်းမှာ ယဉ်ယဉ့်ရှေ့မှာ ဖန်ခွက်လွတ်တွေ ပြည့်နေတယ်။ ကောင်းတဲ့အကြံအစည်ရှိပုံမရတဲ့ ယောကျ်ားသားတစ်ဦးက ယဉ်ယဉ့် ဘေးနားကပ်ပြီး "အရမ်းလှတယ်"လို့ ပြောတယ်။ အပေအစွယ်ရှိတဲ့ လူကြီးကို ရီဝေဝေမျက်လုံးနဲ့ယဉ်ယဉ် ပြန်ကြည့်လိုက်တယ်။

"ကောင်မလေး မူးနေပြီလား၊ အစ်ကို အိမ်ပြန်ပို့ပေးမယ်လေ"

"ကောင်းပြီလေ"

လူကြီးရဲ့ အပြောကို ယဉ်ယဉ် ခပ်မဲ့မဲ့ပြန်ဖြေရင်း သောက်လက်စ အရက်နဲ့ မျက်နှာကို ပက်ထည့်လိုက်တယ်။

ထင်မှတ်မထားတဲ့အပြုအမူမို့ လူကြီး ရှက်ရမ်းရမ်းပြီး ယဉ်ယဉ့်ကို ရိုက်ဖို့ လက်ရွယ်လိုက်ချိန် ယဉ်ယဉ့်သူငယ်ချင်းတွေ ရောက်လာပြီး ဝိုင်းဆွဲလိုက်ကြတယ်။ သူငယ်ချင်းတွေက ယဉ်ယဉ်ပျောက်လို့ လိုက်ရှာ သူတွေဖြစ်တယ်။

"ယဉ်ယဉ် မလုပ်နဲ့။ နင် ဒီလိုကြေကွဲနေတာကိုတွေ့ရင် ငါတို့လည်း ခံစားရတယ်"

သူငယ်ချင်းတွေရဲ့ ပြောစကားကို ယဉ်ယဉ် ဂရုမစိုက်ဘူး။ နောက်ဆုံး သူငယ်ချင်းတွေက ယဉ်ယဉ့်ကို ဘားကနေဆွဲထုတ်ပြီး ကားပေါ်ခေါ်တင်ခဲ့ကြတယ်။

အရက်ဘားမှာ ဖြစ်ပျက်ခဲ့တာတွေ ကျွန်တော် သိနေတယ်။ အဲဒီ အချိန်တုန်းက ဘားရဲ့ မှိန်ဖျော့ဖျော့ထောင့်တစ်နေရာမှာ ကျွန်တော် ရှိနေတယ်။ ယဉ်ယဉ့်ကို အစအဆုံး ကျွန်တော် ကြည့်နေခဲ့တယ်။

လမ်းခွဲပြီး လေးရက်မြောက်နေ့

ဆေးရုံခုတင်ပေါ်မှာ ယဉ်ယဉ်လဲနေတာ နှစ်ရက်ရှိပြီ။ အရက် မူးတဲ့ညကစ ဒီနေ့အထိ ယဉ်ယဉ် မနိုးသေးဘူး။ နှုတ်ကလည်း ကယောင်ကတမ်း ကျွန်တော့်နာမည်ကို အော်နေတယ်။

လမ်းခွဲပြီး ခြောက်ရက်မြောက်နေ့

ဆေးရုံကို ကျွန်တော် တိတ်တိတ်လေးရောက်လာတယ်။ ခုတင်ရှေ့မှာ ရပ်ပြီး ဖြူဖွေးနေတဲ့ အိပ်ရာခင်းနဲ့အပြိုင် ဖြူရော်နေတဲ့ ယဉ်ယဉ့်မျက်နှာကို ငေးကြည့်နေခဲ့တယ်။ ငြိမ်ငြိမ်သက်သက်နဲ့ တစ်ညလုံး သူ့ကို ထိုင်ကြည့်နေတယ်။ သူ သတိရလုလုမှာ ကျွန်တော်

တိတ်တိတ်လေး ပြန်ထွက်လာတယ်။

လမ်းခွဲပြီး ခုနစ်ရက်မြောက်နေ့

ယဥ်ယဥ် ဆေးရုံကဆင်းတယ်။ ဆေးရုံဆင်းပြီးနောက် ယဥ်ယဥ်ရဲ့ ပထမဆုံးလုပ်ရပ်က သန့်စင်ခန်းထဲမှာ ကိုယ့်ကိုယ်ကို ပိတ်လှောင်ထားတာ ဖြစ်တယ်။ အချိန်အကြာကြီးနေမှ သန့်စင်ခန်းထဲက ယဥ်ယဥ်ထွက်လာ တယ်။ ယဥ်ယဥ့်အပေါင်းအဖော်တွေ သန့်စင်ခန်းထဲဝင်ကြည့်တော့ အခန်းတစ်ခုလုံး ပြောင်လက်နေတာတွေ့ရတယ်။ စိတ်ပေါက်ပေါက်နဲ့ အခန်းထောင့်စွန်းတွေပါမကျန် ယဥ်ယဥ် တိုက်ခဲ့ပုံရတယ်။

အမြဲတပြုံးပြုံးနဲ့ ဖော်ဖော်ရွေရွေနေတတ်တဲ့ ယဥ်ယဥ် တစ် ယောက် အခုတော့ စကားနည်းပြီး တငေးတငိုင်ဖြစ်နေတယ်။ ကျွန်တော့် ကိုရော၊ ကျွန်တော်နဲ့ပတ်သက်ခဲ့သမျှ အတိတ်တွေကို သူ မမေ့ဘူးဆိုတာ သူ့မျက်လုံးက ဖော်ပြနေတယ်။ ဒါကို သူ့သူငယ်ချင်းတွေကလည်း သိတယ်။

ကျွန်တော့်ကို လွမ်းဆွတ်တဲ့စိတ်ကို စာထဲမှာ ပဲ ယဥ်ယဥ် ထည့်မြှုပ်ခဲ့တယ်။ အားလပ်ချိန်တွေကို စာကြည့်တိုက်မှာ ပဲ ကုန်ဆုံး စေတယ်။

လမ်းခွဲပြီး နှစ်နှစ်

ပထမနှစ်ရဲ့ ကျောင်းသားခေါင်းဆောင်အဖြစ် ယဥ်ယဥ် ရွေးချယ် ခံရတယ်။ ဒီလိုအရွေးခံရဖို့ သိပ်မလွယ်မှန်း ကျွန်တော် သိတယ်။ ခေါင်းဆောင်တစ်ယောက်မှာ ကြီးလေးတဲ့တာဝန် ရှိတယ်ဆိုတာ ယဥ်ယဥ် လည်း သိတယ်။ ဒါကြောင့် သူ ကြိုးစားသင်ယူတယ်။

တတိယ နှစ်အရောက်မှာ ဂုဏ်ထူးတန်းဝင်ဖို့ ယဥ်ယဥ် ပိုကြိုးစား တယ်။ အဲဒီ ကြိုးစားမှု ကြောင့် မေဂျာတစ်ခုလုံး ရဲ့ စံပြကျောင်းသူ ဖြစ်ခဲ့တယ်။ ကျောင်းပြီးတာနဲ့ အလုပ်ဝင်ဖို့ ကုမ္ပဏီတချို့က သူ ကျောင်းမပြီးခင်ကတည်းက စာချုပ်လာချုပ်ထားပြီးဖြစ်တယ်။

လမ်းခွဲပြီး သုံးနှစ်

နာမည်ကြီးတက္ကသိုလ်တစ်ခုမှာ ယဉ်ယဉ် ရှောရှောရှူရှူနှင်ခွင့် ရပြီး ဂုဏ်ထူးတန်းကို ဆက်လက်သင်ကြားခွင့်ရခဲ့တယ်။ ယဉ်ယဉ့်ဘေးမှာ ကျွန်တော့်ထက်သာတဲ့ မိုးပန်းတဲ့သူတွေ မနည်းဘူး ။ ဒါပေမဲ့ "မိုးသောက်တိမ်" တစ်ယောက်ကလွဲရင် ဘယ်သူ့ကိုမှ ယဉ်ယဉ် ဂရုမစိုက်ဘူး ။ မိုးသောက်တိမ်ကိုလည်း အစ်ကိုရင်းသဖွယ် သူ ခင်မင် ပါတယ်။

လမ်းခွဲပြီး ကိုးနှစ်

ယဉ်ယဉ် စေ့စပ်လိုက်ပြီဆိုတဲ့သတင်းကို ကျွန်တော် ကြားလိုက် တယ်။ သတို့သားက မိုးသောက်တိမ်ပါပဲ။

လမ်းခွဲပြီး ဆယ်နှစ်

ယဉ်ယဉ် မင်္ဂလာဆောင်တော့မယ်။ မင်္ဂလာမဆောင်ခင် လဝက် အလိုမှာ အိမ်သစ်ရဲ့ ဆိုဖာပေါ်မှာ ထိုင်ပြီး လူတွေဖိတ်ဖို့ ယဉ်ယဉ် ဖိတ်စာတွေရေးနေတယ်။ သူ့မျက်နှာပေါ်မှာ ဝမ်းသာပျော်ရွှင်တဲ့အပြုံးတွေ ယှက်သန်းနေတယ်။ ကျွန်တော်ကလွဲရင် လူတော်တော်များများ ယဉ်ယဉ့်ဖိတ်စာကို ရကြမယ်ဆိုတာ ကျွန်တော် သိနေတယ်။

ဖိတ်စာတွေက လှပဖောင်းကြွလို့နေတယ်။ ဖိတ်စာပေါ်က သတို့သား၊ သတို့သမီးနေရာမှာ ယဉ်ယဉ် နာမည်တွေလိုက်ဖြည့်နေတယ်။ ဖိတ်စာ (၁၂)စောင်မြောက်မှာ နာမည်ရေးနေရာက ယဉ်ယဉ် ရုတ်တရက် ရပ်လိုက်တယ်။ ပြီးတော့ ရေးလက်စစာကိုကြည့်ပြီး သူ ငေးကြောင်နေတယ်။ တအောင့်ကြာတော့ သတိဝင်လာပြီး သူ ငိုလိုက်တယ်။ ကြေကြေကွဲကွဲ၊ လွမ်းလွမ်း ဆွေးဆွေး အသံထွက်အောင် သူ အော်ငိုနေတယ်။

ကျွန်တော် ရှေ့တိုးပြီး ကြည့် လိုက်တော့ ဖိတ်စာပေါ်က သတို့သား နေရာမှာ ကျွန်တော့် နာမည် ဖြစ်နေတာကို တွေ့လိုက်တယ်။

ယဉ်ယဉ်လက်က မှား ရေးမိတာလား၊ စိတ်ထဲက သတိရစိတ်ကို ဖော်ပြနေတာလား၊ ကျွန်တော် မသိပေမယ့် ကျွန်တော့်ပါးပြင်ပေါ်မှာ လည်း မျက်ရည် တွေ

ပြည့်လျှံနေတယ်။ လမ်းခွဲပြီး ဆယ်နှစ် အကြာမှာ ကျွန်တော် ပထမဆုံးအကြိမ် ငိုမိတယ်။ ဒါကို ယဉ်ယဉ် တွေ့မှာ မဟုတ်သလို ဘယ်သူ့ မှလည်း တွေ့ ကြမှာ မဟုတ်ပါဘူး ။ ဝိညာဉ် တွေမှာ မျက်ရည်မှမရှိတာ။

တကယ်လို့ အချိန် တွေကိုနောက်ပြန်ဆွဲလို့ရရင်လူကူးမျဉ်းကျားကို အချိန်လုပြီး အလျင်စလို ကျွန်တော် မဖြတ်ပါဘူး။ လွန်ခဲ့တဲ့ဆယ်နှစ်က ယဉ်ယဉ့် မွေးနေ့မှာ ကိတ်မုန့်ယူပြီး ယဉ်ယဉ့် အဆောင်ကို ကျွန်တော် သွားတယ်။ လူကူးမျဉ်းကျားကိုအဖြတ် လမ်းဆုံမျက်နှာချင်းဆိုင်ကလာတဲ့ ကားတစ်စီးနဲ့ ကျွန်တော် . . .

# (၂၁)

မေတ္တာစစ်နဲ့ချစ်တဲ့သူ

ညဉ့်နက်သန်းခေါင်ယံ အချိန် မြို့ပြင်က တံတားပေါ်မှာ လူသူ ကင်းရှင်းနေတယ်။ ရုတ်တရက် အဝေးကအမှောင်ထုထဲမှာ အမျိုးသမီး တစ်ဦး ရဲ့ သဏ္ဌာန်တစ်ခု မှုန်ဝါးဝါးထွက်ပေါ်လာခဲ့တယ်။ အမျိုးသမီးရဲ့ နာမည်က မလွန်းကြင်ဖြစ်တယ်။ မလွန်းကြင်က အထုပ်တစ်ထုပ်ကို ရင်ခွင်ထဲ ခပ် တင်းတင်းပွေ့ ပြီး တံတားဘက်ကို အလျင်စလိုလှမ်းလာနေတယ်။

တံတားပေါ်ရောက်တာနဲ့ ခြေအစုံကိုရပ်ပြီး တံတားအောက်က ရေစီးသန်တဲ့ချောင်းကို မလွန်းကြင် ငုံ့ကြည့်လိုက်တယ်။ အဲဒီ့ နောက် ရင်ခွင်ထဲကအထုပ်ကို ချောင်းထဲ အလျင်အမြန် ပစ်ချလိုက်တယ်။ အထုပ် ထဲမှာ လူမသိနိုင်တဲ့ လျှို့ဝှက်ချက်တွေပါတယ်။ ဘာအကြောင်းပဲဖြစ်ဖြစ် ဒီလျှို့ဝှက်ချက်ကို ခင်ပွန်းကိုထွန်းဖေ အသိခံလို့မဖြစ်ဘူးဆိုတာ မလွန်းကြင် နားလည်တယ်။

အထုပ်ကိုပစ်ပြီး အိမ်ဘက်ကို မလွန်းကြင် ခြေကုန်သုတ်သင် ပြန်လာတယ်။ နံနက်မှာ ခင်ပွန်းနဲ့သမီးအတွက် နံနက်စာပြင်ပေးဖို့ မလွန်းကြင် အစောကြီးထရဦးမယ်။ အိမ်ရောက်တော့ နောက်ဖေး တံခါးကို မလွန်းကြင် အသာလေးဖွင့်လိုက်တယ်။ မီးဖိုချောင်ကိုဖြတ်ပြီး အိပ်ခန်းထဲ မလွန်းကြင်ခိုးအဝင်မှာ အိပ်ခန်းဝမှာ ရပ်နေတဲ့ ကိုထွန်းဖေကို တွေ့လိုက်တယ်။

"မင်း ဘယ်သွားတာလဲ"

ခက်ထန်တဲ့မျက်နှာနဲ့ ကိုထွန်းဖေက မေးတယ်။

ရုတ်တရက်မို့ မလွန်းကြင်ဆီက ဘာသံမှ ထွက်မလာဘူး။

"လူမြင်ခံလို့မရတဲ့အရာ သွားပစ်တာမဟုတ်လား"

ကြည့်ရတာ မလွန်းကြင်ရဲ့ အပြုအမူကို ကိုထွန်းဖေ ရိပ်မိဟန် တူတယ်။

မလွန်းကြြင်ရဲ့ မျက်နှာ ဖြူရော်သွားတယ်။

"ဘာသွားပစ်တာလဲ ပြောစမ်း"

"ကျွန်မကို ဘာသံသယဖြစ်နေတာလဲ"

မလွန်းကြြင် ခေါင်းခါရင်း ကိုထွန်းဖေကို ပြန်မေးလိုက်တယ်။

"မင်းအစား ငါဖြေမယ်။ မင်းပစ်လိုက်တဲ့အရာက မင်းကို ကြိုက်နေတဲ့ ဟိုအရာရှိရဲ့ စာတွေမဟုတ်လား"

တကယ်ဒေါသထွက်နေတဲ့ပုံနဲ့ ကိုထွန်းဖေ အော်တယ်။

မလွန်းကြြင် မျက်လုံးပြူးသွားမိတယ်။ တစ်ခုခုပြောဖို့ ပါးစပ် လှုပ်လိုက်ပေမယ့်မလွန်းကြြင် ခေါင်းငုံ့ပြီး အကြည့်ကို ခြေဖျားဘက်ရွှေ့ထား လိုက်တယ်။ မလွန်းကြြင် နှုတ်ဆိတ်နေခဲ့တယ်။

"မင်း တကယ်ပဲ အဲဒီ့ကောင်နဲ့ ဖြစ်နေပြီမဟုတ်လား"

ကိုထွန်းဖေရဲ့ အော်သံနဲ့ တစ်ဆက်တည်းမှာ ပဲ "ဖြန်း"ဆိုတဲ့ ပါးရိုက်သံက ရှေ့ဆင့်နောက်ဆင့် ထွက်လာတယ်။ မျက်စိတွေပြာ၊ ခေါင်းပါမူးနောက်ပြီး ခုတင်ပေါ် မလွန်းကြြင် ပုံကျသွားတယ်။ အားခဲပြီး မလွန်းကြြင် ကိုယ်ကို ထူမတ်လိုက်တယ်။ ခေါင်းမော့ကြည့်တော့ ကိုထွန်းဖေရဲ့ အရိပ်အယောင်တောင် မတွေ့ရတော့ဘူး။ ခုတင်ဘေးမှာ ရပ်နေတဲ့ သမီးကို မလွန်းကြြင် တွေ့လိုက်မိတယ်။ ကြောက်ရွံ့ခြင်း၊ တွေဝေခြင်းတွေက သမီးမျက်နှာပေါ်မှာ ထင်ဟပ်လို့နေတယ်။

"ကျွန်မက ဘယ်သူ့သမီးလဲ။ အဖေ့သမီးလား၊ ဟိုအရာရှိ သမီးလား"

ရုတ်တရက် သမီးက မလွန်းကြြင်ကို မေးလိုက်တယ်။ မလွန်းကြြင် တုန်လှုပ်သွားမိတယ်။ ပြီးမှ တအံ့တဩ . . .

"ဘာဖြစ်လို့ ဒီလိုမေးရတာ လဲ သမီး"

"ကျွန်မ သိချင်တယ်"

မလွန်းကြင် အတန်ကြာ နှုတ်ဆိတ်သွားမိတယ်။ ညလေညင်းက အဖြူရောင်ပြောင်းစ သူ့ဆံနွယ်ကို ဆော့ကစားနေတယ်။ အချိန်ကြာမှ မလွန်းကြင်က သမီးကို . . .

"ကောင်းပြီ သမီး... သမီးကို မေမေ ပြောပြမယ်... သမီးတစ်ယောက်တည်းကိုပဲ မေမေ ပြောပြတာနော်"

"သမီးဖေဖေမှာ မေမေနဲ့လက်မထပ်ခင် ချစ်သူတစ်ယောက် ရှိခဲ့တယ်။ မချစ်မေ လို့ခေါ်တယ်"

မလွန်းကြင်နဲ့ မချစ်မေက ကျောင်းနေဘက်တွေဖြစ်တယ်။ အလယ်တန်းမှာ သူတို့က ကိုထွန်းဖေအောက် အတန်းငယ်သူတွေ ဖြစ်တယ်။ အဲဒီ့ အချိန်တုန်းက သူငယ်ချင်းကောင်းတွေဖြစ်ကြတဲ့ မလွန်းကြင်နဲ့ မချစ်မေက ကိုထွန်းဖေကို တစ်ဖက်သတ် တိတ်တခိုး စွဲလမ်းနေကြတယ်။

ကိုယ်နှစ်သက်သူကို မိန်းကလေးဘက်ကစပြီး ဖွင့်မပြောသင့်တဲ့ ခေတ်မှာ ကြီးပြင်းခဲ့တဲ့ သူတို့နှစ်ယောက်အတွက် ဒီကိစ္စကို ရေငုံနေတာက လွဲလို့ "ရည်းစားလုဖက်တွေ" မဖြစ်ခဲ့ကြဘူး။

မလွန်းကြင်ကို အတော်အသင့်ချမ်းသာတဲ့ မိသားစုက မွေးဖွား လာတယ်။ မချစ်မေက ဖတဆိုးဖြစ်ပြီး မုဆိုးမမိခင်နဲ့ ဘဝကို ဆင်းဆင်း ရဲရဲ ဖြတ်ကျော်ခဲ့ရတယ်။ မလွန်းကြင် ကိုယ်ပေါ်က အဝတ်အစား လှလှလေးတွေကို မချစ်မေ မဝတ်နိုင်ဘူး။ မလွန်းကြင်လိုမပျော်ပါးနိုင်ဘူး။ ဒါပေမဲ့ မချစ်မေလို လှပတဲ့ရုပ်ရည်၊ နူးညံ့တဲ့သိမ်မွေ့မှု တွေ သူ့မှာ မရှိ ဘူးဆိုတာ မလွန်းကြင် သိတယ်။

တစ်ခုသော ပူပြင်းတဲ့နွေ ကျောင်းပိတ်ရက်မှာ ပြဿနာစ်ခု စတယ်။ အဲဒီ့ နေ့က မလွန်းကြင်တို့အိမ်ကို မချစ်မေ ရုတ်တရက် ရောက်လာ တယ်။ ကိုထွန်းဖေလည်း တိုက်တိုက်ဆိုင်ဆိုင် မလွန်းကြင်တို့အိမ်မှာ ရှိနေတယ်။ မချစ်မေရဲ့ နောက်မှာ

မျက်နှာထားခပ်တင်းတင်းနဲ့ လူကြီး တစ်ယောက် လိုက်ပါလာတယ်။ အဲဒီ့ လူက မချစ်မေအမေ အလုပ်လုပ်တဲ့ သူဌေးအိမ်က လူယုံဖြစ်တယ်။

"အဲဒီ့ ကောင်မကို ထွက်လာခိုင်းစမ်း"

လူယုံက တစ်ဖက်ကအော်ရင်း တစ်ဖက်က အိမ်ကြီးရှင်ရဲ့ သမီး မှန်တင်ခုံပေါ် ချွတ်တင်ထားတဲ့ ပတ္တမြား ပျောက်ဆုံးသွားကြောင်း၊ အဲဒီ့ အချိန်မှာ အမေကိုလာရှာတဲ့ မချစ်မေလည်း အိမ်ကြီးထဲရောက်နေ ကြောင်း၊ ဒါကြောင့် ပတ္တမြားကို မချစ်မေ ခိုးယူခဲ့ကြောင်း စွပ်စွဲတော့တယ်။ အကူအညီမဲ့နေတဲ့ မချစ်မေရဲ့ မျက်ရည်ကိုမြင်တော့ ကိုထွန်းဝေ မနေနိုင် တော့ဘူး။ မချစ်မေကို အိမ်ထဲဝင်စေပြီး အိမ်ရှေ့ကို ကိုထွန်းဝေ ဒေါသတကြီး ထွက်လာတယ်။ လူယုံနဲ့ ကိုထွန်းဝေ စကားများ ကြတော့တယ်။

မဟုတ်မခံတဲ့ ကိုထွန်းဝေရဲ့ အပြုအမူကြောင့် ထင်ပါတယ်။ ကိုထွန်းဝေနဲ့ စကားဆက်မများ ဘဲ လူယုံကြီး ထွက်သွားတယ်။ မချစ်မေ ပတ္တမြားခိုးတာကို လက်ပူးလက်ကြပ်သက်သေနဲ့မိတာ မဟုတ်တဲ့အတွက် သူတို့ လက်လျှော့လိုက်ကြတယ်။

သွေးဆုတ်နေတဲ့ မျက်နှာနဲ့ ခိုက်ခိုက်တုန်အောင် လန့်နေတဲ့ မချစ်မေရဲ့ လက်ကို ကိုထွန်းဝေ ဆုပ်ကိုင်လိုက်မိတယ်။

ပတ္တမြားခိုးတဲ့ကိစ္စက အဲဒီ့ မှာ တင် တစ်စခန်းမရပ်ဘူး။ မချစ်မေ ပတ္တမြားခိုးယူတဲ့သတင်းက မြို့တစ်ခုလုံး ပျံ့နှံ့သွားတယ်။ ကျောင်းပြန် ဖွင့်တော့ မချစ်မေကို ဘယ်ကျောင်းသားကမှ အဖက်မလုပ်ကြဘူး။ စကားမပြောကြဘူး။ အမေလည်း အလုပ်လက်မဲ့ဖြစ်ရလို့ မချစ်မေတို့ ပိုကြပ်တည်းရတယ်။ ဒါပေမဲ့ ကိုထွန်းဝေက အဲဒီ ကိစ္စအပြီးမှာ မချစ်မေကို ချစ်သွားမိတယ်။

ကိုထွန်းဝေရဲ့ အချစ်က ကိုယ်ချင်းစာ၊ သနားတဲ့အချစ် မဟုတ်ဘူး။ ရင်ထဲ၊ အသည်းထဲကနေ တကယ်နှစ်နှစ်ကာကာ ချစ်မိသွားတာဖြစ်တယ်။

မချစ်မေနဲ့ ကိုထွန်းဝေ ချစ်သူတွေဖြစ်သွားကြတော့ မလွန်းကြင် လည်း ကိုထွန်းဝေ အပေါ်ထားတဲ့ သူ့မေတ္တာကို ရင်ထဲမှာ ပဲ သိမ်းဆည်း ထားလိုက်တော့တယ်။

မချစ်မေအပေါ် မလွန်းကြင်ရဲ့ ဂရုစိုက်မှု တွေ ပေါ့မသွားဘူး။ အချစ်ကို ရင်ထဲမှာ သိုဝှက်ရင်း မချစ်မေတို့ရဲ့ ချစ်ခြင်းတွေ သာယာဖြောင့်ဖြူးပါစေလို့ သူ ဆုတောင်းပေးတယ်။

ဒါပေမဲ့ ကိုထွန်းဖေဆိုတဲ့ ကျောင်းသားတစ်ယောက်ရဲ့ ချစ်ခြင်း တစ်ခုတည်းနဲ့ မချစ်မေတို့သားအမိရဲ့ စားဝတ်နေရေးကို မဖြေရှင်းနိုင်ဘူး။ အဲဒီ့ နှစ်ရဲ့ ဆောင်းဦးပေါက်ညနေခင်းတစ်ခုမှာ မချစ်မေတို့သားအမိ ချောင်းထဲခုန်ချပြီး အဆုံးစီရင်သွားကြတယ်။

"အဲဒီ့ နောက်မှာ မေမေတို့အိမ်ကို သမီးရဲ့ ဖေဖေ ရောက်လာတယ်။ အဲဒီ နောက် သမီးကို မေမေ မွေးခဲ့တယ် သမီး"

မလွန်းကြင် စကားကို ခဏရပ်ပြီး ဆက်ပြန်တယ်။

"ဒါပေမဲ့ သမီးဖေဖေရဲ့ စိတ်မှာ မချစ်မေကိုပဲလွမ်းဆွတ်နေတယ်။ မေမေကသူ့ဇနီး၊ မချစ်မေသာ သူ့ချစ်သူ၊ မချစ်မေကိုပဲသူ ချစ်ခဲ့တယ်" မလွန်းကြင်ပြောတာကို နားထောင်ပြီး သမီး မသိမသာ သက်ပြင်း ချမိတယ်။

"ဒီကိစ္စနဲ့ ချောင်းထဲ မေမေပစ်လိုက်တဲ့အထုပ်နဲ့ ဘာများ ပတ်သက်နေလို့လဲ"

"ဒီနေ့ မေမေ အိမ်သန့်ရှင်းရေးလုပ်တော့ မျက်နှာကြက်မှာ ထိုးထည့်ထားတဲ့ပတ္တမြားတစ်လုံးကို တွေ့မိတယ်။ ကြည့်ရတာ အဲဒီ့ တုန်းက သမီးဖေဖေ ဟိုလူယုံနဲ့ ရန်ထွက်အဖြစ်မှာ မချစ်မေ ခံ့ခုပြီး မျက်နှာကြက် ပေါ် ထိုးထည့်လိုက်ပုံရတယ်။ အဲဒါကို မေမေတွေ့လို့ ချောင်းထဲတိတ်တိတ် လေးသွားပစ်လိုက်တာ သမီး"

"ဟာ . . . ဟာ . . . အဲဒီ့ လိုလား မေမေ" အသက်ပြန်ရှူသွင်းဖို့ သူ မေ့နေတယ်။

"ဒါဆို ဘာဖြစ်လို့ ဖေဖေ့ကို ပြောမပြတာလဲ"

သမီးအမေးကို မလွန်းကြင် တစ်ချက်ပြုံးလိုက်မိတယ်။

"မချစ်မေရဲ့ အသေဆိုးက သမီးဖေဖေကို တော်တော်စိတ်ထိခိုက် စေခဲ့ပြီးပြီ။ သမီးဖေဖေရဲ့ စိတ်ထဲမှာ မချစ်မေဟာ ခြောက်ပစ်ကင်းတဲ့ ချစ်သူတစ်ယောက်။

တကယ်လို့အဖြစ်မှန်ကို ပြောပြလိုက်ရင် သမီးဖေဖေ ဘာဖြစ်သွားနိုင်မလဲ၊ သမီးတွေးကြည့်ပါ"

"မေမေ"

မလွန်းကြင်ကို သမီး ခပ်တင်းတင်းပွေ့ဖက်လိုက်ပြီး . . .

"မေမေကသာ ဖေဖေ့ကို တကယ်ချစ်တဲ့သူဖြစ်တယ်"လို့ ပြော လိုက်တယ်။

သမီးရဲ့ ပွေ့ဖိုက်မှု အောက်မှာ မလွန်းကြင်ရဲ့ မျက်နှာက ပန်းနုရောင် သမ်းလို့လေ။

# (၂၂)

နောင်ဘဝမှာ လည်း တူတူနေရအောင်

"အဘိုးအိုနားဘေးကပ်ပြီး အဘွားအို တိုးတိုးလေးညည်းနေတယ်..."

အဘွားအိုအသက် (၇၆)နှစ်ရှိပါပြီ။ နေကောင်းကျန်းမာတယ် ဆိုပေမယ့် အပူအအေး လွန်ကဲလာတဲ့ ဒီနှစ်ရာသီဒဏ်ကို သူတို့လို လူအိုတွေ မခံနိုင်ကြဘူး။ ဒါကြောင့် သူ့ကျန်းမာရေးလည်း နစ်ကူးပြီး နောက်ပိုင်း တစ်နေ့ထက်တစ်နေ့ ဆိုးရွားလာတယ်။

ဘေးဘီကို အဘွားအို လှည့်ကြည့်လိုက်တယ်။ ခုတင်ဘေး ကုလားထိုင်ပေါ်မှာ ထိုင်နေတဲ့ အသက် (၇၈)နှစ် အဘိုးအိုကိုတွေ့တော့ စိတ်သက်သာရာရသွားတယ်။ နွေးထွေးတဲ့နေရောင်ခြည်က ကောင်းကင် ပေါ်ကနေ ဖြာကျနေတယ်။ အဘိုးအိုကိုငေးကြည့်ရင်း သူနဲ့အတူ ဖြတ်သန်းခဲ့ဖူးတဲ့ဘဝကို အဘွားအို ပြန်ပြောင်းအောက်မေ့နေမိတယ်။

ငယ်ရွယ်နုပျိုတဲ့အရွယ်မှာ အဘွားအိုက ဖိုးဝိုင်းကြိုက်တဲ့ နှင်းဆီခိုင်တစ်ဦးပါ။ ကမ်းလှမ်းသူ၊ ဝိုင်းဝိုင်းလည်သူတွေများ ပေမယ့် သူ ရင်မခုန်ဘူး။ သူ့အကြည့်က ရွာစာသင်ကျောင်းမှာ တစ်ဦးတည်းရှိတဲ့ ကျောင်းဆရာကိုပဲ မြင်တယ်။ ရည်မွန်ငယ်ရွယ်တဲ့ ကျောင်းဆရာမှာ ညို့အားကောင်းတဲ့ မျက်လုံးတစ်စုံရှိတယ်။ လူကိုကြည့်တတ်တဲ့ သူ့အကြည့်မှာ အပြုံးတွေပါခဲ့လို့ အကြည့်ခံရသူတွေ ကြွေမယ်ဆိုလည်း ကြွေလောက်တယ်။

ရွာလယ်ကလမ်းမပေါ်မှာ ကျောင်းဆရာနဲ့သူ မကြာခဏ ဆုံမိကြတယ်။ တဒင်္ဂဆုံမိချိန် ကျောင်းဆရာရဲ့ စက္ကန့်ပိုင်းအကြည့် အောက်မှာ သူ့ခြေလှမ်းတွေ မှား းမိတယ်။ ပါးအိုတွေ နီရဲသွားတယ်။ မျက်နှာ ချင်းဆိုင်ဖြတ်လျှောက်ချိန် ခဏသာတွေ့ဆုံတယ်ဆိုပေမယ့် အဲဒီ အချိန် လေးက သူတို့နှစ်ဦးအတွက် အပျော်ဆုံးအချိန်ဖြစ်ခဲ့တယ်။ အဲဒီ အပျော်ကို တစ်သက်တာအတွက် သူတို့ မျှော်လင့်မိကြတယ်။

ဒါပေမဲ့ လူ့ဘဝက ဆန်းကြယ်လွန်းတယ်။ မမျှော်လင့်တာတွေ

ဖြစ်ပျက်တတ်တဲ့အတိုင်း အဲဒီ့နှစ်မှာ ကုန်ကူးသွားတဲ့သူ့အဖေ အိမ်ပြန် လမ်းမှာ ဓားပြတိုက်ခံလိုက်ရတယ်။ ဓားပြရန်ကြောင့် အသက်ဆုံးရှုံး ရလုဆဲဆဲ မှာ သန်မာထွားကျိုင်းတဲ့ လူငယ်တစ်ဦး ဝင်ကယ်ခဲ့လို့ အဖေ အသက်ချမ်းသာရာရသွားတယ်။ လူငယ်က အဖေ့အစား ဓားတစ်ချက် ဝင်ခံရသေးတယ်။

အဖေနဲ့အတူ ဒဏ်ရာကိုကုသဖို့ အိမ်ကို လူငယ်ရောက်လာ တယ်။ အဖေ့ရဲ့ ကျေးဇူးရှင်မို့ သူစိမ်းလူငယ်ကို အစာတစ်ခွက်၊ ဆေးတစ်ခွက် နဲ့ သူ ပြုစုရတယ်။ ဒဏ်ရာပျောက်တော့လည်း လူငယ်က အိမ်အလုပ်၊ ယာအလုပ်တွေကို ဝိုင်းကူလုပ်ပေးတယ်။ သန်မာပြီး သွက်လက်တဲ့ လူငယ်ကို အဖေ သိပ်သဘောကျတယ်။

လူငယ်ကိုချီးမွမ်းတဲ့ အဖေ့ရဲ့ စကားတွေကို သူ စိုးရိမ်စပြုလာ တယ်။ စိုးရိမ်တဲ့အတိုင်း တစ်ညမှာ အမေနဲ့တိုင်ပင်နေတဲ့ အဖေ့စကားကို သူကြားလိုက်မိတယ်။ တံခါးဘောင်ကို နှမ်းလျှလျှမိပြီး သူ ဘာအကြံမှ မထုတ်နိုင်ဘူး။

နောက်တစ်နေ့ ကျောင်းဆရာနဲ့ ဆုံတတ်တဲ့လမ်းဆီ သူ တမင် သွားခဲ့တယ်။ လမ်းပေါ်ခေါက်တုန့်ခေါက်ပြန်လျှောက်ပေမယ့် ကျောင်း ဆရာရဲ့ အရိပ်ကို မတွေ့ရပါဘူး။ ရွာက ကလေးတစ်ယောက်ပြောပြမှ ကိစ္စရှိလို့ ကျောင်းဆရာ မြို့အိမ်ပြန်သွားကြောင်း၊ (၃)လလောက် ကြာမယ့်အကြောင်း သိလိုက်ရတယ်။

(၃)လပြည့်လို့ ကျောင်းဆရာ ရွာပြန်ရောက်ချိန် သူ့အိမ်ကို အရင်ပြေးလာပါတယ်။ ဒါပေမဲ့ အိမ်ရှေ့မင်္ဂလာမဏ္ဍပ်က အဝေးကလာသူ အမောဆို့အောင် ဆီးကြိုနေတယ်။ သူ့ကိုယ်ပေါ်မှာ လည်း သတို့သမီး ဝတ်စုံနဲ့တစ်ခြံလုံး ပြုံးပျော်ရယ်မောသံတွေ ပြည့်နေတယ်။

အဲဒီ့နေ့ကစပြီး သူ့ဘဝထဲမှာ ကျောင်းဆရာ အပြီးအပိုင် ပျောက်ကွယ်သွားခဲ့ပြီးသူစိမ်းလူငယ် လုံးလုံးလျားလျား ဝင်ရောက်လာတယ်။

နေပူတစ်လှည့်၊ မိုးရွာ တစ်လှည့်နဲ့ ရာသီအလီလီ ပြောင်းလဲ သွားတယ်။ သူနဲ့လူငယ် ရွာ ကနေ မြို့ကိုပြောင်းပြီး ဘဝမျိုးစုံ အတူ ဖြတ်ကျော်ခဲ့ကြတယ်။

တစ်ယောက်ကိုတစ်ယောက် ဖေးမအားပေးလို၊ သားသမီးတွေတောင် အတောင်စုံလို့ အဝေးကို ပျံသန်းသွားခဲ့ကြပြီ။ သူတို့နှစ်ယောက်က အခုလို အိုမင်းကျန်ရစ်ကြတယ်။

မလွယ်ပါဘူး။ တကယ်ကို မလွယ်ပါဘူး။

အတိတ်အကြောင်းကို တွေးတောရင်း အဘွားအိုရဲ့ ရင်အစုံ မွန်းကျပ်လာပြီး ချောင်းတစ်ချက်ဆိုးမိတယ်။ အဘွားအိုရဲ့ ချောင်းဆိုး သံကြောင့် ဘေးမှာ နေ့လယ်တစ်မှေး မှေးအိပ်နေတဲ့အဘိုးအို လန့်နိုးသွားပြီး မြန်မြန်ထထိုင်လိုက်တယ်။ အဘွားအိုကို တစ်ချက်ကြည့်ပြီး တုန်ချိချိလက်နဲ့ ရေတစ်ခွက်ခပ်ပေးလိုက်တယ်။

ရေနွေးနွေးကို လက်နှစ်ဖက်နဲ့ဆုပ်ကိုင်ပြီး အဘိုးအိုကို သူ ကြည့်လိုက်တယ်။ ဒီအဘိုးအိုနဲ့ သူ ဒီတစ်သက် ဖြတ်သန်းခဲ့တာ ဘဝမှာ ဘာနောင်တ၊ ဝမ်းနည်းစရာတွေ ကျန်ခဲ့သလဲလို့ အဘွားအို စဉ်းစားကြည့် တယ်။ ဟင့်အင်း . . . ဘာမှမကျန်ခဲ့သလိုပဲ။

ဒီအဘိုးအိုရဲ့ စိတ်သဘောထားက နူးညံ့သိမ်မွေ့လွန်းတယ်။ အိမ်အတွက် အစစအရာရာ ဘာမှလိုလေသေးမရှိ စွမ်းဆောင်တယ်။ ဘယ်လောက်ပဲ ဆင်းရဲဒုက္ခရောက်ပါစေ၊ သူနဲ့ သားသမီးတွေကို စိုးရိမ်သောကမရောက်အောင် ပြုစုစောင့်ရှောက်တယ်။ အဘိုးအိုနဲ့ သူ အတူနေပေမယ့် ပြောစရာစကား နည်းတယ်။ ဒါပေမဲ့ နှစ်ရှည်လကြာထိ သူတို့ အတွဲ ညီခဲ့ကြတယ်။ တစ်ခါတလေ တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ပြီး နှစ်ယောက်အတူ ဘာစကားမှမပြောဘဲ တိတ်တိတ်ဆိတ်ဆိတ် တစ်နေကုန် သူတို့ ထိုင်နိုင်ကြတယ်။

မိသားစုအတွက်၊ အိမ်အတွက် အရာရာပေးဆပ်ခဲ့တဲ့ အဘိုးအိုကို သူ ငေးကြည့်မိပြန်တယ်။

တစ်ခုသော ဆောင်းဦးကာလမှာ ကလေးတွေ ကျောင်းတက် ရတော့မယ်။ ကျောင်းလခလည်း မရှိ၊ နေအိမ်မှာ အာဟာရရှိတဲ့ အစာတွေ မစားရတာ လည်း ကြာနေပြီ။ အဘိုးအိုက နေအိမ်တစ်နေရာမှာ အကြာကြီးထိုင်ပြီး ရတ်တရက် ပိုက်ဆံသွားချေးမယ်ဆိုပြီး ထွက်သွား တယ်။ ဘယ်သူ့ဆီ သွားချေးမလဲ၊ ဒီမြို့မှာ သူတို့ဆွေမျိုး တစ်ယောက်မှ မရှိဘူး။

သိတဲ့ အသိတွေကလည်း သူတို့လိုပဲ ဆင်းရဲကျပ်တည်းသူတွေ ဖြစ်တယ်။ ဒါပေမဲ့ ညနေရောက်တော့ ကျောင်းလခနဲ့ အဘိုးအို ပြန်လာခဲ့ပါတယ်။ လက်ထဲမှာ လည်း ကြက်တစ်ကောင် ကိုင်ဆွဲလို့။

အဲဒီ့ ညက သူတို့မိသားတစ်စုလုံး နွေးနွေး ထွေးထွေး နဲ့ ပျော်ရွှင် ခဲ့ကြတယ်။ ဝလင်ခဲ့ကြတယ်။

ညအိပ်ရာဝင်ခါနီး အဘိုးအိုလဲထားတဲ့ အဝတ်တွေကို သူ ကောက်သိမ်းတော့ အင်္ကျီလက်မောင်းတစ်နေရာမှာ သွေးစတချို့စွန်းနေ တာကို တွေ့လိုက်တယ်။ အိပ်ပျော်နေတဲ့ အဘိုးအိုဆီအမြန်သွားပြီး ကိုယ်ပေါ် သူရှာကြည့်တော့ လက်မောင်းတစ်နေရာမှာ ညိုမဲနေတဲ့ အပ်ရာကို တွေ့လိုက်တယ်။

ဪ . . . ဒီယောက်ျား၊ ဒီအဘိုးကြီး၊ ဒီအိမ်အတွက် ဒီမိသားစု အတွက် တစ်ကိုယ်လုံးမှာ အဖျားတွေစွဲကပ်နေခဲ့ပြီ။ အသက်ကြီးလာ ပေမယ့် နေ့တိုင်း လှုပ်လှုပ်ရှားရှား လုပ်နေတုန်းပဲ။ မပင်ပန်းတဲ့ စက်ရုပ် တစ်ရုပ်လို ရုန်းကန်နေရတုန်းပဲ။

ဒီအဘိုးအိုကို သူ လက်ထပ်ရတုန်းက သိပ်စိတ်ထိခိုက်ခဲ့တယ်။ ဝမ်းနည်းခဲ့တယ်။ မနစ်သက်ဘဲ အောင့်ကာနမ်းခဲ့ရတယ်။ ဒါပေမဲ့ အဘိုးအိုက ခုချိန်ထိ သူ့လက်ကို မြဲမြဲတွဲ ထားတုန်းပဲ။ သူ့အနားက တစ်ဖဝါးမှမခွာဘဲ ပြုစုစောင့်ရှောက်နေတုန်းပဲ။

အဘွားအို တွေးရင်းတွေးရင်း မျက်ရည်များ စီးကျလာတယ်။ အဲဒီ့နောက် ကလေးငယ်တစ်ယောက်လို လေသံတိုးတိုးနဲ့ အဘိုးအိုကို မေးလိုက်မိတယ်။

"အဘိုးကြီး . . . တကယ်လို့ နောင်ဘဝဆိုတာရှိရင် ငါ့ကို ဇနီးမယားအဖြစ်နဲ့ယူဦးမလားဟင်"

ရုတ်တရက်မေးလိုက်တဲ့ အဘွားအိုစကားကြောင့် အဘိုးအို တဒင်္ဂမင်သက်သွားမိတယ်။ ပြီးတော့ တွန့်နေတဲ့ပါးရေကို ပိုတွန့်အောင် ပြုံးရင်း . . .

"အင်း . . . မပြောတတ်သေးဘူး။ တကယ်လို့ နောင်ဘဝမှာ ငါ

သူဌေးသူကြွယ်ဖြစ်ခဲ့ရင် နင့်ကို လာရှာမယ်။ နင့်ကိုယူပြီး ကောင်းကောင်း ထားမယ်။ ပျော်ပျော်ရွှင်ရွှင်ထားမယ်။ တကယ်လို့ နောင်ဘဝမှာ အခုလိုပဲ ဆင်းရဲနေတယ်ဆိုရင် နင့်ကို ငါ မယူဘူး။ နင့်ကို ငါ ကူညီမယ်။ သူဌေးတစ်ယောက်ရအောင် ကူညီပြီး ငါက နင်တို့နဲ့ နီးတဲ့နေရာမှာ နေမယ်။ နင်တို့ပျော်ရွှင်နေတာကို အဝေးကနေ ငါ ငေးကြည့်မယ်"

အဘိုးအိုရဲ့ အဖြေကြားတော့ အဘွားအို ရယ်မိတယ်။

"အဘိုးကြီးကလည်း ငါ့တို့အိမ်အနီးနားမှာ နေပြီး ဘာလုပ် မတုန်း"

မျက်စိရှေ့က ချစ်ရတဲ့အဘွားအိုကို စိုက်ကြည့်ပြီး အဘိုးအို နက်နက်နဲနဲ ဖြေလိုက်တယ်။

"အင်း . . . ဘာမှမလုပ်ပါဘူး။ ကျောင်းဆရာလုပ်မှာ ပေါ့"

ရုတ်တရက် အဘွားအို ငုတ်ဆိတ်သွားမိတယ်။ သူနဲ့ တစ်သက် လုံး မညည်းမညူ လက်တွဲ လာခဲ့တဲ့ အဘိုးအိုကို ကြေကြေကွဲကွဲကြည့်ရင်း ဘာမှမပြောနိုင်ဘူး။ မျက်ရည်တွေသာ ပါးပြင်ပေါ် လိမ့်ကျလာတယ်။

တအောင့်ကြာမှ ဆို့ဆို့နင့်နင့် နဲ့ . . .

"အဘိုးကြီး ငါ သွားရတော့မယ်။ ငါ့ကို ဖက်ထားပေးပါ" ထိုင်ရာမှ အဘိုးအို ထလိုက်တယ်။ ညင်ညင်သာသာလေး ညင်ညင်သာသာနဲ့ အဘွားအိုကို ရင်ခွင်ထဲထည့်ပွေ့ထားလိုက်တယ်။ အဘိုးအိုနားဘေးကပ်ပြီး အဘွားအို တိုးတိုးလေးညည်းနေတယ်။

"အဘိုးကြီး . . . နောင်ဘဝ နောင်ဘဝမှာ လည်း ငါတို့ လင်မယားလုပ်ကြရအောင်"

သူတို့ရဲ့ မြေးလေး ညနေကျောင်းဆင်းပြန်လာတဲ့အချိန် နီရဲရဲ ဆည်းဆာနေရောင်က တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်ထားတဲ့ အဘွားအိုနဲ့ အဘိုးအိုကိုယ်ပေါ် လွှမ်းခြုံနေတယ်။

"ရှက်ရှက် ဘွားဘွားနဲ့ဘိုးဘိုး ရှက်ရှက်၊ ဘွားတို့ ဒီလောက် သိပ်ချစ်မယ်လို့ ထင်မထားဘူး"

ဒါပေမဲ့ မကြာပါဘူး။ အဘိုးအိုနဲ့အဘွားအို တစ်ယောက်ကို တစ်ယောက် ပွေ့ဖက်ပြီး လူ့လောကထဲကနေ ပျော်ပျော်ရွှင်ရွှင် ထွက်ခွာ သွားခဲ့ကြတယ်ဆိုတာကို လူတွေ တအံ့တသြ သိလိုက်တော့တယ်။

## (၂၃)

Valentine Day ဘာကြောင့်ဖြစ်

"ချစ်တတ်သူတိုင်း ချစ်နိုင်ကြပါစေ ... ချစ်တယ်လို့ပြောဖို့ မတွန့်တိုကြပါနဲ့ ..."

အင်္ဂလိပ်ပြက္ခဒိန်အရ ဖေဖော်ဝါရီ (၁၄)ရက်နေ့ဟာ St. Valentine နေ့ဖြစ်တယ်။ Valentine Day လို့လည်း ခေါ် ကြတယ်။

အေဒီ (၃)ရာစုတုန်းက ရောမမှာ နိုင်လိုမင်းထက်မင်းမှုနေတဲ့ Claudius လို့ခေါ်တဲ့ မင်းတစ်ပါးအုပ်စိုးခဲ့တယ်။ နန်းတော်နဲ့ သိပ်မကွာ ဝေးတဲ့နေရာတစ်ခုမှာ လှပတဲ့ ဘုရားကျောင်းတစ်ဆောင်ရှိတယ်။ အဲဒီ့ကျောင်းမှာ Valentine လို့ခေါ်တဲ့ ဘုန်းကြီးတစ်ပါး နေထိုင်တယ်။ ရောမလူမျိုး ကြီးငယ်မရွေး၊ ဆင်းရဲချမ်းသာမရွေး အဲဒီ့ ဘုန်းကြီးကို လေးစားကြတယ်။ ကိုးကွယ်ကြတယ်။ အမြဲလိုလို လူစုလူဝေးနဲ့ ဘုရားရှေ့ ထွန်းညှိထားတဲ့ မီးလျှံတွေကြားမှာ ဘုန်းတော်ကြီးရဲ့ ဆုတောင်းမှု ကို နာယူကြတယ်။

ရောမရဲ့ စစ်ပွဲက အဆက်ပြတ်တယ်လို့ မရှိခဲ့ဘူး။ ဘုရင် မင်းမြတ်က ပြည်သူတွေကို အဓမ္မသိမ်းသွင်းပြီး စစ်မြေပြင်ကို စေလွှတ်ခဲ့တယ်။ ယောကျ်ားသားတွေက မိသားစုနဲ့ ချစ်သူတွေကို မခွဲချင်ကြဘူး။ Claudius ရဲ့ ရက်စက်ပုံက လူတွေကို မင်္ဂလာမဆောင်ရလို့ အမိန့်ထုတ်ခဲ့တယ်။ စေ့စပ်ထားကြတဲ့လူတွေကိုလည်း စေ့စပ်ကြောင်းလမ်း ခြင်းဖျက်သိမ်းရမယ်လို့ အမိန့်ထုတ်ခဲ့တယ်။ လူငယ်အများ က ချစ်သူကို နှုတ်ဆက်ပြီး စစ်မြေပြင်ကို ထွက်ခဲ့ကြရတယ်။ မိန်းကလေးတွေကလည်း ချစ်သူတွေကို ဆုံးရှုံးလွမ်းဆွတ်ပြီး ကျန်နေခဲ့ရတယ်။

Claudius ရဲ့ ရက်စက်ပုံကို ဘုန်းတော်ကြီး Valentine က စိတ်မကောင်းဘူး။ အဲဒီ့ အချိန်မှာ ချစ်သူစုံတွဲ တစ်တွဲ က ဘုန်းတော်ကြီးကို အကူအညီ လာတောင်းတယ်။ ဘုန်းတော်ကြီးက သူတို့နှစ်ဦးကို ဘုရားကျောင်းမှာ တိုးတိုးတိတ်တိတ် လက်ထပ်ပေးလိုက်တယ်။ ဒါကို တစ်ယောက်နား တစ်ယောက်ပေါက်ကြားပြီး ဘုန်းတော်ကြီးရဲ့ အကူအညီနဲ့ ချစ်သူတွေဟာ လက်ထပ်ဖြစ်ခဲ့ကြတယ်။

အဲဒီ့ သတင်း ဘုရင့်နားဆီ ရောက်သွားတယ်။ ဒေါသမိုးကြိုး ပြမ်းလေပြီပေါ့။ ဘုရားကျောင်းကို စစ်သည်တချို့စေလွှတ်ပြီး စုံတွဲ တစ်တွဲ ကို လက်ဆက်ပေးနေတဲ့ ဘုန်းတော်ကြီးကို ဖမ်းယူပြီး အချုပ်ထဲသွင်းထားလိုက်တယ်။ ဘုရင်မင်းမြတ်ရဲ့ စွပ်စွဲချက်ကို လူတွေက အသနားခံကြတယ်။ ဒါပေမဲ့ အရာမရောက်ခဲ့ဘူး။ ဘုန်းတော်ကြီးဟာ အချုပ်ထဲမှာပဲ နှိပ်စက်ညှဉ်းပန်းမှု တွေခံပြီး ကွယ်လွန်သွားရတယ်။ လူတွေ က သူ့ကို St.Praxedes ဘုရားကျောင်းမှာ မြှုပ်နှံခဲ့ကြတယ်။ အဲဒီ့ နေ့က အေဒီ (၂၇၀) ဖေဖော်ဝါရီလ (၁၄)ရက်နေ့ဖြစ်တယ်။

နောက်မှုကွဲတစ်မျိုးက ဒီလိုဆိုထားပါတယ်။ ဘုန်းတော်ကြီး Valentine ဟာ ခရစ်ယာန်ဘာသာဝင်ရဲ့ ကနဦးအစကတစ်ဦးလို့ ဆိုရပါမယ်။ အဲဒီ့ ခေတ်က ခရစ်ယာန်ဘာသာဝင်တစ်ဦးဟာ သေမင်းနဲ့ ဘေးဥပါဒ်ကိုတောင်မမှု ဘဲ မိမိဘာသာဝင်လူမျိုးအတွက် အသက်စတေးရဲ တယ်။ အချုပ်ထဲ ရောက်သွားတဲ့အချိန်မှာ လည်း မျက်စိမမြင်တဲ့ထောင်မှူးရဲ့ သမီးကို ဆေးကုသပေးခဲ့တယ်။ Claudius က ဒီသတင်းကိုကြားတော့ တော်တော်တုန်လှုပ်သွားတယ်။ Valentine ကို လူထုရဲ့ ရှေ့မှာ သေဒဏ် ပေးဖို့ အမိန့်ချခဲ့ပြန်တယ်။ သေဒဏ်ပေးမယ့်မနက်မှာ Valentine ဟာ ထောင်မှူးသမီးကို နှုတ်ဆက်စာလေးတစ်စောင် ရေးပေးခဲ့တယ်။ စာအောက်ဆုံးမှာ ရေးထားတာကတော့ From your Valentine တဲ့။

သမိုင်းမှတ်တမ်းတင်တဲ့ လူတချို့က ဒီအဖြစ်အပျက်ရဲ့ အရင်း အမြစ်ကို ဖော်ထုတ်ကြပြီး လူတွေကို ယုံကြည်မှု တွေ ပေးခဲ့တယ်။ အေဒီ (၂၇၀) ရောမဘုရင် ထီးနန်းတက်စတုန်းက ရောမမြို့အနီးတစ်ဝိုက်ဟာ တောကြီးမြက်မည်းနဲ့ ဝံပုလွေတွေပေါ်များခဲ့တယ်။ ရောမလူမျိုးကိုးကွယ်တဲ့ နတ်ဘုရားမှာ Lupercus ဆိုတဲ့ နတ်ဘုရားလည်း ပါဝင်ပြီး အဲဒီ့ နတ်ဘုရားဟာ လူနဲ့ဆိတ်တွေကို အကာအကွယ်ပေးတဲ့ နတ်ဘုရား ဖြစ်တယ်။ နှစ်စဉ်နှစ်တိုင်း ဖေဖော်ဝါရီလလယ်မှာ အဲဒီ့ နတ်ဘုရားကို ပသပူဇော်တဲ့ပွဲ လုပ်ကြတယ်။ အဲဒီ တုန်းက နတ်ဘုရားကိုပူဇော်တဲ့ပွဲဟာ နွေဦးကို ကြိုဆိုတဲ့ ပွဲလို့လည်း ပြောနိုင်တယ်။

ဒီပွဲဟာ နတ်ဘုရား Faunus ကိုပူဇော်တဲ့ပွဲလို့လည်း တချို့က ပြောကြတယ်။

အဲဒီ နတ်ဘုရားဟာ လူတစ်ပိုင်း ဆိတ်တစ်ပိုင်းဖြစ်ပြီး ခေါင်းမှာ Pan လို့ခေါ်တဲ့ ဂျိုပေါက်နေတယ်။ တိရစ္ဆာန်နဲ့လူတွေကို ကာကွယ် စောင့်ရှောက်တယ်။ ဒီလိုနတ်ဘုရားကို ပူဇော်ပသတဲ့ဖြစ်စဉ်အစဟာ ရှေးကတည်းက ရှိခဲ့တဲ့အတွက် အေဒီ (၁)ရာစုက ရှိခဲ့တဲ့ ပညာရှင်တွေ တောင် တိတိကျကျ မသိခဲ့ကြဘူး။ ဒါပေမဲ့ ဒီလိုနေ့မြတ်ရဲ့ အရေးပါပုံ ကိုတော့ ယုံမှား သံသယ မရှိခဲ့ကြဘူး။ သမိုင်းမှတ်တမ်းအရ Mark Antony ဟာ အေဒီ (၄၄)ခုနှစ်ရဲ့ နတ်ဘုရားပူဇော်ပွဲ တစ်ခုမှာ သရဖူကို Julius Caesar လက်ထဲ အပ်နှင်းလိုက်တယ်လို့ သိရတယ်။

နှစ်စဉ်နှစ်တိုင်းရဲ့ ဖေဖော်ဝါရီလ (၁၅)ရက်နေ့မှာ ဘုန်းတော်ကြီး တွေဟာ ရောမမြို့မှာ ရှိတဲ့ Palantine တောင်ထိပ်ရဲ့ ဂူတစ်ဂူဘေးမှာ စုဝေးကြတယ်။ ဒီဂူက ဟိုးယခင် နန်းတက်ခဲ့ဖူးတဲ့ Romilus and Remus ညီအစ်ကိုနှစ်ဦးကို ဝံပုလွေမတစ်ကောင်က ကျွေးမွေးစောင့်ရှောက်ပြီး ကြီးပြင်းခဲ့တဲ့နေရာ ဖြစ်တယ်။

အဲဒီ ပွဲမှာ နောက်တစ်မျိုးကျင်းပပုံက လူကုံထံများ ဟာ ဆိတ် သရေကြာပွတ်ကိုကိုင်ပြီး လမ်းတစ်လျှောက် ပြေးကြခြင်းပါပဲ။ အမျိုးသမီး တွေက ပြေးလမ်းရဲ့ ဘေးတစ်ဖက်စီမှာ ရပ်ပြီး ခေါင်းကို ကြာပွတ်နဲ့ အရိုက်ခံကြတယ်။ အရိုက်ခံရမှ သူတို့ဟာ သမီးလေးမွေးမယ်လို့ ယုံကြည် ကြလို့ပါပဲ။ လက်တင်ဘာသာမှာ ဆိတ်သရေကြာပွတ်ကို februa လို့ ခေါ် တယ်။ ကြာပွတ်နဲ့ရိုက်တာကို fabruatio လို့ ခေါ်တယ်။ တကယ်တော့ စင်ကြယ်ခြင်းဆိုတဲ့ အဓိပ္ပာယ်ဖြစ်တယ်။ နှစ်လပိုင်း February ဆိုတာ အခေါ်အဝေါ်က အဲဒီ ကနေ ဆင်းသက်လာခဲ့တာဖြစ်တယ်။

ရောမရဲ့ အင်အားဟာ ကြီးမားလာပြီး ဥရောပတစ်ခုလုံး ပျံ့နှံ့ လာတယ်။ နတ်ဘုရားပူဇော်ပသတဲ့ အစဉ်အလာဟာ ပြင်သစ်၊ အင်္ဂလန် စတဲ့ နိုင်ငံတွေအထိ ရောက်လာတယ်။ အဲဒီ လိုပူဇော်ပွဲမှာ လူကြိုက်များ တာ ကတော့ ကံစမ်းမဲနှိုက်တာပါပဲ။ မိန်းကလေးတွေရဲ့ နာမည်ကို သေတ္တာထဲ ထည့်ပြီး ယောကျ်ားသားတွေက မဲနှိုက်ကြတယ်။ မဲနှိုက်မိတဲ့ မိန်းကလေးနဲ့ အဲဒီ ယောကျ်ားလေးက ချစ်သူတွေဖြစ်သွားကြတယ်။

နှစ်တွေကြာလာတော့ ခရစ်ယာန်တွေ အမှတ်တစ်ရထားတဲ့

ဒီလိုထုံးတမ်းစဉ်လာဟာ တဖြည်းဖြည်းနဲ့ ပျောက်ကွယ်လာတယ်။ ဘုန်းတော်ကြီးတွေက ဒီပွဲကို လူတွေ မေ့လျော့ကုန်မှာ စိုးတာနဲ့ အရင်က ကျင်းပခဲ့တဲ့ Lupercalia ပွဲကို Valentine's Day လို့ပြောင်းပြီး ဖေဖော်ဝါရီလ (၁၄)ရက်နေ့ကို ရွှေ့ခဲ့ကြတယ်။ ဘုန်းတော်ကြီး Valentine ရဲ့ ရာဇဝင်နဲ့ရှေးယခင်ကရှိခဲ့တဲ့ နတ်ဘုရားပူဇော်တဲ့ပွဲနှစ်ခုကို ပေါင်းစပ် လိုက်ကြတယ်။

ဒီပွဲဟာ ရာစုနှစ်လယ်လောက်က အင်္ဂလန်မှာ တော်တော် ခေတ်စားခဲ့တယ်။ မဲနှိုက်မိတဲ့အပျိုနဲ့ လူပျိုနှစ်ဦးဟာ လက်ဆောင်ပစ္စည်း တွေ လဲလှယ်ကြပြီး မိန်းကလေးက အဲဒီ တစ်နှစ်အတွင်းမှာ ယောက်ျားလေး ရဲ့ Valentine ဖြစ်ရတယ်။ ယောက်ျားလေးရဲ့ အင်္ကျီမှာ တော့ မိန်းကလေး နာမည်ကို ဇာထိုးထားရပြီး အဲဒီ မိန်းကလေးကို ကြည့်ရှုစောင့်ရှောက်ဖို့ တာဝန်ယူရတယ်။ သမိုင်းအထောက်အထားအရ ဒီလိုစုံတွဲ မျိုးဟာ (၁၅)ရာစုနှစ်စမှာ ရှိခဲ့တယ်။

ငယ်ရွယ်တဲ့ပြင်သစ်မင်းသား Duke of Orleans ဟာ Agincourt စစ်ပွဲမှာ အင်္ဂလိပ်စစ်သည်တို့က ဓားစာခံအဖြစ် ဖမ်းဆီး ခေါ်ဆောင်သွားခဲ့ပြီး လန်ဒန်မှာ နှစ်အတော်ကြာ ချုပ်နှောင်ခြင်းခံခဲ့ရတယ်။ မင်းသားဟာ သူ့ကြင်ယာတော်အတွက် ကဗျာတွေစပ်ခဲ့တယ်။ သူ့ ကဗျာပေါင်း (၆၀)ကို ယနေ့ထက်တိုင် သိမ်းဆည်းထားပါတယ်။

နှစ် (၂၀၀)နောက်ပိုင်းရောက်မှ ပန်းတွေနဲ့လုပ်ထားတဲ့ စာတွေ ပစ္စည်းတွေ ပေါ်ခဲ့တယ်။ ပြင်သစ်ဘုရင် Henry IV ရဲ့ သမီးတော်တစ်ဦးက Valentine's Day မှာ ကြီးကျယ်တဲ့ ညစာစားပွဲ တစ်ခုပြုလုပ်ခဲ့တယ်၊ အရွေးခံရတဲ့ မိန်းကလေးက လာရွေးသူယောက်ျားလေးဆီက ပန်း တစ်စည်းကို လက်ဆောင်ရကြတယ်။

ဒီလိုနဲ့ ဒီအစဉ်အလာဟာ အီတလီ၊ ပြင်သစ်၊ အင်္ဂလန်စတဲ့ နေရာအသီးသီး ပျံ့နှံ့ခဲ့တယ်။ နှစ်စဉ်နှစ်တိုင်း ဖေဖော်ဝါရီလ (၁၄)ရက် နေ့ဟာ သူငယ်ချင်း၊ ချစ်သူတွေကို ပန်းစည်းတွေ၊ အသည်းပုံချိုချဉ်တွေ၊ အချစ်စာလွှာနဲ့ လက်ဆောင်ပစ္စည်းတွေ ပေးပို့တဲ့လ ဖြစ်ခဲ့တယ်။ ဒီလို အပြန်အလှန် လက်ဆောင်တွေ ဖလှယ်ကြခြင်းဖြင့် ကိုယ့်ရဲ့ စစ်မှန်တဲ့ အချစ်ကို သက်သေပြရုံမက ရက်စက်တဲ့ဘုရင်ကို တော်လှန်ခဲ့တဲ့ ဘုန်းတော်ကြီး Valentine

ကိုလည်း အောက်မေ့ဂုဏ်ပြုရင်းနဲ့ပေါ့။

ချစ်တတ်သူတိုင်း ချစ်နိုင်ကြပါစေ

ချစ်တယ်လို့ပြောဖို့ မတွန့်တိုကြပါနဲ့

အခွင့်အရေးဟာ မျက်စိလည်ပြီး နှစ်ခါရောက်မလာနိုင်ဘူး။

## (၂၄)

### အချစ်ကိုတပ်ဆင်ခြင်း

အင်ဂျင်နီယာ။ ။"ဘာများ ဝန်ဆောင်မှု ပေးရမလဲခင်ဗျာ"

ညွှန်သည်။ ။"နှလုံးသားမှာ အချစ်ကိုတပ်ဆင်မလို့ ဆုံးဖြတ်ထားပါတယ်။ ဘယ်လိုတပ်ဆင်ရမလဲဆိုတာကို တစ်ဆင့်ချင်း ပြောပြလို့ရမလား"

အင်ဂျင်နီယာ။ ။"ရပါတယ်။ တပ်ဆင်ဖို့ အဆင်သင့်ဖြစ်ပြီလား"

ညွှန်သည်။ ။"ဟုတ်ကဲ့။ အဆင်သင့်ဖြစ်ပါပြီ။ ဒါပေမဲ့ နည်းပညာတွေကို သိပ်နားမလည်လို့ ပထမဦးဆုံး ဘာလုပ်ရမလဲဆိုတာကို ပြောပြပါလား"

အင်ဂျင်နီယာ။ ။"ပထမအဆင့်အနေနဲ့ ရင်ဘတ်ကို ဖွင့်လိုက်ပါ။ နှလုံးသားကို ရှာတွေ့ပြီလား"

ညွှန်သည်။ ။"တွေ့ပါပြီ။ ဒါပေမဲ့ တချို့ပရိုဂရမ်တွေ အလုပ်လုပ်နေတာ တွေ့ရတယ်။ သူတို့ အလုပ်လုပ်နေတဲ့ အချိန် အချစ်ကို တပ်ဆင်ရာမှာ အခက်အခဲရှိနိုင်လား"

အင်ဂျင်နီယာ။ ။"ဘာပရိုဂရမ်တွေ အလုပ်လုပ်နေသလဲ"

ညွှန်သည်။ ။"အင်း . . . ဒဏ်ရာဟောင်း၊ တစ်ကိုယ်ကောင်းဆန်စိတ်၊ မနာလိုဝန်တိုစိတ်၊ နာကျည်းစိတ်တွေက အလုပ်လုပ်နေပါတယ်"

အင်ဂျင်နီယာ။ ။"ကိစ္စမရှိပါဘူး။ အချစ်ကိုတပ်ဆင်လိုက်တာနဲ့ဒဏ်ရာဟောင်းကို system ကနေ ဖျက်လိုက်မှာ ပါ။ အဲဒီ့ ဒဏ်ရာဟောင်းက မှတ်ဉာဏ်ထဲမှာ ကျန်ချင်ကျန်ခဲ့လိမ့်မယ်။ ဒါပေမဲ့ တခြား ပရိုဂရမ်တွေကိုတော့ အနှောင့်အယှက် မဖြစ်စေပါဘူး။ အချစ်မှာ ရှိတဲ့ ကိုယ်ချင်းစာစိတ်က တစ်ကိုယ်ကောင်းဆန်စိတ်ကို ဖုံးသွားလိမ့်မယ်။ မနာလိုစိတ်နဲ့ နာကျည်းစိတ်တွေကို အရင်ပိတ်ပစ်ရဦးမယ်။ နို့မဟုတ်ရင် အချစ်ကို တပ်ဆင်ရာမှာ အခက်အခဲရှိလိမ့်မယ်။ သူတို့ကို ပိတ်ပစ်နိုင်မလား"

ညွှန်သည်။ ။"သူတို့ကို ဘယ်လိုဖိတ်ရမလဲ။ ပြောပြနိုင်မလား"

အင်ဂျင်နီယာ။ ။"ရပါတယ်။ ခွင့်လွှတ်စိတ်ကိုရွေးပြီး စ Run လိုက်ပါ။ မနာလိုဝန်တိုစိတ်နဲ့ နာကျည်းစိတ်တွေ လုံးဝပျောက်သွားတဲ့အထိ ထပ်တလဲလဲ Run ပေးပါ"

ညွှန်သည်။ ။"ကောင်းပြီလေ။ အချစ်ကို တပ်ဆင်လို့ပြီးပါပြီ။ ဒါ ပုံမှန်ဟုတ်ပါသလား"

အင်ဂျင်နီယာ။ ။"ဟုတ်ပါတယ်။ ဒါပေမဲ့ ဒါဟာ အခြေခံအဆင့်ပဲ ရှိသေးတယ်။ အချစ်ကို တခြားနှလုံးသားတစ်ခုနဲ့ ဆက်သွယ်ပေးလိုက်မှ သူဟာ အဆင့်ထပ်တိုးသွားနိုင်တယ်"

ညွှန်သည်။ ။"ဟာ . . . မှား ယွင်းနေကြောင်း အသိပေးချက်ပေါ်လာပါလား။ အချစ်ပရိုဂရမ်ဟာ အခြားတစ်ခုမှာ အလုပ် မလုပ်နိုင်ဘူးတဲ့။ ဘယ်လိုလုပ်ရမလဲ"

အင်ဂျင်နီယာ။ ။"စိတ်မပူပါနဲ့။ အချစ်ဆိုတဲ့အရာဟာ အတွင်းစိတ်ကနေပဲ အလုပ်စလုပ်တယ်လို့ ပြောတာပါ။ လွယ်လွယ်ပြောရရင် အချစ်ကို တခြားနှလုံးသားတစ်ခုနဲ့ မဆက်သွယ်ခင် ကိုယ့်ကိုယ်ကို အရင်ချစ်ဖို့ပါပဲ"

ညွှန်သည်။ ။"ဒါဆို ဘယ်လိုလုပ်ရမလဲ"

အင်ဂျင်နီယာ။ ။"ကိုယ့်ကိုလက်ခံတဲ့ဖိုင်ကို ရွေးလိုက်ပါ။ ဒီဖိုင်ထဲက "ကိုယ့်ကိုခွင့်လွှတ်မှု "၊ "ကိုယ့်တန်ဖိုးကို ကိုယ်နားလည်မှု " နဲ့ "ကိုယ်လိုချင်တဲ့ကန့်သတ်မှု " ဆိုတဲ့ ဖိုင်တွေကို ကော်ပီလုပ်ပြီး ရင်ဘတ်ထဲကိုထည့်လိုက်ပါ။ တူနေတဲ့ဖိုင်တွေကို ဖုံးသွားမှာပါ။ ဝေဖန်တတ်တဲ့စိတ်ကိုလည်း ဖျက်ပစ်လိုက်ပါ။ နောက်ပြီး (Recycle Bin) ထဲက ရှိသမျှအားလုံးကိုလည်း ဖျက်လိုက်ပါ"

ညွှန်သည်။ ။"အင်း . . . ကောင်းပါပြီ။ နှလုံးသားမှာ ဖိုင်အသစ်လေးတွေ ထွက်လာတာ မြင်နေရပြီ။ စခရင်ပေါ်မှာ အပြုံးလေးတွေ တွေ့နေရပြီ။ "တည်ငြိမ်ခြင်း" နဲ့ "စစ်မှန်ခြင်း" က နှလုံးသားမှာ အပြည့်ကော်ပီကူး ထားတယ်။ ဒါဟာ ပုံမှန်ဟုတ်ပါသလား"

အင်ဂျင်နီယာ။ ။"ပုံမှန်ပါပဲ။ တစ်ခါတလေ ဒီလိုပဲ အဆင်ပြေသွားတတ်တယ်။ တစ်ခါတလေတော့လည်း စောင့်ရတတ်တယ်။ အခုဆိုရင် အချစ်ကို တပ်ဆင်လို့ပြီးသွားပြီ။ စတင် အလုပ်လုပ်နေပြီ"

ညွှသည်။ ။"အချစ်ဆိုတာ လူတိုင်းရဲ့ နှလုံးသားထဲမှာ ဆောင်ထားသင့်တဲ့ Free Software တစ်ခုလို့ ကျွန်တော် ပြောဖို့ မေ့သွားတယ်။ အဲဒီ့ ဆော့ဖ်ဝဲလ်နဲ့ သူ့ထဲက ဖိုင်တွေကို တခြားလူနဲ့မျှဝေဖို့ မမေ့ပါနဲ့။ အဲဒီ့ လူတွေကလည်း တခြားလူတွေကို ထပ်ပြီးမျှဝေပေးကြမှာ ပါ။ နောက်ဆုံး အရမ်းကောင်းတဲ့ဖိုင်တချို့ ကိုယ့်ဆီပြန်ရောက်လာမှာ ပါ"

# (၂၅)

အဖော်မွန်

"ကျွန်မနဲ့သူ လက်ထပ်တုန်းက ကျွန်မ (၁၆)နှစ်၊ သူ (၅)နှစ်..."

## (၁)

သူဟာ မွေးကတည်းက ကျန်းမာရေးချူချာလို့ ပိုးမွေးသလို မွေးထားရတဲ့ တစ်ဦးတည်းသောသားပါ။ အဖေက ကိုယ်ပိုင်စီးပွားရေးနဲ့ အထက်တန်းကျကျ နေနိုင်ကြတဲ့သူတွေပါ။ အမေက ရိုးအပြီး ဘာသာတရားကိုင်းရှိုင်းလွန်းတယ်။ တစ်ခါက ဗေဒင်သွားမေးတော့ ဗေဒင်ဆရာက သားကို မိန်းမပေးစားလိုက်ရင် ကျန်းမာလာမယ်လို့ပြောတာကို ယုံပြီး ရွာထဲမှာ ချွေးမလောင်းလိုက်ရှာတော့တယ်။ ခမ်းခမ်းနားနား လက်ထပ်ပွဲ လုပ်ပေးမယ်လို့လည်း ကြေညာလိုက်တယ်။

ကျွန်မအိမ်မှာ မိသားစုငါးယောက်ရှိတယ်။ လယ်ဧက အနည်းငယ်နဲ့ မိသားစုစားဝတ်နေရေးကို ရုန်းကန်ရတယ်။ အဖေက စားဝတ်နေရေးပြေလည်စေချင်လို့ အဖော်တွေနဲ့ ကျောက်သွားတူးတာ ငွေရှာလို့မရတဲ့အပြင် ကျောက်ပိလို့ ခါးရိုးကျိုးသွားတယ်။ အိမ်က ရှိစုမဲ့စုလေး အဖေ့ဆေးဖိုးအတွက် ကုန်သွားခဲ့ပေမယ့် အဖေ့ဒဏ်ရာက မပျောက်ခဲ့ဘူး။ နေ့တိုင်း အိပ်ရာပေါ်လဲနေလို့ ဘာမှမလုပ်နိုင်ဘူး။ ကျွန်မရဲ့ မောင်လေးနှစ်ယောက်ကလည်း လူလားမမြောက်သေးဘူး။ အိမ်ရဲ့ စားဝတ်နေရေးတွေက အမေ့အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်နေတော့တယ်။

"အစ်မသမီးနဲ့ ပေးစားလိုက်ပါလား။ သူ့ အဖေကုဖို့ ပိုက်ဆံလည်းရမယ်။ စားဝတ်နေရေးအတွက်လည်း မပူရတော့ဘူး" လို့ ရွာကလူတွေ လာစေ့စပ်ကြတော့ အမေ ခေါင်းခါတယ်။ ဘယ်မိဘမှ ကိုယ့်သားသမီးကို ဒုက္ခတွင်းထဲ တွန်းမပို့ချင်ကြဘူးဆိုတာ ကျွန်မ သဘောပေါက်တယ်။

"ဒါပေမဲ့ ကျွန်မ သွားပါရစေ။ ဒီပိုက်ဆံတွေနဲ့ အဖေ့ဒဏ်ရာကို ကုလို့ရတယ်" လို့ ကျွန်မဆိုခဲ့တယ်။

မင်္ဂလာပွဲက ထွက်လာတဲ့ သီချင်းသံက တစ်ရွာလုံးကို လွှမ်းမိုးထားတယ်။ အိပ်ရာပေါ်လဲနေတဲ့ အဖေက သူ့ရင်ဘတ်ကိုထုရင်း သမီးရဲ့ အနာဂတ်၊ သမီးရဲ့ နုနယ်တဲ့အရွယ်အတွက် ယူကြုံးမရဖြစ်နေတယ်။ အမေက မျက်ရည်ဝဲရင်း ကျွန်မရဲ့ ဆံပင်တွေကို ဖြီးသင်နေတယ်။ အနီရောင်မင်္ဂလာဝတ်စုံကိုဝတ်ပြီး ကျွန်မ မိဘနှစ်ပါးကို ကန်တော့တယ်။ ခေါင်းပေါ်က ဇာပုဝါကို ကိုယ်တိုင်လွှမ်းခြုံရင်း ကျွန်မ မျက်ရည်တွေစီးကျလာတယ်။ ဒီလိုနဲ့ပဲ ကျွန်မရဲ့ ဘဝတစ်သက်စာကို ဘာမှမသိတတ်သေးတဲ့ ကလေးငယ်တစ်ယောက်ရဲ့ လက်ထဲ ထိုးအပ်ခဲ့တယ်။

(၂)

အရွယ်တင်သေးတဲ့ ယောက္ခမတွေက သဘောကောင်းကြတယ်။ သူ့အမေရဲ့ ဆုံးဖြတ်ချက်နဲ့ ကျွန်မကို သူက "မမ"လို့ခေါ်တယ်။ သူ့အမေနဲ့အတူ အိမ်မှု ကိစ္စအားလုံး ကူလုပ်ရင်း၊ ပိုနေတဲ့ ကျွန်မရဲ့ အချိန်တွေက သူ့အတွက် ဆေးကျို ဆေးတိုက်နဲ့ သူ့အတွက် ချက်ပြုတ်၊ သူ့အတွက် ကစားဖော်၊ သူ့ကိုချော့သိပ်တာက ကျွန်မအတွက် တစ်နေ့တာ အလုပ်ဖြစ်ရတယ်။ တစ်ခါတလေ ညဉ့်နက်သန်းခေါင် သူ့ရောဂါဖောက်လို့ ကိုယ်အပူချိန်တွေတက်ရင် သူ့ကိုချိုပြီး ဆေးတိုက်၊ ရေတိုက်နဲ့ ကျွန်မ မိုးလင်းရတယ်။ ကျွန်မရဲ့ စိတ်ထဲမှာ သူဟာ ကျွန်မရဲ့ တကယ့် မောင်လေးအရင်းတစ်ယောက်လို သတ်မှတ်ခဲ့တယ်။ ရွာကလူတွေရဲ့ ပြောစကားတွေကြားမှာ ကျွန်မ ခေါင်းငုံ့နှုတ်ဆိတ်ပြီး ရှောင်နေခဲ့တယ်။

ဗေဒင်ဆရာရဲ့ စကားကပဲ မှန်လို့လား။ သူ့ရဲ့ ကံသိုလ်ကံကြောင့်ပဲလား။ ကျွန်မရဲ့ ဂရုစိုက်ပြုစုမှု ကြောင့်ပဲလား။ သူ့ရောဂါက တဖြည်းဖြည်း သက်သာလာခဲ့တယ်။ ကျွန်မအပေါ်ထားတဲ့ သူ့ရဲ့ သံယောဇဉ်က သူ့ အမေထက် ပိုပါတယ်။

"ဒါလား ကျွန်မရဲ့ အိမ်ထောင်ရေး၊ ဒီကလေးလားကျွန်မရဲ့ ခင်ပွန်း"

အိပ်မောကျနေတဲ့ သူ့ကိုငေးရင်း ကျွန်မကိုယ်ကျွန်မ မေးမိတယ်။

ကျောင်းအပ်တဲ့အရွယ်ရောက်တော့ သူ့အတွက်လွယ်အိတ်ကို ကျွန်မကိုယ်တိုင်ချုပ်ပေးခဲ့တယ်။ သူ့လက်ကိုဆွဲလို့ ကျောင်းသွားအပ်တော့ ရွာထဲက ကလေးတွေက ကျွန်မကို "မယားအကြီး မယားအကြီး" ဆိုပြီး လှောင်ကြတယ်။ ရင်ထဲကနာကျင်မှု ၊ ခံစားမှု တွေကို ကျွန်မ နှိုင်းမပြတတ်ဘူး။ မျက်ရည်ဆိုတာ ကျွန်မအတွက် အဖော်ဖြစ်ခဲ့တယ်။

တစ်ညစောင်ထဲကွေးရင်း "မမကို ချစ်တယ်"လို့ သူပြောတယ်။ သူ့စိတ်ထဲမှာ မမဆိုတာ မိခင်၊ မမဆိုတာ မယားလို့ အပြစ်မဲ့စွာ ထင်နေတယ်။ ကျွန်မ ဘာမှပြန်မပြောမိပါဘူး။ ပထမဆုံး မချိပြုံးပြုံးလိုက်မိတယ်။

(၃)

သူ့အဖေ အပြင်မှာ စီးပွားလုပ်ရင်း လောင်းကစားပါ ဖက်လာတယ်။ အနှစ်နှစ်အလလ စုဆောင်းထားတဲ့ငွေကြေးတွေ လောင်းကစားကြောင့် ကုန်သွားတယ်။ လင်မယားနှစ်ယောက် အကြီးအကျယ်ရန်ဖြစ်ပြီး သူ့အဖေ အိမ်ကထွက်သွားတယ်။ သူ့ အမေက ရှိတဲ့လက်ဝတ်လက်စားကို ထုခွဲရောင်းချလို့ စားဝတ်နေရေး ဖြေရှင်းတယ်။ အရာရာပြည့်စုံနေတဲ့နေရာလေးက အခုတော့ ဗလာဖြစ်လို့ကျန်တယ်။ လောကဓံရဲ့ အပြောင်းအလဲကို မခံနိုင်တဲ့သူ့ အမေက အိပ်ရာထက် ဘုံးဘုံးလဲနေပါပြီ။

"သူ ငယ်သေးတယ်။ သူ့ကို စောင့်ရှောက်ပေးပါ။ တကယ်လို့ ခွဲသွားမယ်ဆိုရင်လည်း သူ အရွယ်ရောက်တဲ့အထိ စောင့်ပါ" လို့ သူ့အမေက နောက်ဆုံး မှာ ခဲ့တယ်။ သူ့ကံကြမ္မာကို ကျွန်မလက်ထဲ ဝကွက်အပ်လိုက်ပါပြီ။ သူ့လက်ကို ကျွန်မ ဆုပ်ကိုင်ထားလိုက်မိတယ်။ ကတိတွေ ကျွန်မ မပေးခဲ့မိပါဘူး။ ဒါပေမဲ့ ကျွန်မတတ်နိုင်သလောက် သူ့ကို စောင့်ရှောက်ခဲ့တယ်။ ကျွန်မဟာ သူ့ အစ်မလား၊ မယားလား၊ အမေလားဆိုတာကို ကျွန်မ ကိုယ်တိုင်လည်း မသိတော့ပါဘူး။

နေ့မအား ညမအား ကျွန်မ အလုပ်ကြိုးစားခဲ့တယ်။ သူ့ကို

ကျောင်းဆက်ထားတယ်။ မောင်နှမလိုအချစ်ဖို့၊ သားအမိလိုသံယောဇဉ်ဖို့နဲ့ ကျွန်မတို့ ရှေ့ရေးကို တည်တည်ငြိမ်ငြိမ် ဖြတ်သန်းခဲ့တယ်။ အထက်တန်းကျောင်းအောင်တော့ တခြားမြို့တစ်မြို့မှာ သူ တက္ကသိုလ်သွားတက်ရတော့မယ်။ ကျောင်းကို ကျွန်မကိုယ်တိုင် လိုက်ပို့ခဲ့တယ်။ ကျွန်မ ပြုစုလို့ အရွယ်ရောက်လာခဲ့တဲ့ သူ့ကို ငွေကြည့်ရင်း ပညာကို ကောင်းကောင်းသင်ယူဖို့ မှာ ခဲ့တယ်။

"မမ ကျွန်တော်ပြန်လာမယ့်ရက်ကို စောင့်နေပါ" လို့ သူပြောတော့ ကျွန်မစိတ်ထဲ နင့်သွားမိတယ်။ မျက်နှာကို တော့ တည်ငြိမ်အောင်ထားပြီး သူ မမြင်အောင် ကျွန်မ ပြုံးလိုက်မိတယ်။ သူ့စကားကြောင့် လှောင်ပြုံးပြုံးတာတော့ မဟုတ်ပါဘူး။ ကျွန်မ ပြုစုမျိုးထောင်ရကျိုး နပ်ခဲ့ပြီလေ။

(၄)

ရသမျှကို ဖြိုးဖြဲချွေတာပြီး ကျွန်မ ကြိုးစားခဲ့တယ်။

ပထမနှစ်နဲ့ ဒုတိယနှစ် နွေကျောင်းပိတ်တော့ ကျွန်မကို သူ ပြန်လာကူပါတယ်။ တတိယနှစ်ရောက်တော့ သူ့ကို ပိုက်ဆံတွေထပ်မပို့ပါနဲ့၊ နွေကျောင်းပိတ်ရင် သူ ပြန်မလာတော့ဘဲ အပြင်မှာ အလုပ်ရှာလုပ်မယ်ဆိုတဲ့အကြောင်း၊ ကျွန်မအတွက် တာဝန်နည်းနည်းပေါ့စေချင်ကြောင်း၊ သူ့ ဆီက စာလာခဲ့တယ်။

ကျွန်မလည်း အသက် (၂၉)နှစ်ရှိပါပြီ။ ဒီအသက်အရွယ်ဟာ ရွာထဲမှာ သားသမီးသုံးလေးယောက်အမေ ဖြစ်နေပြီ။ ကျောင်းလည်း ထားပေးခဲ့ပြီ။ သူလည်း အရွယ်ရောက်ပြီ။ တာဝန်ကျေပါပြီလို့ ရွာထဲကလူတွေ ကျွန်မကို ပြောတယ်။ ကျွန်မက သူ့ထက် (၁၁)နှစ်ကြီးတယ်။ သူ့ကို စောင့်မနေပါနဲ့လို့တော့ ပြောကြတယ်။ အပြင်လောကမှာ သူ ပျော်နေပါပြီ။ သူပြန်လာတော့မှာ မဟုတ်ဘူးလို့လည်း ပြောကြတယ်။

ကျွန်မဟာ မယားဝတ္တရား ကျေပွန်ချင်လို့လား။ ဒါမှမဟုတ် သူမသွားခင်ပြောခဲ့တဲ့ "စောင့်နေပါ၊ ပြန်လာမယ်"ဆိုတဲ့ စကားကြောင့်လား။ ဒါမှမဟုတ် မိခင်တစ်ယောက်လို ကိုယ့်သားလေးကို စိတ်မချနိုင်တဲ့ စိတ်ကြောင့်ပဲလား။ ကျွန်မ

သူ့အပြန်ကို စောင့်နေခဲ့မိတယ်။ ကျွန်မရဲ့ စိတ်ထဲမှာ တော့ အရင်ကလိုပဲ တည်ငြိမ်မှု အပြည့်နဲ့ပေါ့။

ကျောင်းပြီးဘွဲ့ရလို့ သူ ပြန်လာပါပြီ။ သန်မာဖျတ်လတ်လို့ လူလားမြောက်ခဲ့ပါပြီ။ ဗဟုသုတတွေစုံလို့ ပညာတတ်ကြီး ဖြစ်ခဲ့ပါပြီ။ ကျွန်မမှာ တော့ နေလောင်ဒဏ်၊ အလုပ်ဖိစီးမှု ဒဏ်တွေနဲ့ အိုစသွားခဲ့ပါပြီ။ ကျွန်မရဲ့ စိတ်ထဲမှာ တော့ သူဟာ ကျွန်မရဲ့ မောင်လေးအရင်းတစ်ယောက်လို ရှိနေဆဲပါပဲ။

"မမ ကျွန်တော် အရွယ်ရောက်လို့ လူလားမြောက်ပြီ . . . ကျွန်တော်တို့ လက်ထပ်လို့ရပြီ" လို့ သူပြောတော့ ကျွန်မ မယုံကြည်အောင်ဖြစ်မိတယ်။ ကျွန်မ ပြုံးလိုက်မိတယ်။ သူ့မှာ လည်း စာနာတတ်တဲ့နှလုံးသား ရှိသေးတာပဲ။ မျက်ရည်တွေ ပါးပြင်ပေါ်စီးကျလာတယ်။ ဘဝတစ်သက်စာရဲ့ ပျော်ရွှင်တဲ့ မျက်ရည်လေးပါ။

ရွာကကျောင်းမှာ သူ ကျောင်းဆရာလုပ်တယ်။ ကျွန်မတို့မှာ သမီးတစ်ယောက်၊ သားတစ်ယောက်ထွန်းကားခဲ့တယ်။ သူ့ရဲ့ လူတွေနဲ့ ဆက်ဆံတတ်မှု ၊ ပညာအတွေ့အကြုံကြောင့် လူချစ်လူခင်ပေါများ ခဲ့တယ်။ တခြားတစ်ရွာကို ကျောင်းအုပ်အဖြစ် ရာထူးတိုးပြီး ကျွန်မတို့ ပြောင်းခဲ့ကြတယ်။ အကြောင်းမသိတဲ့ ရွာသားတွေက . . .

"ဆရာ့မိခင်နဲ့ မောင်နှမတွေပါ ပါလာခဲ့တယ်။ ဆရာကတော်ရော" လို့ မေးတော့ ကျွန်မ ဘာပြန်ဖြေရမှန်း မသိခဲ့ဘူး။ ကျွန်မ သူ့ကို အားနာစွာ ကြည့်မိတယ်။ သူက ကျွန်မလက်ကို ဆုပ်ကိုင်ပြီး . . .

"ဆရာကတော် ဒီမှာ ပါ။ သူရှိလို့ ဒီနေ့ ကျွန်တော်ဆိုတာဖြစ်လာခဲ့တယ်။ သူသာကျွန်တော့်ရဲ့ "အသက်သခင်ပါ"လို့ ပြောတော့ ကျွန်မ မျက်ရည်ဝဲခဲ့မိတယ်။

(၆)

သူမ အသက် (၇၂)နှစ်၊ နှစ်ရှည်လကြာ ဖိစီးခဲ့တဲ့ အလုပ်ဒဏ်၊ ပင်ပန်းမှု ဒဏ်တွေကြောင့် ခြေထောက်တစ်ဖက် လေဖြတ်ခဲ့တယ်။

သူ့ အသက် (၆၁)နှစ်။ ပင်စင်ယူလိုက်ပါပြီ။ ဒီရပ်ကွက်ထဲ သူတို့ပြောင်းလာတာ နှစ်နှစ်ကျော်ခဲ့ပြီ။ ဘယ်လောက်အေးတဲ့ ဆောင်းတွင်းမှာ ပဲဖြစ်ဖြစ် မိုးမရွာ၊ လေပြင်းမတိုက်ခဲ့ရင် ပန်းခြံရဲ့ ရေကန်လေးဘေးမှာ သူတို့နှစ်ယောက်ရဲ့ အရိပ်ကို လူတိုင်းတွေ့ကြရစမြဲပါ။ သူ့လက်ကို သူမကတွဲ လို့။ သူမလက်ကို သူက ဖေးမလို့။ ဖြည်းဖြည်းချင်း ကလေးလေးခြေလှမ်းသင်စကလိုပဲ ဂရုစိုက်မှု၊ နာကြင်မှု၊ အလေးထားမှု တွေ ပြည့်ဝလို နေတယ်။ သူတို့အကြောင်းကိုသိကြတဲ့ လူတွေက သူတို့ ကိုကြည့်ရင်း ကြည်နူးလို့ မဆုံးဘူး။ သူတို့ နှစ်ယောက်ရဲ့ တစ်ယောက်အပေါ် တစ်ယောက်ထားတဲ့ ချစ်ခင်မှု၊ ကြင်နာမှုတွေကိုလည်း မချီးမွမ်းဘဲ မနေနိုင်ကြဘူး။

"သူဟာ ကျွန်တော့်ရဲ့ အသက်သခင်ပါ။ မိခင်လို နွေးထွေးတဲ့မေတ္တာကို ပေးခဲ့တယ်။ အခု သူ့ကို ကျွန်တော် တစ်လှည့်ပြန်ပြုစုရမယ့်အချိန်ရောက်လာပါပြီ"

သူ့လက်ကို သူမ တွဲ ခဲ့သလို အခု သူမလက်ကို သူ ဆုပ်ကိုင်လို့ အေးမြတဲ့ နေရောင်ခြည်အောက်မှာ ခြေလှမ်းမှန်မှန်လှမ်းရင်း အပြုံးချင်းတွေဖလှယ်လို့ပေါ့။

•

# (၂၆)

## အေးစက်သွားတဲ့ ကော်ဖီတစ်ခွက်

"(၁၀)နှစ်အတွင်းမှာ သူ့ကိုချစ်တဲ့စိတ်က မပြောင်းလဲခဲ့ပေမယ့် သူ့ဘက်ကရော..."

ဒင်း . . . ဒေါင်

တံခါးဝတွင် ချိတ်ထားသော ညှိကြိုးခေါင်းလောင်းလေး မြည်လာပြန်သည်။ သားသားနားနားဝတ်ဆင်ထားသော အသက် (၃၀)ခန့် လူရွယ်တစ်ဦး ကော်ဖီနံ့သင်းပျံ့နေသော ဆိုင်ထဲသို့ ဝင်လာသည်

"ကောင်းသောညနေခင်းပါရှင်"

ဆိုင်ရှင်က တရင်းတနှီး ကြိုဆိုလိုက်သည်ကို ခေါင်းညိတ်ပြုံးပြရင်း ဘားကောင်တာရှေ့တွင် သူ ဝင်ထိုင်လိုက်သည်။

"ကျေးဇူးပြုပြီး ကာပူချီနိုတစ်ခွက်လောက် ပေးပါ"

"ကောင်းပါပြီ"

သူမ ပြန်ဖြေရင်း ကော်ဖီစေ့များ ကို ကြိတ်ပြီးကျိုလိုက်သည်။ သူမ ကော်ဖီကျိုနေပုံမှာ သူ့အတွက် လှပသောပုံရိပ်များ လှုပ်ရှားနေသည့်အလား ပြုံးပြုံးလေး ထိုင်ကြည့်နေမိသည်။

"ကျေးဇူးပြုပြီး သုံးဆောင်ပါရှင်"

သူမ လာချပေးသော မွှေးကြိုင်နေသောကော်ဖီကို သူ တစ်ငုံသောက်လိုက်သည်။

"ဒါ ပထမဆုံးအကြိမ်လားရှင်"

"ဟုတ်ပါတယ်"

"ကျွန်မတို့ဆိုင် အပြင်အဆင် ဘယ်လိုနေလဲ"

"မဆိုးပါဘူး။ ကျွန်တော် ကြိုက်ပါတယ်"

ဆိုင်ထဲကို တစ်ချက်ဝေ့ကြည့်ရင်း သူ ပြန်ဖြေလိုက်သည်။

"ကျွန်မလည်း ဒီကော်ဖီဆိုင်ကို သိပ်သံယောဇဉ်ဖြစ်မိတယ်။ စီးပွားရေးမကောင်းပေမယ့် ကျွန်မနဲ့ ကျွန်မအမျိုးသားက ဆိုင်ကို မပိတ်လိုက်ချင်ဘူးလေ"

"အင်း" သူ ခေါင်းညိတ်ပြရင်း ကော်ဖီကို သောက်လိုက်ပြန်သည်။ ဆိုင်ထဲတွင် သီချင်းသံတိုးတိုးလေး ပျံ့လွင့်နေသည်ကလွဲလို့ ခဏတာ တိတ်ဆိတ်သွားသည်။

"အင်း . . . ကျွန်တော် တစ်ခုလောက်မေးချင်တယ် ရမလား"

တိတ်ဆိတ်မှု ကို သူ စတင်ဖြိုခွဲလိုက်သည်။

"ဘာမေးခွန်းများ လဲ"

သူမ တအံ့တဩမေးလိုက်သည်။

"ဟို . . . ဘယ်လိုပြောမလဲဗျာ"

သူ ခေါင်းကုတ်ရင်း စကားဆက်လိုက်သည်။

"ကျွန်တော်ပြောမယ့် ပုံပြင်တစ်ပုဒ်ကို အရင် နားထောင်ပေးပါလား"

"ဟုတ်ကဲ့၊ ပြောပါရှင်"

"ကျွန်တော့်မှာ ချစ်သူတစ်ယောက် ရှိခဲ့ဖူးတယ်။ လက်ထပ်ဖို့အထိ ရည်ရွယ်ပြီး ချစ်ခဲ့ကြတဲ့ ချစ်သူတွေပါ။ ကျွန်တော်တို့ရဲ့ ချစ်ခရီးလမ်းဟာ အတားအဆီးမရှိ၊ ပြဿနာမရှိ ဖြောင့်ဖြူးခဲ့တယ်။ ဒါပေမဲ့. . ."

"ဒါပေမဲ့ ဘာဖြစ်လဲ"

သူမ သိချင်ဇောနှင့် အလောတကြီး မေးလိုက်မိသည်။

"ဟင်း . . . "သက်ပြင်းရှည်တစ်ချက်ချရင်း သူ့မျက်နှာညှိုးကျသွားသည်။

"ပျော်ရွှင်မှု တွေရဲ့ နောက်မှာ တစ်ခါတရံ ကြောက်စရာကောင်းတဲ့ အရာတွေ ပုန်းအောင်းနေတတ်သေးတယ်။ သူနဲ့ကျွန်တော် စေ့စပ်ဖို့ တစ်လအလို တစ်ညမှာ သူ . . . သူ . . . မတရားအနိုင်ကျင့်ခံလိုက်ရတယ်"

"ဘုရားရေ..."

သူမ ထိတ်လန့်စွာ အော်လိုက်မိသည်။

"ကျွန်တော် မကောင်းခဲ့တာပါ။ အဲဒီ့ ညက သူ့ကို အိမ်ပြန်လိုက်ပို့ခဲ့ရင် ဒီလိုဖြစ်လာမှာ မဟုတ်ဘူး"

စားပွဲကို ခပ်ပြင်းပြင်းတစ်ချက် သူ ရိုက်လိုက်မိသည်။ ရိုက်အားကြောင့် ဖန်ခွက်ထဲက ကော်ဖီပင် လှုပ်ခါသွားသည်။

"ကျွန်မကိုမေးမယ့် မေးခွန်းက အဲဒါနဲ့ ပတ်သက်နေလို့လား"

ဖိတ်စင်ကျသွားသော ကော်ဖီကို သုတ်ရင်း သူမ မေးလိုက်သည်။

"မဟုတ်ပါဘူး။ ကျွန်တော် သူ့အပေါ် ချစ်တဲ့စိတ်က အဲဒီ့ ကိစ္စကြောင့် မပြောင်းလဲသွားဘူး။ သတ်မှတ်ထားတဲ့ရက်အတိုင်း စေ့စပ်ပွဲကို ကျွန်တော် လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ စေ့စပ်ဖို့ တစ်ရက်အလိုမှာ သူ အိမ်ကထွက်ပြေးပြန်တယ်"

တည်ငြိမ်မှု အပြည့်နဲ့ သူ ပြောနေသော်လည်း သူ့မျက်နှာပေါ်တွင် စိတ်မကောင်းခြင်းများ ဖြင့် ပြည့်နှက်နေသည်။

"ဘာဖြစ်လို့ ထွက်ပြေးတာလဲ"

စိတ်လှုပ်ရှားစွာ သူမ မေးလိုက်ပြန်သည်။

"သူ့ရဲ့ မသန့်ရှင်းတဲ့ခန္ဓာကိုယ်ဟာ ကျွန်တော်နဲ့ မထိုက်တန်လို့တဲ့။ ထွက်ပြေးတဲ့လမ်းမှာ ကံဆိုးချင်တော့ ကားတစ်စီးနဲ့ဝင်တိုက်ပြီး သူ

ဆေးရုံရောက်သွားခဲ့တယ်။ သူသတိရလာတော့ ကျွန်တော် ဆေးရုံကိုသွားခဲ့သေးတယ်။ ဒါပေမဲ့ သူ့မိဘတွေက တွေ့ခွင့်မပေးခဲ့ဘူး"

"ဘာဖြစ်လို့လဲ"

"သူ့ကိုမတွေ့ဖို့ သူ့မိဘတွေ ကျွန်တော့်ကို တောင်းပန်မှ ကားတိုက်မိလို့ သူ အတိတ်မေ့သွားမှန်း ကျွန်တော် သိလိုက်ရတယ်။ ဒါကြောင့် သူ့မိဘတွေက ဒါဟာ သူ့အတွက် မကောင်းတဲ့အတိတ်တွေကို မေ့ဖို့ အကောင်းဆုံးအချိန်၊ သူ့အတွက် ဘဝသစ်တစ်ဖန် ပြန်စဖို့ အကောင်းဆုံးအခွင့်အရေးဆိုပြီး ကျွန်တော့်ကို ပေးမတွေ့ခဲ့ဘူး"

"သူ့မိဘတွေပြောတာလည်း မှန်နေတာပဲ။ သူ့ရောဂါ တည်ငြိမ်မှု ရမှ သွားရှာလိုက်ပေါ့"

"အဲဒီ့ အခြေအနေရောက်ဖို့အတွက် အချိန်ဘယ်လောက်ပေးရမလဲ။ (၁၀)နှစ်လား။ (၁၀)နှစ်ဆိုရင်လည်း သူ မရှိတဲ့ဘဝနဲ့ ကျွန်တော်တစ်ယောက်တည်း ကျိတ်မှိတ်ခံစားပြီး စောင့်နေမှာ ပါ။ တစ်ခါတလေလမ်းမှာ တွေ့ကြရင်တောင် သူစိမ်းတွေလို ဟန်ဆောင်နေခဲ့ရတယ်။ ကျွန်တော် ဘယ်လောက်ခံစားရမလဲဆိုတာ ခန့်မှန်းကြည့်ပါဦးလားဗျာ"

သူ ပြောရင်း အသံတိမ်ဝင်သွားသည်။

"ရင်ကွဲမတတ် ခံစားနေရလည်း ရှင် ဒီလမ်းကိုပဲ ရွေးခဲ့တယ် မဟုတ်လား"

သူမ ကိုယ်ချင်းစာစွာ ပြောလိုက်သည်။

"ဟုတ်ပါတယ်။ ဒီနေ့ဆို (၁၀)နှစ်တင်းတင်း ပြည့်ခဲ့ပြီလေ"

သူ ခေါင်းညိတ်ရင်း ပြန်ဖြေသည်။

"ဟုတ်လား။ ဝမ်းသာစရာပေါ့။ (၁၀)နှစ်လုံးလုံး ခံစားခဲ့ရတာ ဒီနေ့ သူ့ကို သွားတွေ့လို့ရပြီပေါ့နော်"

"မဟုတ်ပါဘူး။ ဒါပေမဲ့ သူနဲ့တွေ့ရမယ့်ရက်မှာ ကျွန်တော်ကြောက်နေမိတယ်။

(၁၀)နှစ်အတွင်းမှာ သူ့ကိုချစ်တဲ့စိတ်က မပြောင်းလဲခဲ့ပေမယ့် သူ့ဘက်ကရော၊ တကယ်လို့ အရင်ကချစ်ခဲ့တဲ့ အကြောင်းတွေ သူ့ကိုပြောပြလည်း သူက သတိမရခဲ့ဘူးဆိုရင် ဒါမှမဟုတ် သူ့မှာ ချစ်သူရှိနေပြီ။ သူ အိမ်ထောင်ကျနေပြီဆိုရင် ကျွန်တော် ဘာဆက်လုပ်ရမလဲ။ ကျွန်တော်မေးချင်တာ ဒီမေးခွန်းပါပဲ"

သူ စိတ်လှုပ်ရှားစွာ သူမ၏ အဖြေကို စောင့်နေမိသည်။

"အင်း . . . ကျွန်မထင်တယ်လေ။ ရှင်သာ သူ့ကိုတကယ်ချစ်ခဲ့တယ်ဆိုရင် ရှင့်ကို သူ မှတ်မိချင်မှတ်မိ၊ မမှတ်မိချင်လည်း နေပါစေ။ သူ့ကို နောက်တစ်ကြိမ်ချစ်ခွင့်ပန်ပြီး ဘဝကို အသစ်တစ်ဖန်ပြန်စလိုက်လည်းမဆိုးပါဘူး။ သူ့မှာ ရည်းစားရှိနေပြီဆိုရင်လည်း ကိစ္စမရှိဘူးလေ။ ကြိုးစားကြည့်လို့ရသေးတယ်မဟုတ်လား"

သူမ အားတက်သရော ပြောနေသည်။

"ဒါပေမဲ့ . . ."

သူမ စိတ်မကောင်းစွာ စကားဆက်ပြန်သည်။

"သူ အိမ်ထောင်ကျသွားပြီဆိုရင်တော့ လက်လွှတ်လိုက်ပါ။ ကျွန်မတို့လို အိမ်ထောင်ရှိတဲ့လူတွေက ကိုယ့်အိမ်ထောင်ကို ဖျက်တဲ့လူတွေကို အရမ်းမုန်းတတ်တယ်လေ"

"ဟုတ်လား"

သူ ခေါင်းငုံ့ပြီး အေးစက်စက်မေးလိုက်မိသည်။

"ဟုတ်တယ်။ ဒါကြောင့် ရှင် ဘယ်တော့မှ သူတစ်ပါးအိမ်ထောင်ဖျက်တဲ့လူ မဖြစ်ပါစေနဲ့နော်"

ဒင်း . . . ဒေါင်

ညှို့ကြိုးခေါင်းလောင်းလေး မြည်လာပြန်သည်။ ကျောင်းသားတစ်စု ဝင်လာသည်။ ကျောင်းသားများ ကို သူမ သွားညှိခဲ့လိုက်သည်။

"နေပါဦး"

သူမ တစ်ခုခုကို သတိရလိုက်သလို ချက်ချင်း သူ့ဘက်လှည့်ပြီးမေးလိုက်သည်။

"ရှင် ဘာဖြစ်လို့ ကျွန်မကို ဒီမေးခွန်းမေးတာလဲ။ ရှင်နဲ့ကျွန်မကဒီနေ့မှ ပထမဆုံးအကြိမ် တွေ့ဖူးကြတာမဟုတ်လား"

"အင်း . . . ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ လက်ထပ်ပြီးရင် ဒီလိုကော်ဖီဆိုင်လေး ဖွင့်ချင်တယ်လို့ အရင်က သူ ပြောခဲ့ဖူးလို့ပါ"

"ဩော် . . . ဒါကြောင့်ကိုး"

"ဟုတ်ပါတယ်။ ဒါကြောင့်ပါပဲ . . . . ဒါကြောင့်ပါပဲ . . . ဒါ . . . "

ထိုစကားကိုပဲ ထပ်တလဲလဲ သူ ရေရွတ်နေမိသည်။

ဆိုင်ထဲကသီချင်းသံ တိတ်ဆိတ်သွားပြန်သည်။ တစ်ဖက်စားပွဲမှကျောင်းသားများ၏ ဆူညံရယ်မောသံက ဆိုင်တစ်ခုလုံး လွှမ်းမိုးသွားသည်။ သူ ခေါင်းငုံ့ရင်း သူမ၏ ဘယ်ဘက်လက်သူကြွယ်တွင် ဝတ်ဆင်ထားသော လက်ထပ်လက်စွပ်ကို နိုးကြည့်လိုက်မိသည်။

သူ့ပါးပြင်ထက်မှ စီးဆင်းလာသည့် နွေးထွေးသောမျက်ရည်တစ်စက်က အေးစက်နေပြီဖြစ်သော ကော်ဖီခွက်ထဲသို့ လျှောကျသွားသည်။

*

# (၂၇)

## တောင်ပံလေးနှင့် လေပြည်

တစ်ခုသောနွေရာသီတွင် မမဆီက မြင်ရခဲ့သော အပြုံးတစ်ခုကို ကျွန်မ တွေ့ခဲ့ရသည်။ ကျွန်မတို့နှစ်ယောက်သည် အမြွှာနှင့်မတူသော အမြွှာဟု မမ အမြဲပြောလေ့ရှိသည်။ မေမေကလည်း ဒီလိုပဲ ထင်နေသည်။ တစ်ခါတစ်ရံ ကျွန်မလက်ကို ဆုပ်ကိုင်ပြီး မျက်စိကိုမှိတ်ရင်း ကျွန်မတို့ ကို မွေးဖွားပေးခဲ့သော အချိန်ကို ပြန်ပြောင်း ပြောပြတတ်သည်။

မမသည် ကျွန်မထက် ငါးမိနစ်စောပြီး နပ်စ်လက်ထဲတွင် ကွေးကွေးလေးနှင့် ငြိမ်သက်တိတ်ဆိတ်စွာ လောကကြီးထဲ ရောက်လာခဲ့သည်။ ကျွန်မမှာ ငါးမိနစ်ကြာမျှ အော်ငိုရင်း ရောက်လာခဲ့သည်ဟု မေမေ မကြာခဏပြောဖူးသည်။ မွေးဖွားစ ကျွန်မငိုသံကို ကြားရသူတိုင်း ကျွန်မ ငါးမိနစ်နောက်ကျပြီး ရောက်ရှိလာခြင်းကို မကျေနပ်၍ ငိုသော အသံဟု ပြောကြသည်။ ကျွန်မနှင့်မမ၏ မတူညီခြင်းသည် မွေးဖွားချိန်ကတည်းကပင် ခြားနားခဲ့သည်။

မမ၏ ဆံပင်သည် ဦးခေါင်းရေမြင်ရလောက်အောင် ကျဲသည်။ အရည်လဲ့သောမျက်လုံးဝိုင်းလေးနှင့် လူတကာ၏ ချစ်ခင်ခြင်းကို ခံရသည်။ ကျွန်မ၏ ဆံပင်မှာ အုံထူပြီး ဖောင်းပွသည်။ ကြမ်းပြင်ပေါ် တွားသွားသင်စက အဝေးမှကြည့်လျှင် ချည်လုံးကြီးတစ်လုံး ခုံကြိုခုံကြားတွင် လိမ့်နေသည် နှင့်တူသည်။

မမနှင့် ဝတ်စုံဆင်တူဝတ်၍ ရိုက်ထားသောဓာတ်ပုံကို ကျွန်မ ဗီရိုထဲတွင် သိမ်းဆည်းထားသည်။ နှစ်ယောက်လုံး ဦးထုပ်ဆောင်း ထားသောကြောင့် သေချာမကြည့်ပါက ကျွန်မတို့အား ခွဲခြားဖို့ခက်သည်။ ဓာတ်ပုံတိုင်းတွင် အမြဲပြုံးရယ်နေသောသူမှာ ကျွန်မသာဖြစ်သည်။

သူငယ်တန်းစတက်ချိန်တွင် မမနှင့်ကျွန်မ၏ စရိုက်သည် လုံးဝ ခြားနားမှန်း ပိုသိသာလာသည်။ ကျွန်မမှာ တစ်ကိုယ်လုံး ဖုန်အလူးလူးဖြင့် အလွန်ဆော့သလောက် မမမှာ

တစ်ယောက်တည်း စာသင်ခန်းတွင်ထိုင်ပြီး မျက်နှာကျက်ကို အဓိပ္ပါယ်မဲ့ ငေးကြည့်နေတတ်သည်။

"ငယ် . . . ဒီနေ့ကျောင်းမှာ ပျော်ရဲ့ လား"

အိမ်ပြန်ရောက်တိုင်း မမ မေးတတ်သော မေးခွန်းဖြစ်သည်။ မမက စကြိုးစားသလောက် ကျွန်မက စာအစား ကျောင်းတွင် သူငယ်ချင်းတွေနှင့် ပျော်ခဲ့သည့်အကြောင်း၊ ရယ်စရာအကြောင်းများ ကို မမအား ပြန်ပြောပြတတ်သည်။ သူငယ်ချင်းနည်းသော မမအတွက် ကျွန်မပြောသော ပျော်ရွှင်မှု ဆိုသည်ကို နားလည်ပုံမရ။

တစ်ခုသောနွေရာသီတွင် မေမေက ကွန်ပျူတာတစ်လုံးဝယ်ပေးလိုက်မှ ပျော်ရွှင်မှု ဆိုတာကို မမ နားလည်ပုံရလာသည်။ အကြောင်းမှာ ချက်ရွှန်းတစ်ခုမှ ကောင်လေးတစ်ယောက်ကို မမ ချစ်မိသွားသောကြောင့် ဖြစ်သည်။ ထိုကောင်လေး၏ နာမည်မှာ လေပြေ ဖြစ်သည်။

မမ၏ သီးခြားကမ္ဘာလေးတွင် အချစ်ဆိုသောအရာ ရှိနေခြင်းက ကျွန်မကို အံ့သြစေခဲ့သည်။ လေပြည်၏ အကြောင်း၊ ကျွန်မ တစ်ခါမှ မကြားဖူးသော အချစ်အကြောင်းများ ကို မမ ပြောပြတတ်လာသည်။ အချစ်ဆိုသည့်အရာကို ကျွန်မ နားမလည်သေးသည့်အတွက်ကြောင့်လား။ ကျွန်မဘေးတွင် မမလို ပျော်ရွှင်အောင်လုပ်ပေးနိုင်မည့်သူ မရှိသေးသည့်အတွက်ကြောင့်လား။ မမပြောပြသမျှက ကျွန်မစိတ်ကို ရှုပ်ထွေးစေခဲ့သည်။ မမရဲ့ ကမ္ဘာမှာ ကျွန်မတစ်ယောက်တည်း မဟုတ်တော့ပါလား။ ငါးမိနစ်နောက်ကျခဲ့သည့်အတွက် အမြဲတမ်း မမ၏ ရှေ့တွင်နေပြီး ဦးဆောင်ချင်သောကျွန်မ ဒီတစ်ခါ တော်တော်နောက်ကျမှန်း သိလိုက်ရသည်။

ချက်ရွှန်းထဲတွင် မမ၏ နာမည်မှာ တောင်ပံလေးဖြစ်သည်။ ဒီနာမည်ကို ပေးရသောအကြောင်းမှာ တစ်နေ့ မမ၏ အခန်းထဲသို့ တောင်ပံတွင် ဒဏ်ရာရထားသော ခိုဖြူလေးတစ်ကောင် လမ်းမှား၍ ရောက်လာသည်။ ထိုနေ့က ကျွန်မ အိမ်ပြန်နောက်ကျပြီး မမအခန်းထဲရောက်သွားချိန် ကြမ်းပြင်ပေါ်တွင် ဒဏ်ရာဖြင့်သေဆုံးနေသော ခိုဖြူလေးကို

မဒိုတ်မသုန်စိုက်ကြည့်ရင်း . . .

“ဒိုလေး အသက်ပြန်ရှင်လာမှာ ပါ။ ပြန်ကောင်းလာမှာ ပါ” ဟု ရွတ်နေသော မမကို တွေ့ လိုက်သည်။

မမ၏ သဘောအတိုင်း ဒိုဖြူလေးကို ခြံထောင့်တစ်နေရာတွင် မြေမြှုပ်သင်္ဂြိုဟ်ခဲ့သည်။ ဒိုဖြူလေးထံမှ အတောင်ပံတစ်ခုကို မမ သိမ်းယူထားခဲ့သည်။ ကျွန်မစိတ်ထဲတွင် မမ၏ အပြုအမူမှာ ရိုးသားပြီး အပြစ်မဲ့လွန်းလှသည်။

“ငယ် . . . အပြင်ဘက်ငေးမနေနဲ့လေ။ မမ ချက်ရွှန်းထဲဝင်နေတယ်။ လာကြည့်ပါဦး”

“မကြည့်ချင်ဘူး”

“လာပါ ငယ်၊ လေပြည် မမနဲ့စကားလာပြောနေပြန်ပြီ”

“ငယ်နဲ့မဆိုင်ဘူး မမ”

“လာပါ ငယ်ရာ . . . နော်။ လိမ်မာတယ်”

တကယ်ဆို ကျွန်မ မနာလိုဖြစ်နေတာပါ။

တကယ်ဆို ကျွန်မ မနာလိုဖြစ်နေတာပါ။ မမနှင့်လေပြည် တရင်းတနှီးပြောနေသည်ကို ကျွန်မ လုံးဝမကြည့်ချင်ခဲ့။ မမနှင့်လေပြည် ထိုချက်ရွှန်းထဲတွင် မည်မျှကြာအောင် ချက်တင်လုပ်နေကြမှန်း ကျွန်မ မမှတ်မိခဲ့။ မိုးလင်းပေါက်ခဲ့သည့် ညပေါင်းလည်း မရေမတွက်နိုင်ခဲ့တော့။

နေအရမ်းသာသော စနေနေ့တစ်ရက်တွင် မမနှင့် လေပြည်ချက်တင်လုပ်နေသည်ကို ကျွန်မ ဘေးက ထိုင်ကြည့်နေခဲ့သည်။

“တောင်ပံလေး၊ လေပြည်နဲ့အပြင်မှာ တွေ့ ခွင့်ရနိုင်မလား”

ကျွန်မ အံ့သြစွာ မမကို ကြည့်လိုက်မိသည်။ မမ မသိမသာ

ခေါင်းညိတ်နေခဲ့ပါလား။ လေပြည်၏ ပထမအကြိမ် တောင်းဆိုခြင်းမဟုတ်မှန်း ကျွန်မ ခန့်မှန်းမိသည်။

"ဘယ်လိုလုပ်မလဲ ငယ်"

"အား . . . မသိဘူးလေ မမ"

မမလည်း လေပြည့်ကို တွေ့ချင်နေမှန်း ကျွန်မ သိသည်။

"မမရဲ့ အဖြေကို ငယ် သိလား"

"ဘယ်သိမလဲ"

"မတွေ့ဘူးလို့ ငြင်းလိုက်တာပဲ ကောင်းတယ်"

"ကောင်းလို့လား မမ"

"အမြွှာတွေဟာ စိတ်ချင်းခံစားရလို့ ရကြတယ်လို့ လူတွေကပြောတယ်။ ငယ်က မမရဲ့ အဖြေကို မသိနိုင်ဘူးလား။ ဒီလိုလွယ်လွယ်နဲ့ သူ့ကိုတွေ့ခွင့်ပေးလို့ ဘယ်ရမလဲ"

မမ ပြောသာပြောသည်။ ဤသို့ ပြောအပြီး ကီးဘုတ်ပေါ်က မမ၏ လက်ချောင်းလေးများ တုန်ခါနေသည်ကို ကျွန်မ မြင်ရသည်။

"ဆောရီး လေပြည်၊ ဟို . . ."

"ဘာလို့ တွေ့ခွင့်မပေးတာလဲဟင်"

လေပြည်၏ အမေးက ကျွန်မမေးခွန်းထက် ပြင်းထန်လွန်းနေသည်။

"တော်ပြီ မပြောတော့ဘူး။ ဒီနေ့ မောတယ်"

မမ ဘာမှပြန်မဖြေဘဲ ကွန်ပျူတာကို ပိတ်ပစ်လိုက်သည်။

"မမ"

အလင်းပြန်နေသော ကွန်ပျူတာဖန်သားပြင်တွင် မမ၏

ညှိုးကျသွားသောမျက်နှာကို ကျွန်မ တွေ့လိုက်ရသည်။ နဂိုကတည်းက ဖျော့တော့တော့နိုင်သော မမ၏ မျက်နှာ ပို၍ မှိန်သွားသယောင်။

ချက်ရှုန်းထဲက လေပြည်သည် မမ နေမကောင်းသောအချိန်တွင် ဂရုစိုက်အားပေးတတ်သည်။ မမကို ကြင်နာသနားတတ်သည်။ မမ ဘာကြောင့် လေပြည်ကို မတွေ့နိုင်ခြင်းသည် ကျွန်မအတွက် အဖြေမရှိသော ပုစ္ဆာဖြစ်ခဲ့သည်။

ထိုပုစ္ဆာကို အဖြေရှာနေဆဲတွင် မမျှော်လင့်ဘဲ မမ ဆေးရုံတင်ရသည်။ လေပြည်နှင့် ချက်ရှုန်းတွင် တွေ့ဆုံနိုင်ရန် ကွန်ပျူတာသုံးဖို့ မမတွင် အင်အားမရှိတော့။ လေပြည်၏ အားပေးမှု ကင်းမဲ့သောကြောင့် ဖြူဖပ်ဖြူရော်နိုင်သော မမ၏ နှုတ်ခမ်းများ သည် အသက်ကိုအားစိုက်၍ ရှူရှိုက်နေသယောင်။

နွေရာသီ၏ နောက်ဆုံးတစ်ရက် မမဘေးတွင် ကျွန်မ ရှိနေခဲ့သည်။ မမ ခုတင်ပေါ်က ကြိုးစားထထိုင်ရင်း အားဖျော့သောလက်ဖြင့် ကျွန်မကို တစ်ခုခု ကမ်းပေးနေသည်။ ခိုဖြူလေး၏ အတောင်ပံတစ်ခု။

"မမ ဘာဖြစ်လို့လဲဟင်"

"မမကိုယ်စား ဆက်သိမ်းထားပေးလို့ ရမလားဟင်"

"မမ ဘာတွေပြောနေတာလဲ"

"မမကိုယ်စား လေပြည်ကို သွားတွေ့ပေးပါလား ငယ်"

"နေကောင်းရင် အတူတူသွားတွေ့ကြမယ်လေ"

အားတင်းရင်း မမ ပြုံးလိုက်သည်။

"လေပြည် စိတ်မကောင်းအောင် မမ မလုပ်ချင်ဘူး။ မမနဲ့တွေ့ပြီးနောက်ပိုင်း သူ့ဘေးမှာ မမ အမြဲမရှိနိုင်တော့ရင် သူ စိတ်မကောင်းမှာ စိုးလို့ပါ"

မမကို ခေါင်းညိတ်ဖို့ ကျွန်မ မကြိုးစားခဲ့။ အသက်ကို လုရှူနေသောမမကို ဆက်ကြည့်ဖို့အင်အား မရှိခဲ့။ ဆေးရုံအပြင်သို့ ကျွန်မ ပြေးထွက်လာခဲ့မိသည်။

ကျွန်မလက်ထဲမှာ တော့ ဒိုဖြူနလေးရဲ့ တောင်ပံတစ်ခု။

•

ပိုင်ရှင်မဲ့ကွန်ပျူတာကို ကျွန်မ ဖွင့်လိုက်မိသည်။ ဖန်သားပြင်ပေါ်တွင် ချက်ရွှန်းထဲ လော့ခ်အင်ဝင်ရန် အချက်ပြနေသည်။ ကျွန်မ ဆုံးဖြတ်ချက်ကို အခိုင်အမာချပြီး ချက်ရွှန်းထဲ ဝင်လိုက်သည်။ လေပြည်လည်း ချက်ရွှန်းထဲတွင် ရှိနေသည်။

"တောင်ပံလေး ကိုယ်ရောင်ဖျောက်သွားတာလား"

"မဟုတ်ပါဘူး။ နေမကောင်းလို့ မရောက်ဖြစ်တာပါ"

လေပြည်နှင့် စကားပြောနေခိုက် ကျွန်မသည် ကျွန်မနှင့်မတူတော့။ ကျွန်မခန္ဓာကိုယ်ထဲ မမ၏ ဝိညာဉ် ဝင်ပူးနေသလို သူနှင့် စကားပြောရသည်မှာ ပျော်သလိုခံစားလာမိသည်။ လေပြည်နဲ့အရင်ကတည်းက ရင်းနှီးနေသလို ခံစားလာရပါလား။ ကျွန်မမျက်လုံးအိမ်မှာ မျက်ရည်တွေစွတ်စိုလို့။

"တောင်ပံတစ်ခုကို လေပြည်နဲ့အတူ ခေါ်ဆောင်သွားနိုင်မလား"

"ကြိုဆိုလျက်ပါ တောင်ပံလေး"

လေပြည်နှင့် ချိန်းထားရာနေရာသို့ ဒိုတောင်ပံကိုကိုင်ပြီး ကျွန်မတစ်ယောက်တည်း ထွက်လာခဲ့မိသည်။ ကုန်တိုက်တစ်ခုရှေ့အဖြတ် မှန်ထဲက ကိုယ့်ပုံရိပ်ကို ပြန်ကြည့်မိသည်။

"ဘုရားရေ . . . ကျွန်မပုံရိပ်က မမနဲ့ တော်တော်တူနေပါလား"

မမသာ မွေးကတည်းက မချူခဲ့ရင်၊ သန်စွမ်းတဲ့မမက ကျွန်မနဲ့ တစ်ထေရာတည်းဖြစ်မှာ သေချာသည်။ အမြွာနဲ့ မတူတဲ့ အမြွာလို့ မကြာခဏပြောတတ်တဲ့ မမ၊ တကယ်ဆို ကျွန်မတို့ နှစ်ယောက် စိတ်ချင်း၊ ခံစားချက်ချင်းတူညီသော အမြွာဖြစ်တာကို မမ သိမသွားနိုင်ခဲ့။ စိတ်ဓါတ်ခိုင်မာတဲ့ကျွန်မ ဒီအချိန်မှာ ဘာလို့ မျက်ရည်ကျချင်နေမိပါလိမ့်။

ဟိုးအဝေးက ကျွန်မဘက် တူရူလျှောက်လာသော ကောင်လေးတစ်ယောက်၊ လေပြည်ပဲဖြစ်မည်။ ကျွန်မ မျက်ရည်ကို အလျင်အမြန်သုတ်ရင်း လက်ထဲက ခိုတောင်ပံလေးကို ဖေ့ ယမ်းပြလိုက်သည်။

"တောင်ပံလေးလားဟင်"

"ဟို . . . ကျွန်မ ဟုတ်ပါတယ်။ တောင်ပံလေးပါ"

"တွေ့ရတာ ဝမ်းသာပါတယ်"

"ဒီတောင်ပံကို လက်ဆောင်အဖြစ် ပေးချင်လို့ပါ လေပြည်"

"ဒါ တောင်ပံလေး သိပ်တန်ဖိုးထားတဲ့. . ."

သူ့စကားမဆုံးခင် ခိုတောင်လေးကို ကျွန်မ လှမ်းပေးလိုက်သည်။

လေပြည်တစ်ချက်အဝေ့ မမျှော်လင့်ဘဲ ငှက်တောင်လေး လေနှင့်အတူ လွင့်ပါသွားခဲ့သည်။ လေနှင့်အတူ မိုးကောင်းကင်သို့ လွင့်ပါသွားသော ခိုတောင်လေးကို ကျွန်မတို့ မျက်စိတဆုံး လိုက်ကြည့်မိသည်။

"ခိုတောင်လေး ဘယ်အထိ လွင့်သွားမလဲမသိဘူးနော်" ကျွန်မ ရေရွတ်လိုက်မိသည်။

"ကောင်းကင်ဘုံအထိ ထင်တယ်"

ကျွန်မ ပြုံးလိုက်သည်။ မမ၏ ဝိညာဉ် ကျွန်မကိုယ်ထဲ ဝင်ရောက် လာသလို ခံစားမိသည်။

"ကျွန်မ သိပ်ပျော်မိတယ် လေပြည်ရယ်"

အဝေးမှလာသော မမ၏ အသံကို ကြားမိသည်။ လေပြည်လည်း ကြားမိမှာ ပါ။ ထိုအတောင်ပံလေး လေပြည်နှင့်အတူ မမရှိရာကမ္ဘာသို့ ပျော်ရွှင်စွာ လွင့်ပါသွားနိုင်လိမ့်မည်ဟု ကျွန်မ ယုံကြည်မိသည်။

# (၂၈)

## သစ်ပင်၊ သစ်ရွက်၊ လေပြည်

### သစ်ပင်

ကျွန်တော့်ကို သစ်ပင်လို့ ခေါ်ကြတဲ့ အကြောင်းက ကျွန်တော်က ပန်းချီဆွဲတာကို ဝါသနာပါတယ်။ ကျွန်တော်အကြိုက်ဆုံးက သစ်ပင်တွေ ဆွဲတာကိုပဲ။ ကြာလာတော့ ကျွန်တော့်ရဲ့ ပန်းချီကားအောက်မှာ သစ်ပင် လေးတစ်ပင်က ကျွန်တော်ထိုးနေကျ လက်မှတ်အစား ဝင်ရောက် လာခဲ့တယ်။ ကျောင်းတုန်းက ကျွန်တော် ရည်းစားအများ ကြီး ထားခဲ့ ဖူးတယ်။ ရည်းစားတွေအများ ကြီးထဲက ကျွန်တော်အရမ်းချစ်တဲ့ ကောင်မလေးတစ်ယောက်ရှိတယ်။ ဒါပေမဲ့ သူ့ ကို ကျွန်တော်ချစ်ကြောင်း ဖွင့်မပြောဖြစ်ခဲ့ဘူး။ သူ့မှာ တစ်ဖက်သားကို ဆွဲဆောင်နိုင်တဲ့ လှပတဲ့ရုပ်ရည်၊ ကိုယ်လုံးမရှိဘူး။ သာမန်မိန်းကလေးထဲက တကယ့် သာမန်ကောင်မလေး တစ်ယောက်ပါ။

ကျွန်တော် သူ့ကို ချစ်တယ်။ တကယ့်ကို ချစ်တယ်။ သူ့ရဲ့ ရိုးသားမှု ကို ချစ်တယ်။ သူ့ရဲ့ ချစ်စရာကောင်းတဲ့ အပြုအမူ၊ သူ့ရဲ့ အားနည်းချက်၊ သူ့ရဲ့ အားငယ်မှု တွေကို ချစ်တယ်။ ကျွန်တော် အပျော် သဘောနဲ့ သူ့ ကို ချစ်တယ်။ ကျွန်တော့်အတွက် မထူးခြားတဲ့ သူက ကျွန်တော်နဲ့ မထိုက်တန်ဘူးလို့ ထင်မှာ စိုးလို့ ကျွန်တော် သူ့ကို ဖွင့်မပြောခဲ့တာပါ။ ချစ်ခဲ့ကြပြီးရင်လည်း နောက်ဆုံး ခွဲခွာရမှာ စိုးလို့၊ ချစ်ခဲ့ကြပြီးရင် ပတ်ဝန်းကျင်ကလူတွေ သူ့ကို ထိခိုက်အောင်ပြောမှာ ကြောက်လို့၊ တစ်နေ့ သူ့ကို ကျွန်တော် လုံးဝပိုင်ဆိုင်ရမယ်လို့ ကိုယ့်ကိုယ်ကို ယုံကြည်ထားမိပြီး တခြားကောင်မလေးတွေနဲ့ တွဲ ချင်သေးလို့ သူ့ ကို ကျွန်တော် ဖွင့်မပြောသေးတာလည်း ပါတယ်။

ကျွန်တော် တခြားကောင်မလေးနဲ့ တွဲနေတာကိုကြည့်ပြီး သူ ကျွန်တော့်ဘေးမှာ သူငယ်ချင်းလို သုံးနှစ်အတူရှိနေခဲ့တယ်။ သုံးနှစ်လုံးလုံး သူ ခံစားခဲ့ရတယ်။ ခံစားနေတာတွေကျွန်တော်မသိအောင် သရုပ်ဆောင် ကောင်းတစ်ယောက်လို သူ ကြိုးစားခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်က ပါးနပ်တဲ့ ဒါရိုက်တာတစ်ယောက်ပဲလေ။ တစ်ခါက

ကျွန်တော့် ကောင်မလေးနဲ့ ကျောင်းအဆောင်ဘေးမှာ ချိန်းတွေ့ပြီး နမ်းနေကြတာကို သူနဲ့ ပက်ပင်း တိုးမိတယ်။ သူက ဟန်ဆောင်ရယ်ရင်း ၄၀ ဝက ဆိုပြီး ထွက်ပြေးသွားတယ်။ နောက်တစ်နေ့မှာ မို့မောက်နေတဲ့ သူ့မျက်လုံးဟာ ညတုန်းက ဘယ် လောက်ခံစားပြီး ငိုထားရတယ်ဆိုတာကို သက်သေပြနေပါတယ်။

ကျွန်တော်လည်း ဘာကြောင့် မျက်လုံးမို့နေတာလည်းဆိုတာကို မသိကျိုးကျွံပြုပြီး မမေးတဲ့အပြင် သူ့ကို ရှောင်ရယ်နေမိတယ်။ ကျောင်း ဆင်းလို့ လူတွေအားလုံး ပြန်ကြတော့မှ သူမ စာသင်ခန်းထဲမှာ ခိုးငိုနေတာ ကို ဘောလုံးကျင့်ရင်း ပစ္စည်းတစ်ခုမေ့ကျန်လို့ ပြန်လာယူတဲ့ ကျွန်တော် စာသင်ခန်းအပြင်ဘက်မှာ သူငိုနေတာကို တစ်နာရီနီးနီး ရပ်ကြည့်နေတယ် ဆိုတာကို သူ မသိခဲ့ဘူး။ ကျွန်တော့်ရဲ့ လေးယောက်မြောက် ကောင်မ လေးက သူ့ကို မလိုလားမနှစ်မြို့ခဲ့ဘူး။ တစ်ခါက သူတို့နှစ်ယောက် အကြီး အကျယ် စကားများ ကြတယ်။ သူ့ရဲ့ သိမ်မွေ့တဲ့စရိုက်က လူတွေကို ရန်မလုပ်တတ်ဘူးဆိုတာ ကျွန်တော် သိတယ်။ ဒါပေမဲ့ ကျွန်တော့် ကောင်မလေးဘက်ကနေပြီး သူ့ကို အော်လိုက်မိတယ်။ မျက်ရည်တွေ ကျရင်း သူ ကျွန်တော့်ကို ကြောင်ကြည့်နေတယ်။ သူ့မျက်ရည်ကို လျစ်လျူရှုရင်း ကျွန်တော့်ကောင်မလေးလက်ကို ဆွဲပြီး စာသင်ခန်းအပြင် ဘက် ထွက်သွားလိုက်တယ်။ နောက်ရက်တွေမှာ သူက ဘာမှမဖြစ် ခဲ့တဲ့ပုံစံနဲ့ ကျွန်တော်နဲ့ စရင်းနောက်ရင်း အရင်လိုပဲ ရှိနေခဲ့တယ်။ သူ ဘယ်လောက်ခံစားရမယ်ဆိုတာ ကျွန်တော် နားလည်တယ်။ ဒါပေမဲ့ ကျွန်တော် ပိုခံစားရတယ်ဆိုတာကို သူ မသိခဲ့ပါဘူး။

ကျွန်တော့် ငါးယောက်မြောက်ကောင်မလေးနဲ့ လမ်းခွဲတော့ သူ့ကိုခေါ်ပြီး စိတ်ပြေလက်ပျောက် ထွက်လည်ကြတယ်။

"ငါ နင့်ကို ပြောစရာရှိတယ်"ဆိုတော့ . . .

"အတော်ပဲ၊ ငါလည်း နင့်ကို ပြောစရာရှိတယ်"လို့ သူက ဆိုတယ်။

"ငါ သူနဲ့ လမ်းခွဲလိုက်ပြီ"

"ငါ သူ့ကို အဖြေပေးလိုက်ပြီ"

"သူ"ဆိုတာ ဘယ်သူလည်းဆိုတာ ကျွန်တော် သိလိုက်ပါတယ်။ အဲဒီ ကောင်လေး သူ့ကို ချစ်ခွင့်ပန်ထားတာ တော်တော်ကြာနေပါပြီ။ သန်မာဖျတ်လတ်ပြီး သွက်သွက်လက်လက် ချစ်စရာကောင်လေး တစ်ယောက်ပါ။ သူ့ကို အသဲအသန် ပိုးပန်းခဲ့ပါတယ်။ ကျွန်တော် ခံစားသွားရတယ်ဆိုတာ သူမ သိအောင်ဟန်ဆောင်ရင်း ကြားရတာ ဝမ်းသာကြောင်း ပြောလိုက်တယ်။ အိမ်ပြန်ရောက်တော့ ကျွန်တော့် ဟန်ဆောင်မှု ကို ဆက်မထိန်းနိုင်တော့ဘူး။ ရင်မှာ နာကျင်နေတာတွေ ရင်ဝမှာ တစ်ခုခုနဲ့လာဖိထားသလို ခံစားရတယ်။ အသက်ရှူမဝတော့ဘူး။ တအားအော်ဖို့ကြိုးစားတာ အသံတွေက လည်ချောင်းဝမှာ တစ်ဆို့နေခဲ့တယ်။

ကျွန်တော် ငိုမိတယ်။ ချုံးပွဲချ . . . ငိုမိတယ်။

သူ ချုံးပွဲချငိုတာကို အကြိမ်ပေါင်းမနည်း ကျွန်တော် ကြည့်ခဲ့ဖူး ပါတယ်။ စာမေးပွဲတွေပြီးလို့ ကျောင်းပိတ်တော့မယ့် နောက်ဆုံးတစ်ရက်မှာ ကျွန်တော့်ဖုန်းထဲက message လေးတစ်စောင် ရှိနေတာကို သတိထား မိတယ်။ ရက်စွဲကိုကြည့်တော့ လွန်ခဲ့တဲ့ဆယ်ရက်က ကျွန်တော် ချုံးပွဲချငိုခဲ့တဲ့ရက်လေးပါ။ ဖွင့်ကြည့်ဖို့ ကျွန်တော် မေ့နေခဲ့တာပါ။

"သစ်ရွက်လေးကြွေတာ လေရဲ့ ခေါ်ဆောင်မှု ကြောင့်လား ... သစ်ပင်က နေခွင့်မပေးလို့လား"

သစ်ရွက်

ကျောင်းတုန်းက သစ်ရွက်လေးတွေ စုဆောင်းတာကို ဝါသနာပါခဲ့ တယ်။ ဘာလို့လဲဆိုတော့ သစ်ရွက်လေးတွေဟာ နှစ်ရှည်လကြာမှီခိုခဲ့တဲ့သစ်ပင်ကို ခွဲထွက်ရတဲ့ သတ္တိရှိလို့ပဲ။ ကျောင်းတုန်းက ကျွန်မနဲ့ သိပ်ခင်တဲ့ကောင်လေးတစ်ယောက် ရှိခဲ့တယ်။ သမီးရည်းစားလိုမဟုတ်ဘဲ တကယ့် သူငယ်ချင်းကောင်းတစ်ယောက်လို ခင်ခဲ့တယ်။ ဒါပေမဲ့ သူ ပထမရည်းစားရတော့ ကျွန်မမှာ မရှိအပ်တဲ့ ဝန်တိုမှု ၊ ရင်ထဲက နာကျင်မှု တွေ ခံစားခဲ့ရတယ်။ နှစ်လလောက်နေပြီး သူတို့ ပြတ်သွားတော့ ပျော်ရွှင်မှု တွေ သူ မသိအောင်

ကျွန်မ ထိန်းချုပ်ခဲ့တယ်။ ဒါပေမယ့် နောက် တစ်လအကြာမှာ သူ ဒုတိယမြောက်ရည်းစား ရသွားပြန်တယ်။

ကျွန်မ သူ့ကို ချစ်တယ်။ သူလည်း ကျွန်မကို ချစ်တယ်ဆိုတာ ကျွန်မသိတယ်။ ဒါပေမဲ့ သူ ဘာလို့ ကျွန်မကို ဖွင့်မပြောသေးတာလဲ။ နှစ်ယောက်စလုံး ချစ်နေလျက်နဲ့ သူ ဘာလို့ မတုန်မလှုပ်လဲ။ သူ ရည်းစားတစ်ယောက်ပြောင်းတိုင်း ကျွန်မ တစ်ခါရင်နာရတယ်။ ခံစား ရတယ်။ တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကို ပြန်သံသယဖြစ်မိတယ်။ ကျွန်မကပဲ သူ့ကို တစ်ဖက်သတ်ချစ်နေမိတာလား။ ကျွန်မကို မချစ်ဘူးဆိုရင်လည်း ဘာလို့ ကျွန်မအပေါ် သဘောကောင်းနေတာလဲ။ သူသဘောကောင်းတာ တွေဟာ ရိုးရိုးသူငယ်ချင်းထက်တောင် လွန်နေပြီ။ လူတစ်ယောက်ကို ချစ်ရတာ ခံစားရလွန်းပါတယ်။ သူ့ရဲ့ အကြိုက်တွေ၊ အကျင့်တွေ၊ ကျွန်မ အပေါ်ဆက်ဆံမှု တွေကို ကျွန်မ ကောင်းကောင်းနားလည်ခဲ့ပေမယ့် မိန်းကလေးကပဲ အရင်ဖွင့်ပြောရမလားဆိုတာကို ကျွန်မ မခန့်မှန်းတတ်ဘူး။

ဘာပဲဖြစ်ဖြစ်လေ သူဖွင့်ပြောလာမယ့်ရက်ကိုမျှော်ရင်း ကျွန်မ သူ့ဘေးမှာ ပဲ ရှိနေချင်ခဲ့တယ်။ သူ့ကိုပဲ ဂရုစိုက်ချင်တယ်။ ချစ်ချင်တယ်။ ညည သူ့ဖုန်း message ကို မျှော်နေရသလိုပေါ့။ သူ ဘယ်လောက်ပဲအလုပ်တွေရှုပ်ရှုပ် မအားတဲ့ကြားက ကျွန်မအတွက် အချိန်တစ်ချို့ သူ ချန်ထားတတ်သေးတယ်ဆိုတာ ကျွန်မ သိနေတယ်လေ။

ဒီလိုနဲ့ စောင့်စားရင်း သုံးနှစ်လုံးလုံး သူ့ဘေးမှာ ကျွန်မ ရှိနေခဲ့တယ်။ စောင့်မျှော်ရတာ ဟာ ပင်ပန်းလွန်းပါတယ်။ လက်လွှတ်ချင် ပေမယ့်လည်း ရောက်ရှိလာမယ့်ရက်ကို ကြိုတွေးပြီး ကြည်နူးရင်း ဆက်စောင့်မျှော်နေချင်တယ်။ ဒီလို ပင်ပန်းခြင်း၊ နာကျင်ခြင်း၊ ပျော်ရွှင်ခြင်း၊ တွေဝေခြင်းတွေဟာ ကျွန်မနဲ့အတူ သုံးနှစ်လုံးလုံး ရှိနေခဲ့တယ်။ ဒီလိုနဲ့ နောက်ဆုံးစာမေးပွဲဖြေဖို့နီးလာတော့ တခြားအခန်းကကောင်လေး တစ်ယောက် ကျွန်မကို အသဲအသန်ပိုးပန်းတယ်။ စစချင်းမှာ ကျွန်မ ငြင်းဆန်ခဲ့ပါတယ်။ ဒါပေမဲ့ ကောင်လေးဟာ ကျွန်မနှလုံးသားရဲ့ နေရာ တစ်စိတ်တစ်ဒေသကို တဖြည်းဖြည်း စိုးမိုးလာခဲ့တယ်။

ကောင်လေးဟာ နွေးထွေးတဲ့လေလိုပါပဲ။ ကျွန်မရဲ့ နှလုံးသား သစ်ရွက်

လှုပ်ခါအောင် တိုက်ခိုက်နိုင်စွမ်းတယ်။ နောက်တော့ ကျွန်မရဲ့ နှလုံးသားတစ်နေရာစာ မကတော့ပါဘူး။ ကျွန်မရဲ့ နာကျင်ခြင်း၊ စောင့်စားခြင်းတွေနဲ့ ပြည့်နှက်နေတဲ့နှလုံးသားသစ်ရွက်လေးကို လေနဲ့ အတူ ဖျော့ရှင်မယ့်နေရာကို ကောင်လေး ဆွဲခေါ်သွားနိုင်လိမ့်မယ်လို့ ကျွန်မ ယုံကြည်လိုက်မိတယ်။ သစ်ရွက်လေး သစ်ပင်ပေါ်က ကြွေကျသွားခဲ့ပါပြီ။ သစ်ပင်ကတော့ပြုံးနေတယ်။ နေခဲ့ပါလို့လည်း မတားခဲ့ပါဘူး။

"သစ်ရွက်လေးကြွေတာ လေရဲ့ ခေါ်ဆောင်မှု ကြောင့်လား... သစ်ပင်က နေခွင့်မပေးလို့လား"

လေပြည်

ကျွန်တော်ချစ်တဲ့ ကောင်မလေးကို ချစ်စနိုးနဲ့ သစ်ရွက်လို့ ခေါ်ခဲ့တယ်။ သူမက သူချစ်တဲ့သစ်ပင်တစ်ပင်မှာ ခံစားချက်တွေ ဖုံးကွယ်ရင်း မှီခိုပြီးနေတယ်။ ကျွန်တော် လေလုပ်ရတော့မယ်။ သစ်ရွက်လေးဖျော့ရှင်အောင် ကူညီစောင့်ရှောက်ပေးတဲ့ လေလုပ်ရ တော့မယ်။ ကျွန်တော် သူ့ကို စပြီးသတိထားမိတဲ့အချိန်ဟာ ကျွန်တော် ဒီကျောင်းကို ပြောင်းလာပြီး တစ်လအကြာမှာ ပါ။ သေးငယ်တဲ့ သူ့ရဲ့ ကိုယ်လုံးနဲ့ ဘောလုံးကွင်းဘေးမှာ ထိုင်ရင်း မျက်စိတစ်စုံဟာ ဘောလုံးကျင့်နေတဲ့ ကောင်လေးတစ်ယောက်ကို စူးစိုက်ကြည့်နေတတ် တယ်။ သူ တစ်ယောက်တည်းပဲဖြစ်ဖြစ်၊ သူငယ်ချင်းတွေနဲ့ပဲ ဖြစ်ဖြစ် အဲ့ဒီ နေရာလေးမှာ ထိုင်ပြီး ငေးကြည့်နေတတ်တာ အားကစားအချိန်တိုင်းပဲ။ ကောင်လေးက တခြားကောင်မလေးတွေနဲ့ ရယ်မောနေရင် သူ့ရဲ့ မျက်လုံး အိမ်မှာ မျက်ရည်စတွေနဲ့။ ကောင်လေး သူ့ဘက်လှည့်လာပြီဆိုရင် သူ့ရဲ့ မျက်လုံးအိမ်မှာ အပြုံးစတွေနဲ့။ သူ အဲ့ဒီကောင်လေးကို အမြဲ စောင့်ကြည့်နေတတ်သလိုပဲ၊ သူ့ကို အမြဲစောင့်ကြည့်ရမယ့်အလုပ်ဟာ ကျွန်တော့်အတွက် အကျင့်တစ်ခုလို ဖြစ်လာခဲ့တယ်။

တစ်နေ့တော့ ထိုင်နေကျနေရာလေးမှာ သူ့ကိုမတွေ့ လို့ ကျွန်တော့်စိတ်ထဲမှာ စိုးရိမ်မှု တွေ ဝင်ရောက်လာတယ်။ ဘယ်လိုစိုးရိမ်မှု မျိုးလည်းဆိုတာ ကျွန်တော် ပြောမပြတတ်ဘူး။ ဘောလုံးကွင်းထဲမှာ သူ အမြဲစောင့်ကြည့်နေတဲ့ ကောင်လေးလည်း ရှိမနေလို့ ကျွန်တော် စိတ်မချတာနဲ့ သူ့ရဲ့ စာသင်ခန်းဘက်ကို ပြေးလာခဲ့မိတယ်။

အထဲကိုကြည့် လိုက်တဲ့အချိန်မှာ ကောင်လေးရဲ့ ဆူပူသံ၊ သူ့ရဲ့ ရိုက်သံ၊ ကောင်လေးရဲ့ ထွက်ခွာသံကိုကြားမြင်ခဲ့ရတယ်။ နောက်ရက်တွေမှာ သူဟာ အရင်ကလိုပဲ ဘောလုံးကွင်းဘေးမှာ ကောင်လေးကို ငေးနေပြန်တယ်။

ကျွန်တော် သူ့ဘေးကိုလျှောက်သွားပြီး ပြုံးပြလိုက်တယ်။ နောက် စာရွက်တစ်ရွက် ကမ်းပေးလိုက်တယ်။ သူက အံ့ဩတဲ့ပုံစံနဲ့ ကျွန်တော့်ကို ကြည့်တယ်။ နောက် ပြုံးပြီးစာရွက်ကို ယူလိုက်တယ်။ နောက်တစ်နေ့မှာ စာရွက်ခေါက်လေးကိုကိုင်လို့ ကျွန်တော့်နား သူ ရောက်လာတယ်။

"သစ်ရွက်ရဲ့ စိတ်ဟာ လေးနက်ခိုင်မြဲလွန်းတယ်။ လေတိုက်တိုင်း မပါနိုင်ဘူး"

"သစ်ရွက်ရဲ့ စိတ်ဟာ လေးနက်ခိုင်မြဲတာ မဟုတ်ဘူး။ သစ်ရွက် က သစ်ပင်ကိုမခွဲနိုင်တာပါ"

အဲဒီ့လို သူနဲ့ စာအပေးအယူလုပ်ပြီးနောက်ပိုင်း သူ တဖြည်းဖြည်း ကျွန်တော့်ကို စကားပြန်ပြောလာတယ်။ ကျွန်တော်ပေးတဲ့ လက်ဆောင် တွေကို လက်ခံတတ်လာတယ်။ ဖုန်းခေါ်ရင်လည်း ပြန်ပြောတတ်လာတယ်။ သူ ကျွန်တော့်ကို မချစ်နိုင်ဘူးဆိုတာ ကျွန်တော် သိတယ်။ ဒါပေမဲ့ သူ ကျွန်တော့်ကို ချစ်လာနိုင်တဲ့အထိ ကျွန်တော် ခွဲလုံ့လရှိခဲ့တယ်။ သူနဲ့ သိခဲ့တဲ့ လေးလအတွင်း ကျွန်တော့်ချစ်ကြောင်းတွေ ဖွင့်ပြောခဲ့တာ အကြိမ်ပေါင်း မရေတွက်နိုင်ခဲ့ဘူး။ ကျွန်တော်ဖွင့်ပြောတိုင်း သူ စကား လမ်းကြောင်းလွှဲပစ်တတ်တယ်။ ဒါပေမဲ့ ကျွန်တော် လက်မလျှော့ သေးပါဘူး။ ကျွန်တော် သူ့ကို သိပ်ချစ်နေမိပြီလေ။ ချစ်မိရင်ပိုင်ဆိုင်ချင်လာတယ်။ သူ့ရဲ့ အချစ်ကို ရအောင်ယူမယ်လို့ ဆုံးဖြတ်ထား လိုက်မိတယ်။ သူ မချစ်မှန်းသိလျက်နဲ့ သူ အဖြေပေးလာမယ့်ရက်ကို စောင့်စားရင်း ကျွန်တော် သူ့ဘေးမှာ ရှိနေခဲ့တယ်။

"ဘာလုပ်နေတာလဲဟင်။ ကျွန်တော်ပြောတာတွေ ကြားလား။ ဘာလို့ ကျွန်တော့်ကို စကားပြန်မပြောတာလဲ။ မေးတာလည်း ဖြေဦးလေ"

"ကျွန်မ ခေါင်းငြိမ့်နေတယ်"

"ဟင်"

"ကျွန်တော့်နားကျွန်တော် မယုံကြည်နိုင်လောက်အောင်ပဲ . . .

"ကျွန်မ ခေါင်းငြိမ့်နေပါတယ်"

သူ ပြန်အော်ပါတယ်။

ကျွန်တော် ဖုန်းကို ပစ်ချလိုက်တယ်။ အပေါ်အင်္ကျီကို ကောက်စွပ် ပြီး သူ့အိမ်ဘက် ဆိုင်ကယ်အပြင်းမောင်းထွက်ခဲ့တယ်။ အိမ်ရှေ့ဘဲလ်ကို နှိပ်လိုက်ပြီး သူ ထွက်လာချိန်မှာ တော့ သူ့ကို တင်းတင်းလေး ဖက်ထား လိုက်မိတယ်။

"သစ်ရွက်ကြွေတာ လေရဲ့ ခေါ်ဆောင်မှု ကြောင့်လား၊ သစ်ပင်က နေခွင့်မပေးလို့လား"

*

# (၂၉)

## ကျိုးပဲ့သွားတဲ့ နှုတ်ခမ်းနီလေး

### (က)

ညားခါစဇနီးမောင်နှံတွေရဲ့ ဘဝဟာ ပျားရည်စက်လိုပဲ ချိုမြိန် လွန်းလှတယ်။ ဒါပေမဲ့ မကြာလိုက်ပါဘူး။ အဲဒီ့ ချိုမြိန်တဲ့အရသာဟာ ခါးသက်သွားခဲ့ရတယ်။

အမျိုးသမီးက အတွင်းရေးမှူးတစ်ဦးပါ။ အလုပ်ကိစ္စကြောင့် မန်နေဂျာနဲ့အတူ ညစာစားပွဲတွေကို အမြဲလိုလို တက်ရောက်ရတယ်။ တစ်ခါက အခြားကုမ္ပဏီတစ်ခုနဲ့ အလုပ်ကိစ္စ ဆွေးနွေးကြတယ်။ သူက လုပ်နေကျအတိုင်း အချက်အလက်တွေကို ကော်ဖီသောက်ရင်း လိုက်မှတ်နေတယ်။ သူ သောက်တဲ့ ကော်ဖီခွက်မှာ နှုတ်ခမ်းနီရာတွေ ထင်ကျန်တာကိုမြင်တော့ အားတုံ့အားနာဖြစ်ပြီး ပေနေတဲ့ဘက်ကိုမသိမသာ ကိုယ့်ဘက်လှည့်လိုက်မိတယ်။ ဒါကို တစ်ဖက်ကုမ္ပဏီက အတွင်းရေးမှူးမလေးက မြင်ဖြစ်အောင် မြင်လိုက်တယ်။ ဆွေးနွေးပွဲအပြီး သန့်စင်ခန်းထဲမှာ အဲဒီ အတွင်းရေးမှူးမလေးနဲ့ သူ ထိပ်တိုက်တွေ့ကြတယ်။

"နှုတ်ခမ်းနီအရောင်က တော်တော်လှတယ်နော်။ ဒါပေမဲ့ အဲဒီ့ အရောင်တ ဖန်ခွက်ပေါ် ပေကျန်ခဲ့တော့ အရုပ်ဆိုးသွားရော။ ကျွန်မတို့လို အတွင်းရေးမှူးဆိုတာ ကုမ္ပဏီရဲ့ ရှေ့ပြေးပါ။ အဲဒီ့လို ဈေးပေါတဲ့နှုတ်ခမ်းနီကို မသုံးသင့်ဘူး"

သူ မျက်ရည်တွေ ဝေ့တက်လာတယ်။ လက်ထပ်ပြီးနောက်ပိုင်း ကိုယ်ပိုင်အိမ်တစ်လုံး ပိုင်ဆိုင်နိုင်ဖို့အတွက် "အလုပ်လုပ် ငွေစု"ဆိုတဲ့ အရာက သူတို့ဘဝမှာ အရေးအပါဆုံးဖြစ်နေတယ်။ သူ့အတွက် အဝတ်အစားနဲ့ အလှပြင်ပစ္စည်းဆိုတာ အထွေထွေကုန်ကျစရိတ်ထဲက အနည်းဆုံးအရာပါ။ အရွယ်တင်တယ်ဆိုတာ ဂုဏ်ယူဖို့ကောင်းတဲ့ အရင်း အနှီးတစ်ခုလို့ထင်ပြီး ဈေးနှုန်းတွေကို သူ ဂရုမစိုက်ဘဲ အပေါဆုံး နှုတ်ခမ်းနီတွေကိုပဲသူ ဝယ်သုံးဖြစ်တယ်။ ဒါပေမဲ့ ဒီနေ့လိုအဖြစ်အပျက်က သူ့ရင်ကို မခံချင်စိတ်နဲ့ ခံစားချက်တချို့ကို ကိန်းအောင်းခဲ့စေတယ်။

# (၂၉)

## ကိုးပဲ့သွားတဲ့ နှုတ်ခမ်းနီလေး

### (က)

ညားခါစဇနီးမောင်နှံတွေရဲ့ ဘဝဟာ ပျားရည်စက်လိုပဲ ချိုမြိန် လွန်းလှတယ်။ ဒါပေမဲ့ မကြာလိုက်ပါဘူး။ အဲဒီ့ ချိုမြိန်တဲ့အရသာဟာ ခါးသက်သွားခဲ့ရတယ်။

အမျိုးသမီးက အတွင်းရေးမှူးတစ်ဦးပါ။ အလုပ်ကိစ္စကြောင့် မန်နေဂျာနဲ့အတူ ညစာစားပွဲတွေကို အမြဲလိုလို တက်ရောက်ရတယ်။ တစ်ခါက အခြားကုမ္ပဏီတစ်ခုနဲ့ အလုပ်ကိစ္စ ဆွေးနွေးကြတယ်။ သူက လုပ်နေကျအတိုင်း အချက်အလက်တွေကို ကော်ဖီသောက်ရင်း လိုက်မှတ်နေတယ်။ သူ သောက်တဲ့ ကော်ဖီခွက်မှာ နှုတ်ခမ်းနီရာတွေ ထင်ကျန်တာကိုမြင်တော့ အားတုံ့အားနာဖြစ်ပြီး ပေနေတဲ့ဘက်ကိုမသိမသာ ကိုယ့်ဘက်လှည့်လိုက်မိတယ်။ ဒါကို တစ်ဖက်ကုမ္ပဏီက အတွင်းရေးမှူးမလေးက မြင်ဖြစ်အောင် မြင်လိုက်တယ်။ ဆွေးနွေးပွဲအပြီး သန့်စင်ခန်းထဲမှာ အဲဒီ အတွင်းရေးမှူးမလေးနဲ့ သူ ထိပ်တိုက်တွေ့ကြတယ်။

"နှုတ်ခမ်းနီအရောင်က တော်တော်လှတယ်နော်။ ဒါပေမဲ့ အဲဒီ့ အရောင်တ ဖန်ခွက်ပေါ် ပေကျန်ခဲ့တော့ အရုပ်ဆိုးသွားရော။ ကျွန်မတို့လို အတွင်းရေးမှူးဆိုတာ ကုမ္ပဏီရဲ့ ရှေ့ပြေးပါ။ အဲဒီ့လို ဈေးပေါတဲ့နှုတ်ခမ်းနီကို မသုံးသင့်ဘူး"

သူ မျက်ရည်တွေ ဝေ့တက်လာတယ်။ လက်ထပ်ပြီးနောက်ပိုင်း ကိုယ်ပိုင်အိမ်တစ်လုံး ပိုင်ဆိုင်နိုင်ဖို့အတွက် "အလုပ်လုပ် ငွေစု"ဆိုတဲ့ အရာက သူတို့ဘဝမှာ အရေးအပါဆုံးဖြစ်နေတယ်။ သူ့အတွက် အဝတ်အစားနဲ့ အလှပြင်ပစ္စည်းဆိုတာ အတွေတွေကုန်ကျစရိတ်ထဲက အနည်းဆုံးအရာပါ။ အရွယ်တင်တယ်ဆိုတာ ဂုဏ်ယူဖို့ကောင်းတဲ့ အရင်း အနီးတစ်ခုလို့ထင်ပြီး ဈေးနှုန်းတွေကို သူ ဂရုမစိုက်ဘဲ အပေါဆုံး နှုတ်ခမ်းနီတွေကိုပဲသူ ဝယ်သုံးဖြစ်တယ်။ ဒါပေမဲ့ ဒီနေ့လိုအဖြစ်အပျက်က သူ့ရင်ကို မခံချင်စိတ်နဲ့ ခံစားချက်တချို့ကို ကိန်းအောင်းခဲ့စေတယ်။

ခင်မွန်းကို အဲဒီ အဖြစ်အပျက်တွေ သူ ပြောမပြပေမယ့် ဈေးဝယ်ထွက်တိုင်း သူ့စိတ်ဟာ အရင်ကနဲ့မတူဘူးဆိုတာ ကိုယ်တိုင် ခံစားမိတယ်။ တခြား မိန်းကလေးတွေလိုပဲ ကြွားဝါချင်တဲ့ စိတ်ကို လိုက်ဖြည့်မပေးနိုင်တော့ ကျောင်းတုန်းက ငွေကြေးကြောင့် လက်ထပ်ခြင်းကိုရွေးကြတဲ့ မိန်းကလေးတွေကို တော်တယ်လို့ တစ်ခါတလေ သူ တွေးမိတယ်။ အဲဒီလိုသာ သူ ရွေးမိရင် ဒီနေ့လိုအဖြစ်မျိုးကြုံရလိမ့်မှာ မဟုတ်ဘူးလို့လည်း မိုက်မိုက်မဲမဲ တွေးမိပြန်တယ်။ သူ အသုံးမကျလို့ အခုလိုဖြစ်ရတယ်ဆိုတဲ့ အဖုအထစ်လေးတစ်ခုက သူ့ရင်ထဲ နိုဝင်လာတော့တယ်။ သူ့ကို ဖွင့်မပြောပေမယ့် သူနဲ့ပြောဖို့အတွက် သူမရဲ့ စကားတွေဟာ နည်းသထက်နည်းလာတယ်။

ပြောင်းလဲလာတဲ့ သူ့ရဲ့ စိတ်ကို တစ်နေ့မှာ အကောင် အထည်ဖော်လိုက်မိတယ်။ အဲဒီ့နေ့က ကုန်တိုက်တစ်ခုရှေ့အဖြတ် အလှ ပြင်ပစ္စည်းတွေ ပရိုမိုးရှင်းလုပ်နေတာနဲ့ ကြုံတယ်။ အရောင်းစာရေးမ တစ်ယောက်က သူ့ကို လှမ်းတားပြီး ပြင်သစ်ထုတ် နှုတ်ခမ်းနီတစ်တောင့် ထုတ်ပြပြီး သူ့ကို စမ်းစေတယ်။ အရောင်ကလည်း လှ၊ ကြာရှည်ခံပြီး အခြားပစ္စည်းပေါ်မှာ လည်း ပေမကျန်တတ်ကြောင်း အားပါးတရရှင်းပြ တော့ သူ့ရဲ့ လိုချင်တဲ့စိတ်ကို ခင်မွန်းက ရိပ်မိသွားတယ်ထင်ပါရဲ့ ။ ပိုက်ဆံအိတ်ကို သူ ထုတ်လိုက်တယ်။ ဈေးနှုန်းမေးကြည့်တော့ ၈%လျှော့ဈေးဆိုပေမယ့် သူတို့ ဘယ်လိုမှ ထင်မှတ်မထားတဲ့ ဈေးနှုန်းပါ။ ပိုက်ဆံအိတ်ထုတ်နေတဲ့ သူ့လက် တွန့်သွားတယ်။ သူ တစ်ချက် ကြည့်လိုက်ချိန်မှာ ဝမ်းနည်းမှု တစ်မျိုးက သူမရင်ထဲကို တိုးဝင်လာတယ်။ လူတွေကြားထဲက သူ ထွက်ပြေးလာခဲ့မိတယ်။ အဲဒီ့နောက်မှာ တော့ သူတို့ ပထမဆုံးအကြိမ် အကြီးအကျယ် စကားများ ကြတော့တယ်။ နှုတ်ခမ်းနီတစ်ဘူးကြောင့် သူတို့ရဲ့ နွေးထွေးလှပတဲ့ အိမ်ထောင်ရေးဟာ လမ်းဆုံးကို ရောက်သွားရတယ်။

(၁)

နှုတ်ခမ်းနီတွေကို သူမ ပိုင်ဆိုင်လာပေမယ့် ပျော်ရွှင်မှု တွေကိုမပိုင်ဆိုင်နိုင်တော့ဘူး။

ကွာရှင်းပြတ်စဲပြီး သိပ်မကြာဘူး။ ကုန်သည်တစ်ဦးနဲ့ သူမ လက်ထပ်ဖြစ်တယ်။

လက်ထပ်တဲ့နေ့က ခင်ပွန်းဟောင်းဆီက ပါဆယ်ဘူး တစ်ခု လက်ခံရရှိခဲ့တယ်။ အဲဒီ ဘူးလေးကို သူ ဖောက်တောင်မကြည့်ဘဲ ဗီရိုရဲ့ ချောင်တစ်နေရာမှာ ထိုးထည့်ထားလိုက်တယ်။ သူ့ကို ဝမ်းနည်းအောင် လုပ်ခဲ့တဲ့သူကို သတိတောင်မရချင်တော့ဘူး။ ဒုတိယအကြိမ် အိမ်ထောင် ပြခြင်းက သူ့အလိုဆန္ဒအားလုံးကိုဖြည့်ပေးနိုင်တယ်။ အဝတ်အစားက အစ အလှပြင်ပစ္စည်း၊ ဖိနပ်တွေကအဆုံး အားလုံးဟာ နာမည်ကြီး တံဆိပ်တွေပဲ ဖြစ်တယ်။ သူ လိုချင်တဲ့ဘဝနဲ့ ပျော်ရွှင်မှု တွေကို ငွေကြေး တွေနဲ့ ခိုင်းစေနိုင်ပါပြီ။

ခင်ပွန်းဖြစ်တဲ့ကုန်သည်က နံနက်စောစော အိမ်ကထွက်ပြီး ညဥ့်နက်မှ ပြန်လာတတ်တယ်။ တစ်ခါတလေ အိမ်ပြန်မအိပ်တဲ့ညတွေ လည်း ရှိတယ်။ သူ့ ရဲ့ ဖြေရှင်းချက်တွေက အလုပ်များ တယ်၊ အလုပ် ကြောင့်ဆိုတဲ့ စကားတွေပဲ ။ ခင်ပွန်းရဲ့ အင်္ကျီပေါ်မှာ နီရဲနေတဲ့ နှုတ်ခမ်းရာ တစ်ခုကို တွေ့မိမှ အိမ်ပြန်နောက်ကျတာနဲ့ အိမ်ပြန်မအိပ်တဲ့ အဖြစ်တွေကို သူ သဘောပေါက်လိုက်တယ်။ ခင်ပွန်းကိုမေးတော့ စိတ်ပျက်တဲ့ လေသံနဲ့ . . .

"မိန်းမဆိုတာ မိန်းမလိုနေ၊ တခြား ဘာမှလိုက်ပတ်သက်စရာ မလိုဘူး။ အခုလိုနေရတာ နင် ကျေနပ်သင့်တယ်။ စိတ်ဆိုးစိတ်တိုဖို့ မစဥ်းစားနဲ့။ ငါ့ကို နင် လက်ထပ်ခဲ့တာဟာ ငါ့စည်းစိမ်တွေကြောင့်ပဲ မဟုတ် လား။ ချမ်းချမ်းသာသာနဲ့နေစမ်းပါ"

ဂိုန်းခနဲ ဆောင့်ပိတ်သွားတဲ့တံခါးနဲ့ အတူ ခင်ပွန်းဟာ အိမ်ကနေ ထွက်သွားပြီး ရက်အတော်ကြာ ပြန်မလာဘူး။ သူ စိတ်ပျက် လက်ပျက် အော်ရယ်မိတယ်။ ခင်ပွန်းရဲ့ မျက်စိထဲမှာ သူက ကပ်ပါး တစ်ကောင် ဖြစ်နေပါရောလား။

အဝတ်အစားတွေကို ထုတ်သိမ်းနေတုန်း ဗီရိုရဲ့ ချောင်ထဲမှာ ထိုးသိပ်ထားတဲ့ ဘူးတစ်ခုကို သူမ တွေ့လိုက်မိတယ်။ ဖောက်ကြည့် လိုက်တော့ ဟိုးအရင်တုန်းက သူနဲ့ ရှေးဝယ်ထွက်တုန်းက တွေ့ ခဲ့တဲ့ ပြင်သစ်လုပ်နှုတ်ခမ်းနီလေး။ နှုတ်ခမ်းနီဘူးရဲ့ ဘေးမှာ စာလေးတစ်စောင် ...

“နှုတ်ခမ်းနီတစ်ဘူးကြောင့် ငါတို့ လမ်းခွဲရမယ်လို့ တစ်ခါမှ မထင်မိဘူး။ ပြန်စဉ်းစားမိတိုင်း ရင်နာလို့မဆုံးဘူး။ အရင်တုန်းက ထားခဲ့တဲ့ ကတိသစ္စာတွေဟာ မျက်စိရှေ့မှာ တင် မီးခိုးအဖြစ်နဲ့ ပျောက်ဆုံးကြရပြီ။ နင့်ကိုဆုံးရှုံးလို့ ရတဲ့ဒါဏ်ရာတွေဟာ ဒီနေ့အထိ အစိမ်းသက်သက် ရှိနေသေးတယ်။ ဒါတွေကို ပြောနေလို့လည်း အရာမရောက်တော့ပါဘူး။ အိမ်ထောင်သစ်နဲ့ နင် ပျော်နိုင်ပါစေ။ ဒီနှုတ်ခမ်းနီလေးက နင့်အတွက် ကံကောင်းခြင်းတွေ သယ်လာနိုင်ပါစေ”

နှုတ်ခမ်းနီကို အိတ်ထဲထိုးထည့်ပြီး “ပြီးဆုံးခြင်း”ဆိုတဲ့တံခါးကို ဒုတိယအကြိမ် သူ ပိတ်ခဲ့ပြန်တယ်။ အေးစက်တဲ့ အဲဒီ့ လက်ထပ်ခြင်းမိုးက သူ့အတွက် ဘာသံယောဇဉ်မှ ကျန်မနေတော့ပါဘူး။

(ဂ)

တီဗီအစီအစဉ်တစ်ခုမှာ သူ့ ရဲ့ အင်တာဗျူးကို ကြည့်လိုက်ရတယ်။သူဟာ ပြည်တွင်းအလှကုန်ပစ္စည်းဖြန့်တဲ့ ကုမ္ပဏီတစ်ခုကိုတောင် ပိုင်ဆိုင်ထားပါလား။ သူ့ကုမ္ပဏီရဲ့ အဓိကဖြန့်ကုန်တွေဟာ နှုတ်ခမ်းနီပါတဲ့။ ဘာကြောင့် နှုတ်ခမ်းနီတွေပဲ ဖြစ်ရတာ လဲလို့ အင်တာဗျူးသူတွေက မေးတော့ သူက စိတ်ထိခိုက်စွာ နဲ့ . . .

“နှုတ်ခမ်းနီတစ်ဘူးကြောင့် ကျွန်တော့်အိမ်ထောင်ရေး ဆုံးရှုံး ဖူးတယ်။ အဲဒီ နှုတ်ခမ်းနီက ဈေးသိပ်မကြီးပေမယ့် ကျွန်တော် သူ့အတွက် ဝယ်မပေးနိုင်ခဲ့ဘူး။

အဲဒီ့ နှုတ်ခမ်းနီဟာ သူ့အတွက် ဘယ်လောက်အရေးပါသလဲ ဆိုတာ ကျွန်တော်မသိခဲ့ဘူး။ ဈေးပေါတဲ့နှုတ်ခမ်းနီကိုသုံးလို့ ဖန်ခွက်ပေါ် ပေကျန်တဲ့ နှုတ်ခမ်းရာတွေဟာ သူ့စိတ်ကို တော်တော်လေးထိခိုက် စေခဲ့တယ်။ မပေတတ်တဲ့၊ ကပ်မကျန်တတ်တဲ့ နှုတ်ခမ်းနီက သူ့အတွက် လိုအပ်ကြောင်း ကျွန်တော် မသိခဲ့ဘူး။ သူ နောက်အိမ်ထောင်ပြုမယ့်နေ့ ရောက်မှ သူ့ သူငယ်ချင်းဆီက အဖြစ်မှန်တွေကို ကျွန်တော် သိခဲ့ရတယ်။ အဲဒီ့ နှုတ်ခမ်းနီကို ကျွန်တော် ဝယ်ပေးခဲ့ပေမယ့် သူဟာ တခြားသူရဲ့ ဇနီးမယားဖြစ် သွားပါပြီ။ အဲဒီ့ နေ့ကစပြီး နှုတ်ခမ်းနီတွေ ဖြန့်ဖို့၊ ဖန်ခွက်ပေါ်ပေမကျန်တတ်တဲ့

နှုတ်ခမ်းနီတွေကို မိန်းကလေး တိုင်းဝယ်နိုင်ဖို့ လုပ်မယ်လို့ ကျွန်တော် ဆုံးဖြတ်ခဲ့တယ်"

တီဗီဖန်သားပြင်ကို သူမ ငေးစိုက်ကြည့်ရင်း မျက်ရည်တွေက ပါးပြင်ပေါ်ကို အဆက်မပြတ် စီးကျလို့လာတယ်။ သူမလက်ထဲမှာ တင်းတင်းဆုပ်ကိုင်ထားတဲ့ နှုတ်ခမ်းနီလေးတစ်ခုကတော့ ကျိုးပဲ့လို့နေ ပြီလေ။

"မှာ းယွင်း" ပြီးမှ "နောင်တ"ဆိုတဲ့အရာက အမြဲတမ်းလာ ခေါက်တတ်တယ် ဆိုတဲ့အကြောင်း၊ သေးငယ်တဲ့ ပြဿနာတစ်ခုအတွက် ဆုံးဖြတ်ချက်ကြီးကြီး မချမိစေဖို့ ပြောပြချင်ပါတယ်။

နိုင်းနိုင်းစနေ